

တက္ကသိုလ်

# နေလင်းအောင်

# အဝတီးကျွန်၏အတ္ထုပ္ပတ္တိ

စာစဉ် (၁ + ၄)

စာစဉ် (၁)

ဝမ်အင်း၏ ဂူးယဲ့ယီဝမ်းတ

2005

11.10.2016

Alien မှ pdf အဖြစ် စကာန်ဖတ်သည်

Alien-ချစ်စုလှိုင်

သိုင်းစာစဉ်များPAGE


တက္ကသိုလ်
နေလင်းအောင်
စာစဉ်(၁)

## နိုင်ငံတော်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ☆ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက္ကသိုလ်
# နေလင်းအောင်

# အထီးကျန်၏အတ္ထုပ္ပတ္တိ

(စာစဉ်-၁)

စာမူခွင့်ပြုချက် ၅၀၀၅၄၄၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၅၈၄၀၅၀၅

၂၀၀၅ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကောနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း (ဖိုးဝ အော့ဖ်ဆက်)
အမှတ် ၁၄၇-၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

## အခန်း (၁)

## အသက်နှင့်ရင်းရသော ခရီးကြမ်း

ဆောင်းဥတုသည် မြောက်ဘက်တောင်တန်းဒေသဆီသို့ ချဉ်းနင်း ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။

အေးစိမ့်သော လေများလည်း တိုက်ခတ်လာသည်။

ဖြူဖွေးသော နှင်းဖွေးများလည်း ကျဆင်းလာသည်။

ပြည်မမှ လာရောက် ကုန်သွယ်သူများ၊ ဧည့်သည်များ၊ အလည်အပတ် ရောက်လာသူများ အုပ်စုဖွဲ့ကာ မြောက်ဘက် တောင်တန်းမှ အပြန်ခရီး စတင်ချိန်လည်း ဖြစ်ပေသည်။

ထင်ရှားသော တာဟုမြို့တွင် အပြန်ခရီး ပြင်ဆင်နေသူများ ဖြင့် စည်စည်ကားကား ဖြစ်နေသည်။

ထိုအချိန်တွင် အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထား သော လူငယ်တစ်ယောက်သည် မင်းလမ်းမအတိုင်း မြင်းကို စီးနင်း လာသည်။

စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လျှင် လူငယ်က မြင်း

ကို ရပ်တန့်ကာ အောက်သို့ ခုန်ဆင်းလိုက်လေ၏။

'အင်း... လမ်းခရီးအတွက် ရိက္ခာအချို့ ဝယ်မှပဲ'

လူငယ်က တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

ထို့နောက် စီးနင်းလာသော မြင်းဖြူကြီးကို ဆိုင်ရှေ့တွင် ချည်နှောင်ထားပြီး ဆိုင်ထဲဝင်ကာ စားသောက်စရာများ မှာကြားလိုက်၏။

ဆိုင်လုလင်များ ချပေးသည့် စားသောက်ဖွယ်ရာများကို စားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်

'ဟီး ဟီး ဟီး'

မြင်းဟီအသံကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လူငယ်က ဆတ်ခနဲ ထရပ်လိုက်သည်။

သူစီးနင်းလာသည့် မြင်းဖြူကြီး၏ ဟီးသံဖြစ်ကြောင်း နားလည်လိုက်သောကြောင့် ဤသို့ ထရပ်လိုက်ခြင်း ဖြစ်သည်။

ဆိုင်ရှေ့သို့ ခပ်သွက်သွက် အပြေးကလေး ထွက်ကြည့်လိုက်သည်။

လူနှစ်ယောက်သည် မြင်းဖြူကြီးကို ချည်တိုင်မှ ဖြုတ်ကာ မောင်းထုတ်သွားသည်ကို တွေ့မြင်လိုက်ရတော့သည်။

မြင်းဖြူကြီးသည် သခင်မဟုတ်သဖြင့် အတင်း ရုန်းကန်နေ၏။

လူငယ် မျက်မှောင်ကြုတ်သွားသည်။

သူ၏ မြင်းကို ခိုးရန် ကြံစည်ခြင်း ဖြစ်နေသည်။ မည်သူ



လက်ခံနိုင်မည်နည်း။

မြေပေါ် ခြေဆောင့်ကာ ခုန်ထွက်လိုက်၏။

သူ၏ ခန္ဓာကိုယ် မြားတစ်စင်းပမာ ထိုးထွက်လာပြီး ရုန်းရင်းဆန်ခတ် ဖြစ်နေသည့် နေရာဆီသို့ ရောက်ရှိသွားသည်။

မြင်းသူခိုးနှစ်ယောက် လူရိပ်တစ်ခု တိုးဝင်လာသည်ကို မြင်လျှင် တစ်ယောက်က မြင်းဖြူကြီးပေါ် ခုန်တက်လိုက်သည်။

ကျန်တစ်ယောက်က ချက်ချင်းလှည့်ပြီး ရင်ဆိုင်လိုက်သည်။

'မသေချင်ရင် နောက်ဆုတ်လိုက်စမ်း'

အော်ငေါက်ရင်း တိုးဝင်လာသည့် လူငယ်အား ဓားဖြင့် ဆီးကြိုခုတ်ချလိုက်သည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

လူငယ်က တိုးဝင်သည့်အရှိန်ကို မလျှော့ဘဲ လက်ပြန်ပုတ်ထုတ်လိုက်လေ၏။

'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

မြင်းသူခိုးမှာ သူ၏ ဓားဖြင့် သူ၏ရင်ဝကို ပြန်လည်ထိုးသွင်းမိကာ မြေပေါ်ပုံ လျက်သား လဲကျသွားသည်။

ကျန်တစ်ယောက်မှာ ခုခံတိုက်ခိုက်ရန် မစဉ်းစားဘဲ မြင်းဖြူကြီးကို ဇက်ကြိုး တင်းတင်းဆွဲကာ မောင်းနှင်လိုက်၏။

'ဟီး...ဟီး...ဟီး'

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းဖြူကြီးက ရှည်လျားစွာ ဟီကာ ဒုန်းစိုင်းပြေးထွက်သွား၏။

လူငယ် မဲ့ပြုံးပြုံးလိုက်သည်။ မြေပေါ်ခြေဆောင့်ချနန်ကာ လေထဲကျွမ်းပစ်လိုက်လျှင် မြင်းသူခိုးကို မိသွား၏။

ထိုသို့ လျှင်မြန်စွာ လိုက်လာနိုင်လိမ့်မည်ဟု မြင်းသူခိုး မထင်မိချေ။

ကြောက်အားလန့်အားဖြင့် လူငယ်ကို ကြည့်လိုက်စဉ် လူငယ်က လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ရာ

'ဖျောင်း'

'အား'

မြင်းသူခိုးမှာ မြင်းဖြူကြီးပေါ်မှ ပုံပျက်ပန်းပျက် ပြုတ်ကျသွားလေတော့၏။

လူငယ်က မြင်းပေါ် ခုန်တက်လိုက်သည်။

ထို့နောက် မြင်းဇက်ကြိုးကိုဆွဲကာ ဦးလှည့်စေပြီး စားသောက်ဆိုင်ဆီသို့ ပြန်လည် မောင်းနှင်လာခဲ့သည်။

လမ်းပေါ်ဝယ် မြင်းသူခိုးနှစ်ယောက် ပုံလျက်သား လဲကျနေပါ၏။

အဖြစ်အပျက်သည် လျှပ်ပြက်သလို လျှင်မြန်လွန်းလှသည်။

မြင်းခိုးယူရန် ကြိုးသားသူနှစ်ယောက်မှာ လူငယ်၏ လက်ချက်မိကာ မထနိုင်တော့ချေ။

လူငယ်က ထိုအဖြစ်အပျက်မှာ သူနှင့် လားလားမျှ မဆိုင်သည့်အလား စားသောက်ဆိုင်ရှေ့သို့ အရောက်တွင် မြင်းပေါ်မှ ခုန်ဆင်းကာ ဆိုင်ထဲ ဝင်သွားလေတော့သည်။

ယခုတစ်ကြိမ်တွင် မြင်းကို မြင်းချိည်တိုင်၌ ချည်နှောင်ထားခြင်းပင် မပြုတော့ချေ။



လူငယ်ဆိုင်ထဲ ဝင်ရောက်ပျောက်ကွယ်သွားသောအခါ လမ်းထောင့်မှ လူသုံးယောက် ထွက်ပေါ်လာကြသည်။

ထိုလူသုံးယောက်သည် မြေပေါ်၌ လ ကျနေသူနှစ်ယောက်ကို ကြည့်လိုက်ကြ၏။

တစ်ယောက်က ပြောလိုက်၏။

'သူတို့တော့ ကိစ္စပြတ်ပြီ'

ကျန်လူနှစ်ယောက် ခေါင်းညိတ်လိုက်ကြသည်။

ပထမလူက ကျန်နှစ်ယောက်အား မေးလိုက်လေ၏။

'သည်ကောင့် သိုင်းပညာက ကြောက်စရာ ကောင်းအောင် အစွမ်းထက်နေတယ်၊ သူ ဘယ်သူလဲဆိုတာ မင်းတို့ သိကြသလား'

ကျန်လူနှစ်ယောက် ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

ပထမလူက

'သည်ကောင့်ကို ကြည့်ရတာ မြောက်ဘက်တောင်တန်းကို စွန့်ခွာသွားတော့မယ်ပုံရှိတယ်၊ သည်ကောင်ကြောင့် လမ်းခရီးမှာ တို့အစီအစဉ်တွေ ပျက်စီးသွားနိုင်တယ်ကွ'

ထိုအခါ ကျန်လူနှစ်ယောက်အနက် တစ်ယောက်က ပြောလေ၏။

'အိုး သူက ဘာမို့လဲ တို့အလုပ်ထဲ ဝင်ရှုပ်ရင် ရှင်းပစ်လိုက်ကြတာပေါ့၊ အခုတောင် ဟိုနှစ်ယောက်အတွက် သူ့အပေါ်မှာ အကြွေးတင်နေပြီ'

တတိယလူက ထောက်ခံလိုက်သည်။

'ဟုတ်တယ်ကွ၊ သည်ကောင်ကို ရှင်းပစ်မှ နို့မဟုတ်ရင် တို့အတွက် အန္တရာယ် ရှိလာနိုင်တယ်'

ပထမလူက လက်ဇွေ့ယမ်းပြကာ ပြောလိုက်သည်။

'ကဲ သွားကြစို့'

သူသည် စကားဆုံးသည်နှင့် ပြေးထွက်သွားလေ၏။

ကျန်နှစ်ယောက်လည်း ပြေးလိုက်သွားကြသည်။

ထိုလူသုံးယောက်မှာ တစ်ခဏအတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

ကုန်သည်များ ခရီးသွားများသည် ဆောင်းဥတု ဝင်ရောက်လာပြီဖြစ်၍ မြောက်ဘက်တောင်တန်းဒေသကို စွန့်ခွာသွားကြခြင်းဖြစ်သည်။

တာတာမြို့တွင် ကျန်ရှိနေသူများသည် ခရီးစဉ်တူသူ အချင်းချင်း အုပ်စုဖွဲ့ကာ အသုတ်လိုက် အသုတ်လိုက် ထွက်ခွာသွားနေကြ၏။

တာတာမြို့၏ အရှေ့ဘက် လမ်းမကြီးပေါ်ဝယ် မြင်းစီးသမားများ မြင်းလှည်းများကို မကြာခဏ တွေ့မြင်နိုင်သည်။

ဆောင်းကာလ ဝင်ရောက်လာပြီဖြစ်ရာ မြောက်ဘက်တောင်တန်းဒေသတွင် ဆက်ပြီး နေထိုင်မည်ဆိုလျှင် ဆောင်းရာသီကုန်မှသာ ခရီးထွက်၍ရပေတော့မည်။

သို့မဟုတ်လျှင် ယခုအချိန်တွင် အမြန်ဆုံး အပြန်ခရီးနှင်ခြင်းက အကောင်းဆုံးဖြစ်ပေသည်။

ယခုရက်ပိုင်းအတွင်း နှင်းဖွဲများ ကျဆင်းလာပြီး ဖြစ်သော်လည်း ဆိုးဆိုးဝါးဝါး မဟုတ်သေးချေ။

အပြန်ခရီးကို နားနားနေနေ ခရီးနှင်နိုင်သေးသည်။

အအေးဒဏ်ကြောက်သူများသည် နေ့ကော ညပါ ခရီးပြင်း



နှင်ကြ၏။

သို့မှသာ အလွန်အေးသော ဒဏ်က လွတ်ကင်းနိုင်မည် မဟုတ်ပါလော။

အချို့ကား ညတွင် လမ်းခရီး၌ ရပ်နားပြီး နေ့ဘက်တွင် ခရီးဆက်ကြ၏။

မြောက်ဘက်တောင်တန်းဒေသမှ ပြည်မသို့ သွားသည့် ခရီးလမ်းဝယ် တောအုပ်များ၊ စမ်းချောင်းများ၊ တောင်ကုန်းများ အသွယ်သွယ် ရှိသည်။

လူငယ်၏အမည်မှာ ကျင်းဖုံးဖြစ်သည်။

ယခု...

ကျင်းဖုံးသည် တာတာမြို့မှ ထွက်လာခဲ့သည်။

လူတိုင်း လူတိုင်းသည်ဆောင်း ဥတုအအေးဒဏ်ကို ကြောက်ရွံ့ကြသော်လည်း ကျင်းဖုံးအတွက် အထူးအဆန်း မဟုတ်တော့ပါ။

မိုးချုပ်သွားသည်နှင့် သစ်တောတစ်ခုအတွင်းရှိ မြေကွက်လပ်တွင် တစ်ညတာ အနားယူရန် ပြင်ဆင်လိုက်၏။

သစ်ကိုင်း ခြောက်များကို စုပုံကာ မီးပုံရှို့လိုက်သည်။ မြေပေါ်ဟိုတစ်စုသည်တစ်စုကျနေသည့် နှင်းဖွဲများကိုဖယ်ရှား ရှင်းလင်းပစ်ကာ မီးပုံဘေး၌ အိပ်ယာ ခင်းကို ခင်းလိုက်သည်။

အိပ်ယာထက်ဝယ် ကျောခင်းရင်း မျက်လုံးမှိတ်ထားလိုက်၏။

တစ်ညတာ အနားယူရန် ဆုံးဖြတ်ထားသော်လည်း အိပ်စက်၍ ရမည်မဟုတ်မှန်း နားလည်ထား၏။

သူ့အား အတွေးများက လွှမ်းမိုးနေ၏။

ခက်ထန်ကြမ်းတမ်းသော ခရီးလမ်းများ။

ရည်ရွယ်ချက် မရှိသောဘဝ။ အသည်းနှလုံး မရှိသော လူတစ်ယောက်။

သူကြုံတွေ့ ဖြတ်သန်းခဲ့ရသော **ဘဝ။**

သူက တွေးတောနေစဉ်မှာပင် **ထူးခြား**သော အသံများကို ကြားလိုက်ရလေတော့သည်။

'ရူး…ရူး'

အဝေးမှ ဝံပုလွေအူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းဖြစ်သည်။

ကျင်းဖုံး ဆတ်ခနဲ ခေါင်းထောင်လာသည်။

'ဝံပုလွေအူသံတွေပါလား၊ ဆောင်းဝင်ကာစပဲ ရှိသေးတယ်၊ အူသံကြားရတယ်ဆိုတော့ သည်နှစ်ဆောင်းရာသီ အတော့်ကို ပြင်းထန်မယ် ထင်တယ်'

သူက တီးတိုးရေရွတ်မိသည်။

တောင်ပေါ်ဒေသ၌ ဆယ်နှစ်တိုင့်တိုင် နေထိုင်ခဲ့သည့် အတွေ့အကြုံအရ ယင်းကဲ့သို့ တွေးတောဆင်ခြင်မိလိုက်ခြင်းဖြစ်ပေသည်။

အချို့သော ဆောင်းရာသီများတွင် နှင်းမုန်တိုင်းများ အဆက်မပြတ် တိုက်ခတ်ခြင်း၊ နှင်းများ ကြောက်မက်ဖွယ် ကောင်းအောင် ထူထပ်စွာ ကျဆင်းလာခြင်းဖြင့် ရာသီဥတု ပို၍ ဆိုးဝါးပြင်းထန်မှု ရှိပေသည်။

ထိုသို့ ရာသီဥတု အလွန်ဆိုးရွားမည်ဆိုလျှင် ဝံပုလွေကြီးများသည် ဆောင်းဝင်ကာစမှပင် တောင်အောက်သို့ ဆင်းလာတတ်ကြ



သည်။

ကျင်းဖုံး ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်သည်။

ဝံပုလွေကြီးများ၏ ကြောက်မက်ဖွယ်ရာ ကောင်းပုံကို သိရှိထား၏။

ဆုံတွေ့မိပြီဆိုသည်နှင့် မိမိက လက်ဦးအောင် တိုက်ခိုက်နိုင်ဖို့ အရေးကြီးသည် မဟုတ်ပါလား။

ကျင်းဖုံး သတိပြုကြည့်နေစဉ်မှာပင်

'ရူး…ရူး'

'ဝေါင်း'

'အား'

ခပ်လှမ်းလှမ်းမှ စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းဖုံး ဖျတ်ခနဲ ထရပ်ပြီးသား ဖြစ်သွား၏။

ဝံပုလွေများနှင့် လူသားတို့၏ တိုက်ပွဲဖြစ်ပွားနေကြောင်း အသံဗလံများက သက်သေခံနေပါသည်။

အသံဗလံများ ထွက်ပေါ်လာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

'ကယ်တော်မူကြပါ'

သနားစဖွယ် အော်ဟစ်အကူအညီတောင်းကြသော်လည်း နောက်ဆုံးတွင် ဝံပုလွေကြီးများ၏ အစွယ်အောက်တွင် အသက်ပျောက်သွားကြရလေတော့သည်။

စူးစူးဝါးဝါး အော်ဟစ်ကာ ပြေးလာကြသူများသည် ဝံပုလွေကြီးများ၏ လက်ချက်ကြောင့် တစ်ယောက်ပြီးတစ်ယောက် မြေပေါ်

လဲကျသေဆုံးသွားကြပြီ ဖြစ်ပါသည်။

လူတစ်ယောက်သာလျှင် ကံကောင်းထောက်မပြီး လွတ်မြောက်လာသည်။

ထိုလူမှာ အသက် ဆယ့်ရှစ်နှစ်ခန့်ရှိ မိန်းကလေးတစ်ယောက်ဖြစ်သည်။

ထိုမိန်းကလေးသည် ကယ်ကြပါရှင်ဟု အော်ဟစ် အကူအညီတောင်းကာ ကျင်းဖုံးဆီ ဦးတည်ပြေးလာသည်။

ကျင်းဖုံးကား မီးပုံရှေ့ဝယ် မလှုပ်မယှက် ရပ်နေဆဲ။

ခံစားချက်ကင်းမဲ့သည့်အကြည့်ဖြင့် ပြေးလာနေသည့် မိန်းကလေးနှင့် ဝံပုလွေဖြူကြီးများကို ကြည့်နေ၏။

မိန်းကလေးသည် ကျင်းဖုံးအနီးသို့ တက်ရင်း ဟစ်ရင်းရောက်ရှိလာသည်။

သူမက အော်ဟစ်အကူအညီ တောင်းနေသည့် တိုင် ကျင်းဖုံးက တုတ်တုတ်မျှ မလှုပ်ချေ။

'ရှင်…ရှင် မကယ်တော့ဘူးလား'

သူမ အော်ဟစ်လိုက်သည်။

ကျင်းဖုံးကား ငြိမ်သက်နေ ဆဲပင်။ မိန်းကလေးမှာ ထက်ကြပ်မကွာ လိုက်လာသည့် ဝံပုလွေကြီးများကြောင့် မတတ်သာတော့ချေ။

ထို့နောက် သူမသည် မှောက်လျက် လဲကျသွားလေ၏။ သို့ရာတွင် သူမသည် တတ်နိုင်သမျှ ရှောင်တိမ်းနေသည်။

ဝံပုလွေများသည် အချို့က သူမထံ ခုန်အုပ်လိုက်ပြီး အချို့က ကျင်းဖုံးထံ ပြေးဝင်လာကြ၏။

နှင်းတောင်ဝံပုလွေများ မည်မျှ ကြောက်စရာကောင်းသည်ကို



ကျင်းဖုံးကောင်းစွာ နားလည်သဘော ပေါက်ထားသည်။

ဝံပုလွေများ ခုန်ဝင်လာသည်နှင့် ခါးမှ ဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ခုတ်ချပစ်လိုက်၏။

မီးရောင်အောက်တွင် ဝင်းလက် တောက်ပသော ဓားရောင်များ ထွက်ပေါ်လာ၏။

'ကိန်း…ကိန်း'

'အူး'

ဝံပုလွေကြီး သုံးကောင်မှာ ကျင်းဖုံး၏ ဓားချက်အောက်တွင် ကားစနဲ ဖြစ်သွားကြသည်။

နောက်ထပ် ပြေးဝင်လာသည့် ဝံပုလွေများလည်း မရှုမလှခံလိုက်ရပြန်သည်။

ဝံပုလွေများမှာ ကျင်းဖုံးကို တရကြမ်း ဝင်ရောက်တိုက်ခိုက်ခြင်း မပြုဝံ့ကြတော့ပါ။

တဂီးဂီး မာန်ဖီရင်း ဘေးမှ လှည့်ပတ်ကိုက်ခဲနိုင်မည့် အခွင့်အရေးကို ချောင်းမြောင်းနေကြလေသည်။

ထိုအချိန်တွင် မိန်းကလေးသည် ဝံပုလွေများကို ရှောင်တိမ်းရင်း ကံကောင်းထောက်မစွာပင် မီးပုံနံဘေး ရောက်ရှိသွားသည်။

မီးစွဲလောင်နေသည့် သစ်ကိုင်းတစ်ကိုင်းကို ဆွဲယူကာ မောင်းထုတ်လိုက်၏။

'သွားကြစမ်း'

အသံကုန်အော်ဝေါက်ရင်း မီးစွဲလောင်နေသော သစ်ကိုင်းကို ဝှေ့ယမ်းလိုက်သည်။

ဝံပုလွေများသည် မီးအရှိန်ကြောင့် လန့်ဖျန့်ပြီး မိန်းကလေး

ကို တိုက်ခိုက်ပုံခြင်း မရှိကြတော့ချေ။

မိန်းကလေး အားတက်သွားသည်။

မီးပုံထဲမှ မီးလောင်နေသည့် နောက်ထပ် သစ်ကိုင်းခြောက်များဆွဲယူကာ

'ရှူး…ရှူး'

'သွားကြစမ်း'

အော်ငေါက်ရင်း ဝံပုလွေကြီးများကို မောင်းထုတ်နေသည်။

ဝံပုလွေကြီးများသည် အကြမ်းဖက် တိုက်ခိုက်၍ မရမှန်းသိကြရာ နံဘေးမှ လှည့်ပတ်ရင်း တိုက်ခိုက်နိုင်မည့် အခွင့်အရေးကို ချောင်း မြောင်းနေကြလေတော့သည်။

ကျင်းဖုံးကော မိန်းကလေးပါ ဝံပုလွေဖြူကြီးများ၏ ဝိုင်းရံထားခြင်း ခံရနေသည်။

ဝံပုလွေဖြူကြီးများသည် မည်မျှကြာကြာ ဝိုင်းရံထားကြမည်နည်း။

ကျင်းဖုံးက မီးအရှိန် တဖြည်းဖြည်း လျော့ကျလာနေသည့် မီးပုံဆီသို့ လှမ်းကြည့်လိုက်သည်။

မီးအရှိန်သေသွားသည်နှင့် ဝံပုလွေများ တိုက်ခိုက်လာကြတော့မည် ဖြစ်ကြောင်းနားလည်ထား၏။

တောအုပ်ထဲမှ နောက်ထပ် ဝံပုလွေများ ထွက်ပေါ်လာကြပြန်သည်။

ဝံပုလွေများ တစ်စထက်တစ်စ များပြားလာသည်။

ဤအတိုင်းဆိုလျှင် အချိန်ကြာလေလေ အန္တရာယ်ပိုကြီးလာလေလေ ဖြစ်မည်ဟု ကျင်းဖုံး တွက်ဆမိသည်။



ရုတ်တရက် သူစီးနှင်လာသည့် မြင်းဖြူကြီးကို သတိရလိုက်၏။

သူ၏ မြင်းကြီးသည်…

ထိုစဉ်မှာပင်

'ဟီး…ဟီး…ဟီး'

မြင်းဟီသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

တဖျောင်းဖျောင်းမြည်အောင် ပြေးလွှားသွားသည့် မြင်းခွာ ‌ံကို ကြားလိုက်ရ၏။

မြင်းဖြူကြီးမှာ အန္တရာယ်ကြောင့် သူ့အား စွန့်ခွာထွက်ပြေး ွားပြီဖြစ်ကြောင်း သိလိုက်ရ၏။

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

ဝံပုလွေများကို မောင်းထုတ်နိုင်ခြင်း မရှိလျှင် ဤနေရာမှ ွက်သွားရန် မဖြစ်နိုင်တော့ဟု နားလည်လိုက်သည်။

သူက မိန်းကလေးအား တစ်ချက် လှမ်းကြည့် လိုက်သည်။

မိန်းကလေးသည် မီးစွဲလောင်နေသည့် သစ်ကိုင်းနှစ်ခုကို ဝှယမ်းကာ ဝံပုလွေများကို မောင်းထုတ်နေ၏။

ဝံပုလွေများ အဝေးသို့ ပြေးသွားအောင် မောင်းထုတ်သည်နှင့် တူဘဲ ဒေါသထွက်လာအောင် ဆွပေးသည်နှင့် တူလှသည်ဟု ွးကာ နှာခေါင်းရှုံ့မိလိုက်သည်။

မိန်းကလေးသည် သူ့အား ဂရုမစိုက်ပါ။

ဝံပုလွေများ ထွက်ပြေးလို ထွက်ပြေးငြား မောင်းထုတ်နေ ည်။ အသနားခံ အော်ဟစ်အကူအညီတောင်းနေသည်ထက် ‌လျှင် ယခုလို တတ်စွမ်းရွေ့ ခုခံနေခြင်းက တော်သေးသည်ဟု

မိန်းကလေး ယူဆထားဟန်ရှိ၏။

ကျင်းဖုံးသည် ဝံပုလွေများကို မောင်းထုတ်နိုင်မည့် နည်းလမ်းကို စဉ်းစားလိုက်၏။

တစ်ခဏအတွင်းပင် နည်းလမ်းတစ်ခုကို စဉ်းစားမိလာမိသည်။

မိန်းကလေးကို ကြည့်ကာ လှမ်းချက်မိသည်။

'ဗျို့ မိန်းကလေး၊ ကျုပ်က ဝံပုလွေတွေကို ထိန်းထားမယ် မင်းက ထင်းခြောက်တွေ ကောက်ပြီး မီးပုံထဲ ထည့်ပေးပြီး အရှိန် ကောင်းအောင် လုပ်ပါ'

မိန်းကလေးကမူ သူ့အား လှည့်ကြည့်လာသည်။

သူမ၏ အကြည့်တွင် မကျေနပ်သည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

သို့သော် ဘာမျှ ပြန်မပြောချေ။

'ကျား'

ကျင်းဖုံးသည် ညာသံပေးကာ ဓားကို ဝှေ့ယမ်းရင်း ဝံပုလွေများကို စတင် တိုက်ခိုက်လိုက်လေတော့၏။

ဝံပုလွေများသည် မာန်ဖီကာ ခုန်အုပ်လာကြသည်။

ကျင်းဖုံးသည် ဓားကို အဆက်မပြတ် ဝှေ့ယမ်းရင်း ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

လူသားနှင့် ဝံပုလွေတိုက်ပွဲ ဖြစ်ပေါ်လာသည်။

'ဝုန်း'

'ကိန်...ကိန်'

ဝံပုလွေများသည် ကျင်းဖုံး၏ ဓားချက်ကြောင့် မြေပေါ်



အတုံးအရုန်း လဲကျကုန်သည်။

ဝံပုလွေများ နောက်ဆုတ်သွားချိန်ဝယ် ကျင်းဖုံးက

'ထင်းခြောက်တွေ ကောက်ပြီး မီးပုံထဲ မြန်မြန်ထည့်လေ၊ ဘာငိုင်နေတာလဲ'

မိန်းကလေးအား အော်ပြောလိုက်လေသည်။

မိန်းကလေး နှာခေါင်းရှုံ့လိုက်သည်။

'ရှင်ခိုင်းတိုင်း ကျွန်မ လုပ်ရမှာလား'

သူမက မချေမငံ ပြန်ပြောလေတော့သည်။

ကျင်းဖုံး ဒေါပွသွားသည်။

သူက မိန်းကလေးအား စေ့စေ့ကြည့်လိုက်ပြီး။

'ကောင်းပြီ မင်းတစ်ယောက်တည်း ဝံပုလွေတွေကြားထဲမှာ နေရစ်ခဲ့ပေတော့၊ ငါထိုးဖောက်သွားတော့မယ်'

ပြောပြောဆိုဆို ချဉ်းကပ်လာသည့် ဝံပုလွေများကို တိုက်ခိုက်လိုက်ပြန်၏။

ကျင်းဖုံးက ထွက်သွားတော့မည်ဟူသော စကား ကြားရသော အခါ မိန်းကလေးမျက်လုံးပြူးသွားလေသည်။

'ကျွန်မကို မထားခဲ့ပါနဲ့ရှင်'

ကပျာကယာ တောင်းပန်လာသည်။

မြေပေါ်၌ ပြန့်ကျဲနေသည့် သစ်ကိုင်းခြောက်များ လျှင်မြန်စွာ ကောက်ယူကာ မီးပုံထဲ ပစ်ထည့်လိုက်လေတော့သည်။

သစ်ကိုင်းခြောက်များကို ကောက်ယူနေစဉ် ဝံပုလွေအချို့က သူမအား တိုက်ခိုက်ရန် ကြိုးစားကြပါ၏။

'ယား'

ကျင်းဖုံးက ညာသံပေးရင်း အခွင့်အရေး မပေးဘဲ တရကြမ်း တိုက်ခိုက်လိုက်၏။

ဝံပုလွေများမှာ ကျင်းဖုံးအနီးသို့ မကပ်ဝံ့အောင် ဖြစ်သွားကြတော့၏။

ကျင်းဖုံးအား ခုန်အုပ်ကိုက်ခဲရန် ကြိုးစားလေတိုင်း ကျင်းဖုံး၏ ဓားချက်မိကာ သေဆုံးသွားကြရသည် မဟုတ်ပါလား။

မိန်းကလေးက မီးပုံထဲ သစ်ကိုင်းခြောက်များ အဆက်မပြတ် ထည့်ပေးနေခြင်းကြောင့် မီးတောက်မီးလျှံများ တစ်စထက်တစ်စ အားကောင်းလာသည်။ ဝန်းကျင်တွင် မီးရောင်ထိန်ထိန်လင်းသွား၏။

ကျင်းဖုံးက မိန်းကလေးအား အော်ဟစ်ပြောလိုက်၏။

'မီးလောင်နေတဲ့ သစ်ကိုင်းခြောက်တွေနဲ့ ဝံပုလွေတွေကို ပစ်လိုက်စမ်း'

ယခုတစ်ကြိမ် မိန်းကလေးသည် ခွန်းတုံ့ပြန် ပြောဆိုခြင်း မပြုတော့ပါ၊ ကျင်းဖုံးစေခိုင်းသည့်အတိုင်း ပြုလုပ်လိုက်လေသည်။

'ကဲဟယ်...ကဲဟယ်'

မီးလောင်နေသည့် သစ်ကိုင်းခြောက်များသည် လေထုကို ဖြတ်သန်းသွားစဉ် တဟူးဟူး မြည်သံများ ထွက်ပေါ်လာ၏။

မိန်းကလေးက အဆက်မပြတ် ပစ်ပေါက်လိုက်သည်ဖြစ်ရကား မြေပေါ်ပြုတ်ကျသွားသည့်တိုင် ဆက်၍ မီးလောင်နေရာ အနှံ့အပြား မီးတောက်မီးလျှံများ ထွက်ပေါ်လာလေတော့သည်။

ဝံပုလွေဖြူကြီးများမှာ ကြောက်စရာ ကောင်းလှသည် မှန်သော်လည်း သူတို့ကလည်း မီးကို ကြောက်ကြသည်။

နေရာအနှံ့အပြားတွင် မီးတောက်မီးလျှံများ ထွက်ပေါ်လာ



ခြင်းကြောင့် နောက်သို့ ကစဉ့်ကလျား ဆုတ်ကုန်ကြ၏။

ကျင်းဖုံးကလည်း ဓားတစ်လက်ဖြင့် မရပ်မနား တိုက်ခိုက်လိုက်လေရာ တအောင့်မျှ ကြာလျှင်

'ဝူး...ဝူး...ဝူး'

ဝံပုလွေကြီးများသည် ဆွဲဆွဲငင်ငင် အူသံပေးကာ နောက်ဆုတ်ထွက်ပြေးသွားကြလေတော့သည်။

'အင်း'

ကျင်းဖုံး သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက် သူက ဓားကို ဓားအိမ်ထဲ ပြန်လည် ထိုးသွင်းထားလိုက်သည်။

သူ၏ မျက်လုံးအစုံသည် ကြောက်လန့်တကြား ထွက်ပြေးသွားသည်။သူ့၏ မြင်းကြီး ပျောက်ကွယ်သွားရာဘက်ဆီသို့ ကြည့်လိုက်၏။

သူ၏ မြင်းဖြူကြီးအား ပြန်လည် ရရှိနိုင်တော့မည် မဟုတ်ကြောင်း သူ နားလည်သဘောပေါက်သည်။

ကျင်းဖုံး ပင့်သက်ရှိုက်လိုက်၏။

မြင်းမရှိ၍ ရှေ့ခရီးဆက်ရန် လွယ်ကူမည် မဟုတ်ပါ။

မိန်းကလေးနှင့် အဖော်များ သူရှိရာသို့ ပြေးလာခြင်းမပြုလျှင် ဝံပုလွေများ သူ့ထံ ရောက်လာမည် မထင်ပါချေ။

ယခုတော့...

ကျင်းဖုံးက မိန်းကလေးအား မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်၏။

ထိုအခါ

'အဟင့်...ဟင့်'

မိန်းကလေးသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုကြွေးနေသည်ကို တွေ့လိုက်ရ၏။

သူမ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကြောင့် ထိတ်လန့်တုန်လှုပ်နေသလို သူမ၏ အဖော်များအတွက် ဝမ်းနည်းကြေကွဲနေပုံရသည်။

ကျင်းဖုံးသည် မိန်းကလေးကို ကြည့်ရင်း အော်လိုက်လေ၏။

'တိတ်စမ်း'

သူ၏ အော်သံမှာ ဒေါသသံပါသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မိန်းကလေးမှာ လန့်ဖျပ်သွားသည်။

ကျင်းဖုံးကိုလည်း လှမ်းကြည့်လာလေ၏။

ကျင်းဖုံး အေးစက်မာကျောစွာ ပြောလိုက်၏။

'မင်း ထပ်ပြီး ငိုနေမယ်ဆိုရင် မင်းကို ငါ သတ်ပစ်လိုက်မယ်'

'ရှင်'

မမျှော်လင့်သော စကားကြောင့် မိန်းကလေးပါးစပ်အဟောင်းသားဖြစ်သွားလေတော့၏။

တစ်ဆက်တည်းမှာပင် ကျင်းဖုံးအား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

ကျင်းဖုံးက ထပ်မပြောတော့ပါ။

မြေပေါ်၌ ခင်းထားသည့် အိပ်ယာလိပ်ကို ခေါက်သိမ်းလိုက်၏။

သူ၏ ပစ္စည်းပစ္စယာများကို ယူကာ နေရာမှ ထွက်သွားတော့မည်ဖြစ်ကြောင်း ထင်ရှားလှပေသည်။



မိန်းကလေးသည် ကျင်းဖုံးအား ကြည့်ရင်း ဒေါသထွက်လာသည်။

သူမက လက်ညှိုးထိုးရင်း ရန်တွေ့လေတော့၏။

'ရှင် ရှင် သနားညှာတာစိတ် ကင်းမဲ့လှချည်လား၊ ရှင်ဟာ လူတစ်ယောက်မှ ဟုတ်ရဲ့လား'

ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

မိန်းကလေးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

သူမသည် မီးပုံဘေးဝယ် ကပိုကရိုကလေး ရပ်နေပါသည်။ လက်ထဲ၌ သစ်ကိုင်းခြောက်တစ်ခု ကိုင်ထား၏။

သူမ၏ အဝတ်အစားများမှာ အချို့နေရာတွင် ဝံပုလွေများ၏ ကိုက်ဆွဲမှုကြောင့် စုတ်ပြဲနေသည်။

ဒေါသထွက်နေသည့် ပုံပြင် ထဲမှ မီးနတ်သမီးနှင့် တူသည်ဟု ကျင်းဖုံး ထင်မှတ်မိလိုက်သည်။

မိန်းကလေးမှာ ချောမောလှပသူလေး ဖြစ်သည်။

ချမ်းသာ ကြွယ်ဝသည့် မိသားစုမှ ဆင်းသက်လာသူ ဖြစ်ပုံရသည်။

'ဟင်း'

ကျင်းဖုံး သက်ပြင်းတစ်ချက် မသိမသာ ချလိုက်မိသည်။

ထို့နောက် ချာခနဲ လှည့်ကာ သူ၏ ပစ္စည်းများအား ဆက်၍ သိမ်းဆည်းနေလိုက်၏။

မိန်းကလေးက သူ့အနီးသို့ ခပ်သွက်သွက် ချဉ်းကပ်လာပါသည်။

ထို့နောက် တစ်ဆက်တည်းမှာပင် ခံပြင်းသော လေသံဖြ
မေးလာသည်။

'သည်မယ်ရှင့် လူတစ်ယောက် ဒုက္ခရောက်နေတာကို တေ
လျက်သားနဲ့ ရှင်က ဥပေက္ခာပြုနိုင်တယ် ဟုတ်လား'

ကျင်းဖုံးက ဘာမှ မပြောချေ။

မိန်းကလေးက

'ရှင်ဟာ ဝံပုလွေတစ်ကောင်လိုပဲ ရိုင်းစိုင်းရက်စက်တဲ့ လူတ
ယောက်ပဲ'

ဒေါသတကြီးပြောပြီး မြေပေါ် ခြေပစ်လက်ပစ်ထိုင်က
ငိုကြွေးလေတော့သည်။

ရုတ်တရက် ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏
မိန်းကလေးဘက် ချက်ချင်း လှည့်ကာ အော်လိုက်မိသည်

'မငိုနဲ့ တိတ်စမ်း'

ငိုသံကြားရသောအခါ သူ၏ မျက်နှာရှုံ့မဲ့နေ၏။

တစ်စုံတစ်ခုသော ဝေဒနာပြင်းပြင်းထန်ထန် ခံစားလိုက်
ရသလိုမျိုး ဖြစ်၏။

မိန်းကလေးက ကျင်းဖုံးကို အရေးမစိုက်ချေ။

'ကျွန်မဘာသာ ငိုတာ ဘာဖြစ်သလဲ'

နှုတ်လှန်ထိုးကာ ဆက်၍ ငိုကြွေးနေ၏။

သူမ၏ မျက်နှာကလေး နီရဲနေ၏။

ကြည်လင်ဝိုင်းစက်သော မျက်ဝန်းအစုံမှ မျက်ရည်မျ
တစ်ပေါက်ချင်း လိမ့်ဆင်းကျလာသည်မှာ ပန်းချီဆန်လှပေသည်

ကျင်းဖုံးသည် မျက်လုံးကြီးများ ပြူးထွက်လာကာ မိန်းကလေ



ကို ငေးကြည့်နေပါ၏။

မိန်းကလေးမှာ ကျင်းဖုံးကိုပင် အမှုမထားနိုင်တော့ဘဲ
ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

ဝံပုလွေများ လက်ချက်ကြောင့် သေဆုံးသွားရသည့် သူမ၏
အဖော်များအကြောင်းတွေးကာ ဝမ်းနည်းကြေကွဲလာဟန် ရှိသည်။

ကျင်းဖုံးသည် သူမအား ငေးစိုက်ကြည့်ရင်း လူတစ်ယောက်
၏ ရုပ်လွှာကို မြင်ယောင်လာသည်။

အော်ဟစ်ငိုယိုနေသည့် အမျိုးသမီးတစ်ယောက်၏ မျက်နှာ
ဖြစ်ပေသည်။

ကျင်းဖုံး၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာသည်။

'မ မငိုပါနဲ့'

ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်၏။

ယခုတစ်ကြိမ် သူ၏ အသံမှာ လွန်စွာမှပင် နူးညံ့ပျော့ပြောင်း
နေ၏။ မိန်းကလေးကား သတိ မပြုမိပါ။

မိန်းကလေးသည် ရှိုက်ကြီးတငင် ငိုကြွေးမြဲ ငိုကြွေးနေပါ
သည်။ ကျင်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

မိန်းကလေး၏ ငိုညည်းသံသည် သူ၏ နားထဲဝယ် သံရည်
ပူဖြင့် လောင်းချသလို ခံစားလာရသည်။

ငိုသံကြောင့် မထိန်းနိုင်အောင် စိတ်လှုပ်ရှားလာ၏။

'မင်း...'

ကျယ်လောင်စွာ တစ်ချက် အော်ဟစ်လိုက်ပြီး ဓားကို ဆွဲ
ထုတ်ကာ မိန်းကလေးအား ခုတ်ချလိုက်ဟန် ပြင်လိုက်သည်။

ရုတ်တရက် မိန်းကလေး အငိုတိတ်သွားသည်။

ကျင်းဖုံးကို ကြောက်ရွံ့စွာ ကြည့်နေ၏။
ကျင်းဖုံး ကပျာကယာ စိတ်ထိန်းချုပ် လိုက်ရသည်။
သူ့ဓားသည် မိန်းကလေး ကိုယ်ပေါ်သို့ မကျပါ။
မိန်းကလေးအား စိုက်ကြည့်ရင်း ခပ်ပြတ်ပြတ် ပြောလိုက်မိသည်။

'မင့်နဲ့ ငိုတဲ့လူကို ကျုပ်မုန်းတယ်'

မိန်းကလေး မငိုရဲတော့ပါ။

ကျင်းဖုံးသည် ဝံပုလွေဖြူကြီးများထက် ပို၍ ကြောက်စရာကောင်းသူဖြစ်ကြောင်း သူ နားလည်သဘောပေါက်သွားပြီ မဟုတ်ပါလား။ ကျင်းဖုံးသည် သူ၏ ပစ္စည်းများကို ကျောပိုးအိတ်ထဲ သိမ်းကြုံးထည့်လိုက်သည်။

ထို့နောက် ကျောပိုးအိတ်ကို ပခုံးတွင် ချိတ်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခဲ့လေတော့သည်။

မိန်းကလေးမြေပေါ်တွင် ကုံ့ကုံ့လေး ထိုင်လျက်...။

တရွေ့ရွေ့ဝေးသွားသည့် ကျင်းဖုံး၏ နောက်ကျောကို တအံ့တသြ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့၏။

ထိုနေ့ညအဖို့ ဝံပုလွေဖြူကြီးများ နောက်ထပ် ရောက်လာခြင်း မရှိတော့ပါ။ ကံကောင်းသည်ဟု ဆိုရမည် ဖြစ်ပါသည်။

***



## အခန်း (၂)
## သွေးစား၏ အာဃာ

ငါးရက်ဟူသော အချိန် ကုန်ဆုံးသွားလေ၏။

မြောက်ဘက် တောင်တန်းဒေသမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့စပြုနေပြီ ဖြစ်ပါသည်။

အအေးဓာတ် လျော့ပါးသွားသည်။

အရပ်လေးမျက်နှာတွင် နွေးထွေးသော နေရောင်ခြည် ဖြာကျနေသည်ကို တွေ့မြင်နိုင်သည်။

တောင်တန်းဒေသမှ မြေပြန့်သို့ သွားရာလမ်းတစ်လျှောက် စိမ်းလန်းသော တောအုပ်များ၊ ကွင်းပြင်၊ မြစ်ချောင်း၊ အင်းအိုင်များ ပေါများစွာ တည်ရှိနေပါ၏။

လယ်ကွင်းများ၊ ယာမြေများ ပေါများပြီး ကျေးရွာများနှင့် မြို့ကလေးများလည်း ရှိနေသည်။

ကျောက်တုံးမြို့သည် များစွာသော မြို့ကလေးများအနက်မှ တစ်မြို့ အပါအဝင် ဖြစ်သည်။

ကျင်းဖုံးသည် ငါးရက်တိုင်တိုင် ခရီးပြင်းနှင်လာခဲ့ပြီးနောက်

ကျောက်တုံးမြို့သို့ ရောက်ရှိလာလေသည်။

မြို့သူမြို့သားများသည် ပျော်ပျော်ရွှင်ရွှင် နေတတ်ကြပုံရ၏၊ လမ်းများပေါ်ဝယ် လူစည်ကားနေသည်။

မြို့သူမြို့သားများသည် ဝတ်ကောင်းစားလှ ဝတ်ဆင်က ရယ်ရယ်မောမော စကားပြောဆိုရင်း လျှောက်သွားနေကြ၏။

မင်းလမ်းမ၏ ဘေးတစ်ဘက်တစ်ချက်ရှိ စားသောက်ဆိုင် များ ဈေးဆိုင်များမှ ဆိုင်လုလင်များ၏ လာပါယူပါ ဖောက်သည် ခေါ်သော အသံများ စီစီညံနေသည်။

ကျင်းဖုံးသည် ကျောပိုးအိတ်ကို လွယ်ကာ ဟိုဟိုသည်သည် ကြည့်ပြီး လျှောက်သွားနေ၏။

လမ်းဘေးရှိ စားသောက်ဆိုင်များမှ မွှေးကြိုင်သော ဟင်းနံ့ များ လွင့်ပျံ့လာနေပါသည်။

ကျင်းဖုံး၏ ဝမ်းဗိုက်ထဲ ဆာလောင်လာသည်။

သူသည် အလျင်စလို ခရီးသွားရန် လိုအပ်နေသူ မဟုတ်ပါ။ ထို့ကြောင့် စားသောက်အနားယူပြီးမှ မြင်းတစ်ကောင်ရှာဝယ်ကာ ခရီးဆက်ရန် ဆုံးဖြတ်လိုက်၏။

အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ လှမ်းဝင်လိုက် သည်။

ဆိုင်လုလင်များ ပျာပျာသလဲ ကြိုဆိုကြပါသည်။

'ကြွပါဆရာလေး ကြွပါ၊ ကျွန်တော်တို့ ဆိုင်မှာ အကောင်း ဆုံး စားသောက်စရာတွေ ရနိုင်ပါတယ် ခင်ဗျာ'

ကျင်းဖုံးအား ဂိတ်ခေါ်ကာ ပြတင်းပေါက်နှင့် ကပ်လျက်ရှိ သည့် စားပွဲတစ်လုံး၌ နေရာချပေးလိုက်ကြသည်။



ကျင်းဖုံးက ဟင်း သုံးပွဲနှင့် ထမင်းမှာလိုက်၏။

ဆိုင်လုလင်များက ချက်ချင်း ယူလာပေးသည်။

ဆိုင်ထဲဝယ် လူရှင်းနေခြင်းကြောင့် ကျင်းဖုံးအေးအေးဆေး ဆေး စားသောက်နိုင်ပါ၏။

သူစားသောက်နေချိန်မှာပင် နောက်ထပ် စားသောက်မည့် သူများ တစ်ယောက်ပြီးတစ်ယောက် ဆိုင်ထဲ ဝင်လာကြသည်။

တစ်ခဏအတွင်းပင်...

တစ်ဆိုင်လုံး စည်စည်ကားကား ဖြစ်သွားလေတော့သည်။

စားသောက်ဖွယ်ရာများကား အမှန်ပင် အရသာရှိလှသည်။ ကျင်းဖုံး ကျေနပ်သွား၏။

စားသောက်ပြီးစီးသွားသည်နှင့် ကျသင့်ငွေ ပေးချေကာ ဆိုင် ထဲမှ ထွက်လာခဲ့သည်။

ဆိုင်ပေါက်ဝသို့ ရောက်လျှင်

'သနားကြပါခင်ဗျာ'

အသံစူးစူးလေးတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေသည်။

ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ အသက်ဆယ်နှစ်ခန့်ရှိ ကောင်လေးတစ်ယောက် သည် ခွက်ကလေးတစ်လုံးကိုင်ကာ တောင်းရမ်းဖို့ ဆိုင်ရှေ့သို့ ရောက် လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုကောင်လေး၏ အဝတ်အစားများ စုတ်ပြဲကာ တစ်ကိုယ် လုံး ညစ်ပတ်ပေကျံနေသည်။

အစာရေစာ ဝဝလင်လင် မစားရသည့်အလား အရိုးပေါ် အရေတင် ပိန်ချုံးနေသည်။

ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူ၏ မျက်နှာချက်ချင်း ခက်ထန်တင်းမာသွားသည်၊ တစ်ချိန်တည်းပင် သူ၏ မျက်လုံးအစုံသည် ဖျော့တော့ရီဝေသွားလေသည်။

ထိုစဉ်မှာပင်

'ဟော့...သွား သွား'

'ဆိုင်ရှေ့မှာ လာမရှုပ်နဲ့ သွားစမ်း'

ဆိုင်လုလင်များ၏ အော်ငေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းဖုံး သတိဝင်လာပြီး လှမ်းကြည့်လိုက်သည်။

ထိုအခါ ဆိုင်လုလင်များသည် ညစ်ညစ်ပေပေ ကောင်လေးအား ရိုက်ထုတ်နေကြသည်။

'ရပ်လိုက်'

မည်သို့ ပြုလုပ်မည်ကို မဆုံးဖြတ်နိုင်သေးမီ သူ၏ နှုတ်ဖျားမှ ဟန့်တားသံ လွှတ်ခနဲ ထွက်သွားသည်။

ဆိုင်လုလင်များသည် သူ့အား လှည့်ကြည့်လာကြသည်။

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

အိတ်ထဲမှ ငွေတုံးကလေး တစ်တုံး နှိုက်ယူကာ ဆိုင်လုလင်အား ပြောလိုက်လေ၏။

'သူ့ကို စားစရာတချို့ ပေးလိုက်ပါ'

'ဟင်'



'ဟာ'

ဆိုင်လုလင်များ တအံ့တသြ ဖြစ်သွားကြသည်။

တစ်ဆက်တည်းမှာပင် ကျင်းဖုံးအား အထူးအဆန်းသဖွယ် ဝိုင်းကြည့်လိုက်ကြ၏။

ကျင်းဖုံး စိတ်မရှည် ဖြစ်လာသည်။

'မင်းတို့ ဘာငိုင်နေကြတာလဲ'

သူက ခပ်ငေါက်ငေါက်လေး ပြောလိုက်သည်။

ထိုအခါမှ ဆိုင်လုလင်များ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။

ကျင်းဖုံးက အတည်ပေါက်ဖြင့် ပြောနေမှန်း ရိပ်မိသွားကြပြီး တစ်ယောက်က ဝန်ခံလေ၏။

'စိတ်ချပါဗျာ၊ အကောင်းဆုံး စားစရာတွေ စီစဉ်ပေးလိုက်ပါ့မယ်'

ကျင်းဖုံးက ခပ်အေးအေး ပြောလိုက်သည်။

'အထုပ်တစ်ထုပ် ထုပ်ပြီး ပေးလိုက်ပါ၊ သူ့ဘာသာ တစ်နေရာမှာ အေးအေးဆေးဆေး သွားစားပါစေ'

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီဗျာ'

ဆိုင်လုလင်များသည် ကောင်လေးအတွက် စားသောက်ဖွယ်ရာများ ထုတ်ပေးလိုက်ကြသည်။

ကောင်လေးသည် အထုတ်ကလေးကို မဝံ့မရဲဖြင့် လှမ်းယူကာ ကျင်းဖုံးကို ကြည့်လိုက်သည်။

'ကျေးဇူးတင်ပါတယ် အစ်ကိုကြီး'

သူက စိတ်ပါလက်ပါ ပြောလိုက်လေ၏။

ကျင်းဖုံးက ကောင်လေးအား စိုက်ကြည့်လိုက်သည်။

ထို့နောက် ခေါင်းခါယမ်းလိုက်၏။

'ငါ့ကို ကျေးဇူးတင်စရာ မလိုဘူး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်အောင် ကြိုးစားဖို့ပဲ လိုတယ်'

သူက ခပ်ပြတ်ပြတ် ပြောလိုက်ပါသည်။ ထို့နောက် ချာခနဲ လှည့်ကာ ထွက်သွားလေတော့သည်။

ဆိုင်လုလင်များနှင့် ကောင်လေးသည် ကျင်းဖုံးကို နားမလည် နိုင်စွာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

ထိုစဉ်မှာပင်

'သူတောင်းစားကျတော့ သူက သနားတတ်ပါလား၊ တော် တော် ခွကျတဲ့လူ'

ညည်းညူသံတစ်ချက် ထွက်ပေါ်လာ၏။

မည်သူက ညည်းညူလိုက်ပါသနည်း။

မင်းလမ်းမအတိုင်း ကျင်းဖုံး လျှောက်နေသည်။

သူ၏ ခြေလှမ်းများ နှေးကွေးလေးလံနေသည်။ ဆိုင်ရှေ့ဝယ် တွေ့ခဲ့ရသည့် ကောင်လေးမှာ သူ၏ ငယ်စဉ်ဘဝကို ပြန်လည် သတိရ လာစေခဲ့သည် မဟုတ်ပါလား။

သူသည် ထိုကောင်လေးကဲ့သို့ ညစ်ပတ်ပေကျံကာ သနား စရာ ခိုစရာမဲ့ ခြေသလုံး အိမ်တိုင် လှေ့အော်သွားဖူးပါသည်။

ယခုလို လူတစ်လုံးသူတစ်လုံး ဖြစ်လာသည်မှာ ရှဲ့တောင်း၏ ကျေးဇူးမကင်းပါ။

ရှဲ့တောင်းနှင့် ပတ်သက်ပြီး စဉ်းစားမိလျှင် သိုင်းရာဇာ



ဝမ်းဟန်ကို သတိရလာပြန်သည်။

သူသည် ရှဲ့တောင်းအတွက် သိုင်းရာဇာ ဝမ်းဟန်ကို ရှင်း လင်းပစ်ရမည် ဖြစ်သည်။

ရှဲ့တောင်းသည် မည်ကဲ့သို့ လူစားမျိုး ဖြစ်သည်ကို သူကောင်းစွာ သိရှိထား၏။

သို့သော် သိုင်းရာဇာ ဝမ်းဟန်ကား မည်ကဲ့သို့သော လူစားမျိုး ဖြစ်သည်ကို သူမသိပါချေ။

ရှဲ့တောင်းက သိုင်းရာဇာဝမ်းဟန်အား ရှင်းပစ်ရန် ပြောခဲ့ပြီး နောက် မည်သို့သောလူစားဖြစ်စေ သူက စိတ်ဝင်စားတော့မည် မဟုတ် ချေ။

ကျင်းဖုံးတွေ တွေးတောစဉ်းစားရင်း လျှောက်လာခဲ့စဉ်

'အေးကို...အေးကို'

အော်ဟစ်မာန်မဲသံများ ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေသည်။

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာ သည်ကိုလည်း ကြားလိုက်ရလေသည်။

ကျင်းဖုံး လှည့်ကြည့်လိုက်သည်။

ထိုအခါ မြင်းလှည်းတစ်စီး ဒုန်းစိုင်းမောင်းနှင်လာနေသည် ကို တွေ့မြင်ရလေသည်။

ကျင်းဖုံးက လမ်းဘေးသို့ ဆင်းကာ ရှောင်ပေးလိုက်၏။

မြင်းလှည်းသည် သူ၏ ဘေးမှ ဖြတ်ကျော်သွား၏။ မြင်း လှည်းမောင်းသူမှာ အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထား

လေသည်။

ထိုလူသည် မြင်လှည်းကို ဒုန်းစိုင်းမောင်းနှင်သွားရင်း ဖြတ်ကျော်သွားစဉ် ကျင်းဖုံးကို သတိပြုမိသွားသည်။

ကျင်းဖုံးကို လှည့်ကြည့်လိုက်သည်။ ကျင်းဖုံးမှာ ထိုလူအား ဂရုမပြုမိဘဲ ရှေ့ဆက်လျှောက်သွား၏။

ထိုလူသည် မြင်းလှည်းကို အရှိန်ပြင်းစွာ ဆက်၍ မောင်းနှင်သွားရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ကျင်းဖုံးကား ရှေ့ဆက်သွားနေဆဲ။ ထိုစဉ်

'သူခိုး...သူခိုး...သူခိုး'

'ကျုပ်တို့ မြင်းလှည်းကို ခိုးပြီး မောင်းပြေးသွားတယ်'

'လိုက်ဟေ့ မလွှတ်စေနဲ့'

အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းဖုံး လှည့်ကြည့်လိုက်သည်။ ထိုအခါ လူတစ်ရ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှေ့ဆုံးမှ ပြေးလာသူက မေးလာသည်။

'ဗျို့ မိတ်ဆွေလေး သည်ဘက်ကို မြင်းလှည်းတစ်စီး မောင်းလာတာ မတွေ့ဘူးလားဗျ'

ကျင်းဖုံး မျက်မှောင်ကြုတ်လိုက်၏။

ရုတ်တရက် ဒုန်းစိုင်း မောင်းနှင်သွားသော မြင်းလှည်းကို ကျင်းဖုံး သတိရလာသည်။

'ဟိုဘက်ကို မောင်းသွားတယ်'

မြင်းလှည်း ှာင်းနှင်သွားရာဘက်သို့ ညွှန်ပြကာ ပြောလိုက်



ည်။

ထိုလူများသည် ညာသံပေးကာ ပြေးလွှားသွားကြ၏။

မကြာမီ မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေတော့သည်။

ကျင်းဖုံး ရှေ့ဆက် လျှောက်လာ၏။ သူက မြင်းတစ်ကောင် က်ရှာနေခြင်း ဖြစ်ပါသည်။

ဟိုဟိုသည်သည် အကဲခတ် ကြည့်ကာ လျှောက်လာစဉ် နှာချင်းဆိုင်မှ လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့မြင် က်ရ၏။

'ဗျို့ မိတ်ဆွေ မြင်းရောင်းတဲ့နေရာ ကျုပ်ကို ညွှန်ပြနိုင်မလား'

သူက လှမ်းမေးလိုက်သည်။ ထိုလူသည် စောစောက မြင်း ်းမောင်းနှင်သွားသည့်အနက်ရောင် ဝတ်ဆင်ထားသူ ဖြစ်ပါသည်။

ထိုလူ၏ မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသည့်အပြုံးရိပ်များ ပေါ်လာလေသည်။

'မြင်းရောင်းတဲ့နေရာလား၊ ရှိပါတယ်ဗျာ၊ ရှိပါတယ်၊ ဟိုရှေ့ လေးတင်ပါ'

တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်သည်။ ကျင်းဖုံးက

'ကျေးဇူးပါပဲဗျာ'

ထိုလူအား နှုတ်ဆက်ကာ ရှေ့ဆက်လျှောက်သွားရန် ပြင်လိုက်၏။ ထိုလူက

'မိတ်ဆွေ...ခင်ဗျား သွားတတ်မှာ မဟုတ်ဘူး၊ မြင်းရောင်း နေရာက ချောင်ကျတယ်ဗျ၊ ကျုပ်လိုက်ပို့ပေးပါ့မယ်'

ပြောရင်း ကျင်းဖုံးနောက်သို့ လိုက်ပါလာသည်။

ကျင်းဖုံး အားတုံ့အားနာ ဖြစ်သွားသည်။

သူတစ်ပါးအကူအညီ ယူရမည်ကို အလိုလို ဝန်လေး
သည်။

'ရပါတယ်ဗျာ၊ ကျုပ်ဘာသာ ရှာဖွေသွားပါ့မယ်'

သူက ပြောလိုက်သော်လည်း ထိုလူက ဆက်ပြောသည်၊

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ် လိုက်ပြရတာ အပန်းမကြီးပါဘူ
လာလာ ကျုပ်နောက်လိုက်ခဲ့'

သူသည် ဦးဆောင်ခေါ်သွားလေ၏။

ကျင်းဖုံးလည်း မတတ်သာတော့ဘဲ ထိုလူနောက်သို့ လိုက်
သွားရသည်။

ထိုလူသည် ရှေ့မှ ခပ်သွက်သွက် လှမ်းသွားပြီး လမ်းချို
ကလေးတစ်ခုသို့ လှမ်းဝင်လိုက်သည်။ ကျင်းဖုံးလည်း လိုက်သွား၏

လမ်းချိုးအတိုင်း ဆက်၍ လျှောက်သွားကြရာ မကြာမီ
ဝင်းကျယ်ကြီးတစ်ခုရှေ့သို့ ရောက်သွား၏။

ထိုလူက ခြံကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

'သည်ခြံထဲမှာ မြင်းရောင်းတယ်ဗျ'

ကျင်းဖုံးက

'သည်အထိလိုက်ပို့ပေးတာ ကျေးဇူးပါပဲ၊ ကျုပ်ဝင်သွားပ
မယ်'

'သည်ခြံထဲက မြင်းတွေက အကောင်းစားတွေချည်းပဲ
ဈေးနှုန်းလည်း ချိုတယ်၊ ပိုင်ရှင်ကလည်း သဘောကောင်းတယ်
ခင်ဗျားအတွက် မြင်းကောင်းတစ်ကောင် ရမှာ သေချာပါတယ်၊ 
ကျုပ်သွားမယ်'

စကားဆုံးလျှင် ထိုလူ ချာခနဲလှည့်ကာ ထွက်သွားတော



သည်။

ကျင်းဖုံးလည်း ခြံဝင်းထဲ ဝင်လာခဲ့လေ၏။

ခြံထဲဝယ် ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်သော အဆောက်
အအုံကြီးတစ်ခု ရှိနေပါသည်။

အဆောက်အအုံကြီး၌ လူရိပ်လူယောင်မတွေ့ရသလို
အသံဗလံလည်း မကြားရချေ။

ကျင်းဖုံးသည် အဆောက်အအုံရှေ့သို့ လျှောက်သွားလိုက်ပြီး

'အိမ်ရှင်တို့ အိမ်ရှင်တို့'

သူ၏ ခေါ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်

'ဘယ်သူလဲ'

အိမ်ထဲမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ကျင်းဖုံးက

'မြင်းဝယ်ချင်လို့ပါ'

'ဪ... မြင်းဝယ်ချင်တဲ့လူကိုး၊ အိမ်ထဲ ဝင်ခဲ့လေ'

အိမ်ထဲမှ လူကို မမြင်ရဘဲ စကားသံကိုသာ ကြားနေရသည်။
ကျင်းဖုံး အိမ်ရှေ့တံခါးဆီသို့ လှမ်းကြည့်လိုက်သည်။

တံခါးမှာ ဟာလာဟင်းလင်း ဖွင့်ထားပါသည်။

ကျင်းဖုံးက ခပ်သွက်သွက်ဖြင့် အိမ်ထဲ လှမ်းဝင်လိုက်လေ
သည်။ အိမ်ထဲဝယ် လူသူတစ်စုံတစ်ယောက်မျှ ရှိမနေကြပါ။

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။

တစ်ဆက်တည်းမှာပင် အန္တရာယ်၏ အငွေ့အသက်များ
စံစားလိုက်ရလေသည်။

အသက်အောင့်ကာ ခန္ဓာကိုယ်မှ အကြောအချဉ်များကို လျှော့ထားလိုက်၏။

အချိန်မရွေး ခုခံတိုက်ခိုက်နိုင်အောင် အသင့်ပြင်ထားလို ခြင်းဖြစ်ပေသည်။

ထိုစဉ်မှာပင်

'သူခိုး ... သူခိုး'

'မြင်းသူခိုး မလွတ်စေနဲ့'

'ဝိုင်းထားကြဟေ့'

အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည် ကြားလိုက်ရလေသည်။

'ဟင်'

ကျင်းဖုံး အံ့သြသွားသည်။ သူက ချာခနဲ လှည့်ကြည့်လို သည်။

ထိုအခါ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူတစ်စု ခြံဝ အတွင်းသို့ ပြေးဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းဖုံး ကြက်သေသေနေစဉ်မှာပင်

'ဟိုမှာ ...ဟိုမှာ'

'မြင်းသူခိုး တွေ့ပြီဟေ့'

ခြံဝင်းအတွင်းသို့ ရောက်ရှိလာသည့် လူအုပ်ကြီးသည် အိ တံခါးရှေ့ ရပ်နေသည့် ကျင်းဖုံးကို တွေ့မြင်သွားကြပြီး အော်ဟ ကြိမ်းမောင်းကာ ပြေးလာကြလေတော့သည်။

'ဟိုက်'

ကျင်းဖုံး လွှတ်ခနဲ ရေရွတ်မိလိုက်၏။



ထိုလူအုပ်ကြီးမှာ သူ့အား အထင်မှားနေကြပြီ မဟုတ်ပါ လား။ အိမ်ထဲသို့ တစ်ချက် ကြည့်လိုက်၏။

လူရိပ်လူယောင်ပင် မတွေ့ရချေ။ ပိရိသေသပ်သည့် ထောင် ချောက်တစ်ခုအတွင်းသို့ ကျရောက်နေပြီ ဖြစ်ကြောင်း ချက်ချင်း တွေးမိသည်။

လူမှန်းသိတတ်ကာစ အချိန်မှာပင် အခက်အခဲအန္တရာယ် များကို ရင်ဆိုင်ကျော်လွှားခဲ့ရသူ ဖြစ်ပေသည်။

ထို့ကြောင့် လူအုပ်ကြီး သူ့ထံ ဦးတည်ပြေးလာသည်နှင့် သူကလည်း အိမ်ထဲ ပြေးဝင်လိုက်လေသည်။

'ပြေးပြီဟေ့ ပြေးပြီ'

'မလွတ်စေနဲ့ လိုက်ထား'

လူအုပ်ကြီးကား အော်ဟစ်ညာသံပေးကာ အိမ်ထဲ ပြေးဝင် လာကြပါသည်။

ကျင်းဖုံးသည် အိမ်ထဲ ရောက်သွားသည်နှင့် ကြမ်းပြင်ပေါ် ခြေတစ်ချက် ဆောင့်ကာ ခေါင်မိုး ထုတ်တန်းပေါ်သို့ ခုန်တက်လိုက် သည်။

သူ၏ လှုပ်ရှားမှုမှာ လျှင်မြန်လွန်းရကား။ လူအုပ်ကြီး အိမ် ထဲ ရောက်လာချိန်မှာပင် ကျင်းဖုံး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့ သည်။

'ဟိုကောင် ပျောက်သွားပြီဟေ့'

'အိမ်ထဲမှာပဲ ရှိတယ်'

'ရှာကြဟေ့၊ ဒီကောင့်ကို မလွှတ်စေနဲ့'

တစ်ယောက်တစ်ပေါက်ပြောကာ အိမ်ထဲ လိုက်လံရှာဖွေ

ကြသည်။

ကျင်းဖုံးကား ခေါင်မိုး ထုတ်တန်းပေါ်မှ မှောင်ရိပ်ကျသည့် နေရာဆီသို့ ကူးပြောင်းကာ မလှုပ်မယှက် ထိုင်နေလိုက်သည်။

သူ့အား လိုက်ရှာနေသူများကို အတိုင်းသား တွေ့မြင်နေရပါ၏။

ထိုလူများက ခေါင်းမော့ကြည့်မည်ဆိုပါလျှင် ရုတ်တရက် သူ့အား တွေ့မြင်နိုင်မည် မဟုတ်ပါချေ။

တစ်အိမ်လုံး နေရာလပ်မကျန် နှံ့နှံ့စပ်စပ် ရှာဖွေပြီးသော်လည်း ကျင်းဖုံးကို မတွေ့ရသဖြင့် လူအုပ်ကြီး လက်လျှော့သွားကြတော့သည်။

‘သည်ကောင်အနောက်ဘက်အပေါက်က ထွက်ပြေးသွားပြီထင်တယ်’

‘ဟုတ်တယ် အပြင်ထွက်ရှာကြရအောင်’

‘မြန်မြန်လာဟေ့’

တစ်ယောက်တစ်ပေါက်ပြောကာ အပြင်ဘက်သို့ ပြန်လည်ပြေးထွက်သွားကြလေတော့သည်။

မကြာပါချေ။ ခြေသံဟစ်သံ၊ စကားပြောသံ၊ ပြေးလွှားသံများ တဖြည်းဖြည်း ဝေး၍ဝေး၍ သွားကာ ကွယ်ပျောက်သွားလေသည်။

ကျင်းဖုံး သက်ပြင်းချလိုက်၏။

သူ့အား မြင်းရောင်းသည့်အိမ်ဟု လိမ်ပြောကာ ဤနေရာသို့ ပို့လိုက်သူသည်၎င်း၊ အိမ်ထဲမှ နေ၍ အထဲသို့ ဝင်လာရန် အသံပြုသူသည်၎င်း၊ သူ့အား ဒုက္ခပေးရန် ကြိုးစားခဲ့ကြောင်း ထင်ရှားလှပေသည်။



‘သူတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ငါ့ကို ဒုက္ခပေးချင်ရတာလဲ’

တွေးရင်း အောက်ဘက်သို့ ခုန်ဆင်းရန် ပြင်လိုက်၏။ သို့သော် သူ မခုန်ဆင်းဖြစ်ပါချေ။

အဘယ်ကြောင့်ဆိုသော် လူသုံး ယောက်သည် စကားပြောရင်း အိမ်ထဲ လှမ်းဝင်လာသည်ကို တွေ့လိုက် ရသောကြောင့်ပင်တည်း။

‘ငါတို့ သေသေချာချာ အကွက်ချပြီး လုပ်ခဲ့တာပဲ၊ ဒီကောင် ဘယ်က ဘယ်လို လွတ်ထွက်သွားတာလဲ’

‘ဒီကောင် နောက်ဘက်က ထွက်ပြေးသွားရင် ငါတို့ မြင်ရမှာပေါ့ကွ’

‘ဟုတ်တယ်၊ ငါတို့ တစ်ချိန်လုံး ခြံအပြင်ဘက်က စောင့်ကြည့်နေခဲ့တာပဲ’

အိမ်ထဲဝင်လာသူ သုံးယောက် မကျေမနပ် ပြောဆိုနေကြလေသည်။

ကျင်းဖုံးက ခေါင်မိုးထုတ်တန်းပေါ်ဝယ် အကျအန ထိုင်ကာ ထိုလူသုံးယောက်အား အကဲခတ်ကြည့်နေပါသည်။ ထိုလူသုံးယောက်မှာ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပါ၏။

သူ့အား မြင်းရောင်းသည့်ခြံဟု လိမ်ညာပြောခဲ့သူ ပါဝင်နေသည်ကို တွေ့မြင်လိုက်သည်။

ထိုလူများကို ကျင်းဖုံး မသိပါ။

ထိုလူများကလည်း သူ့အား သိကြမည်ဟု မထင်ပါချေ။

သူသည် မကြာမီ ရက်ပိုင်းအတွင်းကမှ ယွင်ဟုချိုင့်ဝှမ်းဒေသ

မှ ထွက်ခွာလာခဲ့သူ မဟုတ်ပါလား။

ထိုလူသုံးယောက်အနက် တစ်ယောက်က

'သည်ကောင်က ငါတို့ လူနှစ်ယောက်ကို ရှင်းပစ်လို
ကတည်းက ခေတ္တဲ့လူ မဟုတ်ပါဘူးလို့ ငါပြောသားပဲ'

'တောက်၊ ဒီကောင် လွတ်သွားတာ နာတယ်'

'သွားစို့'

တစ်ယောက်တစ်ပေါက် ပြောကာ ထွက်သွားရန် ဟန်ပြ
လိုက်ကြလေသည်။

ထိုစဉ်မှာပင်

'ရပ်လိုက်'

ဟန့်တားသံနှင့်အတူ ကျင်းဖုံးသည် ခေါင်းမိုးထုတ်တန်းပေ
မှ ခုန်ဆင်းလာလေတော့၏။

ကျင်းဖုံးမှာ မိမိအား ဒုက္ခပေးသည့် လူသုံးယောက်အ
ဆုံးမရန် ဟန့်တားလိုက်ခြင်း ဖြစ်သည်။

ကျင်းဖုံးအား မြင်လျှင် ထိုလူသုံးယောက် ပါးစပ် အဟော
သား ဖြစ်သွားကြ၏။ အတန်ကြာမှ တစ်ယောက်က

'မင်းကိုး'

ကျင်းဖုံးက တင်းမာသော မျက်နှာထားဖြင့် ထိုလူသုံးယော
အား ဝေ့ကြည့်လိုက်ပြီး

'ပြောစမ်း၊ ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲ'

ထိုလူသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လို
ပြီး

'မင်းက ကျုပ်တို့ လူနှစ်ယောက်ကို သတ်သွားတယ်လေ



ဒါကြောင့် ကျုပ်တို့က မင်းအသက်ကို လိုချင်တာပေါ့၊ မင်းက ဒုက္ခ
ပေးတာလား၊ ငါတို့က မင်းကို ဒုက္ခပေးတာလား'

သူတို့သည် စကားဆုံးသည်နှင့် လျှပ်တစ်ပြက် ထိုးထွက်လာ
ကာ တိုက်ခိုက်လိုက်လေ၏။ သူတို့၏ လှုပ်ရှားမှုမှာ လျှင်မြန်လှပါ
သည်။

သို့သော် ကျင်းဖုံးက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်
နှင့်

'ဝုန်း'

'အား'

တိုက်ခိုက်လာသူမှာ ရူးရှူးစွာ အော်ရင်း နောက်သို့ လွင့်စင်
သွားလေသည်။

ထို့နောက် ခန္ဓာကိုယ်တစ်ချက် လှုးလွန့်ကာ ငြိမ်သက်
သွား၏။

'ဟင်'

'ဟာ'

ထိုအခြင်းအရာကို တွေ့မြင်ရသော ကျန်လူနှစ်ယောက်မှာ
ထိတ်လန့်သွားကြသည်။ ကျင်းဖုံးကိုလည်း မယုံကြည်နိုင်စွာဖြင့်
ကြည့်လိုက်၏။

ကျင်းဖုံးက အေးစက်သော မျက်နှာထားဖြင့်

'ကျုပ်ကို ခင်ဗျားတို့က ဒုက္ခပေးဖို့ ကြိုးစားတယ်၊ ကျုပ်
ကလည်း ခင်ဗျားတို့ကို ဆုံးမမယ် အပြန်အလှန်ပေါ့ဗျာ'

ထိုလူနှစ်ယောက်မှာ ကျင်းဖုံးအား ကြည့်ရင်း အဘယ်ကြောင့်
မှန်း မသိ။ ဒူးများ တုန်လာမိတော့သည်။

သို့သော် သူတို့က ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ကြသည်။

'မင်းအပေါ် ကျုပ်တို့ အကြွေးတွေ သိပ်များနေပြီ'

စကားဆုံးသည်နှင့် ထိုလူနှစ်ယောက်စလုံး ထိုးနှက်လိုက်ကြ၏။ ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်၏။

'မင်းတို့ ဘာတတ်နိုင်မှာမို့လဲ'

ကျင်းဖုံးသည် ခါးကြားမှ ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ ပြေးဝင်လာသူနှစ်ယောက်အား ခုတ်ချလိုက်သည်။

သူ၏ တိုက်ခိုက်မှုမှာ လျှပ်စီးလက်သလို မြန်ဆန်လှ၏။ ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်

'အား'

'အား'

စူးရှသော အော်သံနှစ်ခု ထွက်ပေါ်လာပြီး တိုက်ခိုက်လာသူနှစ်ယောက်မှာ ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ် လဲကျသွားကြလေ၏။

ကျင်းဖုံးက ခါးကြားထဲ ဓားကို ပြန်ထည့်လိုက်သည်။

သူ့အား ဒုက္ခပေးခဲ့သူ သုံးယောက်သည် နောက်နောင် ဘယ်သောအခါမှ သူ့အား ဒုက္ခပေးနိုင်တော့မည် မဟုတ်ချေ။

ကျင်းဖုံးက အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်၏ အလောင်းအား တစ်ချက်ဝေ့ကြည့်လိုက်၏။

ထို့နောက် ချာခနဲ လှည့်ထွက်လိုက်၏။ ထိုအခါ အိမ်တံခါးဝတွင် လူနှစ်ယောက် ပိတ်ရပ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

လူနှစ်ယောက်သည် တံခါးဝကို ပိတ်ကာ ရပ်နေ၏။

ထို လူနှစ်ယောက်မှာ အစိမ်းရောင်အဝတ်အစားများကို ဝတ်ဆင်ထားကြလေသည်။ တစ်ယောက်မှာ အသက်လေးဆယ်



ကျော်ခန့် ရှိသည်။

နှစ်ယောက်စလုံး ခန္ဓာကိုယ် ပိန်ပိန်ပါးပါး ရှိကြသည်။ အသားဝါကျင်ကျင်ရှိနေကြသူများ ဖြစ်ကြသည်။ သူတို့မျက်နှာပေါက်ကို ကြည့်ရုံဖြင့် ညီအစ်ကိုများဖြစ်ကြောင်း သိနိုင်၏။ ကျင်းဖုံး၏ အတွေး မမှားပါချေ။

ထိုလူနှစ်ယောက်မှာ ညီအစ်ကိုများ ဖြစ်ကြလေသည်။ သိုင်းလောကတွင် မကောင်းသည့်ဘက်မှ နာမည်ကျော်ကြားနေသူများ ဖြစ်ကြ၏။

အသက်လေးဆယ်ကျော်ရှိသူမှာ စုထင်း ဖြစ်ပြီး သူ၏ ညီမှာ စုရီ ဖြစ်သည်။ စုထင်းနှင့် စုရီတို့သည် ဓားပြခေါင်းဆောင်များ ဖြစ်ကြသည်။ စုထင်းနှင့် စုရီတို့သည် သူတို့ အားထားရသော ကျားငါးကောင် မရှုမလှ ခံလိုက်ရသည်ကို မြင်သွားသောအခါ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

စုထင်းက ပြောလိုက်၏။ သူ့အသံက အေးစက်လှသည်။

'မင်းက ကျုပ်လူတွေကို သတ်ပစ်လိုက်တာ နည်းတဲ့သတ္တိ မဟုတ်ဘူး'

စုရီက မဲ့ပြုံးပြုံးရင်း ဝင်ပြောသည်။

'ဒီကောင်လေးက ကျုပ်တို့အကြောင်း မသိသေးလို့ ဖြစ်ပါလိမ့်မယ် အစ်ကိုထင်း'

စုထင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ်တို့ ဘယ်လို လူစားတွေဆိုတာ သိရအောင် ညီလေးပဲ အကြောင်းပြလိုက်စမ်းပါ'

'ဟား ဟား ဟား၊ စိတ်ချ အစ်ကိုထင်း'

စုရီသည် တဟားဟား ရယ်မောရင်း ရှေ့သို့ လှမ်းထွက်လာသည်။ ကျင်းဖုံးကား သူတို့နှစ်ယောက်၏ လှုပ်ရှားမှုကို မျက်ခြေမပြတ် စောင့်ကြည့်နေပါ၏။

စုရီက

'သတိထား'

အော်ဟစ်ရင်း လက်နှစ်ဖက်ဝှေ့ယမ်းကာ တိုက်ခိုက်လာ၏။ ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်၏။ သူက ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ရာ လက်ထဲ ဓားရောက်လာ၏။ တစ်ဆက်တည်းပင် ဓားကိုင်လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်၏။ သူ၏ လှုပ်ရှားမှုသည် စုရီ၏ လှုပ်ရှားမှုထက် ပို၍ လျင်မြန်ပေသည်။ ထိုအခါ

'ဝုန်း'

စုရီမှာ အသံပင် မထွက်နိုင်ဘဲ ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။ သူ၏ လည်ဂင်းတွင် အပေါက်ရာလေးတစ်ခု ရှိနေ၏။ ထိုအပေါက်လေးမှ သွေးများ တစိမ့်စိမ့် စီးကျနေပါသည်။

စုထင်း၏ မျက်လုံးအစုံ ပြူးကျယ်နေ၏။

'သွေးဖောက်ဓားကွက်'

သူသည် ဇလုံဗထွေး အော်ဟစ်လိုက်လေတော့သည်။ စုရီ ကြမ်းပြင်ပေါ် လဲကျနေ၏။ ကျင်းဖုံး၏ ဓားချက် မည်သို့ မည်ပုံမိသွားသည်ကိုပင် သူ သိသွားပုံ မရပါချေ။ စုထင်း၏ မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေ၏။ လဲကျနေသော စုရီကို တစ်လှည့်၊ ကျင်းဖုံးကိုတစ်လှည့် ကြည့်လိုက်ပြီး တုန်လှုပ်စွာ မေးမြန်းလေ၏။

'မင်း... မင်းဟာ သွေးဓားနဲ့ ဘယ်လို ပတ်သက်နေသလဲ'

ကျင်းဖုံးက ဘာမှ မပြောချေ။ စုထင်းက သက်ပြင်းချလိုက်၏။



'ကျွန်တော် တောင်းပန်ပါတယ်၊ ကျုပ်လူတွေ အလိုက်မသိ ် စော်ကားမိတာ ခွင့်လွှတ်ပါ'

သူကား တောင်းပန်လေ၏။ သူ၏ စကားကို ကျင်းဖုံး ည်သို့မျှ သဘောမထားမိချေ။ စုထင်းက

'သွေးဓားကို ကျုပ်က မော်တောင် မကြည့်ဝံ့ဘူးလို့ ပြောပေး ၊ ကျုပ်ညီလည်း သူ့အပြစ်နဲ့သူ ခံသွားရပါပြီ၊ ကျေနပ်ပါတော့ ျပ်သွားပါရစေ'

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်ပြေးသွားလေသည်။ ျင်းဖုံး မျက်မှောင်ကြုတ်လိုက်၏။

'ဒီလူ ဘာတွေ ပြော်သွားပါလိမ့်'

စုထင်း ပြောသွားသည့် စကားများကို ပြန်လည်တွေးတော ိုးစားနေလိုက်လေတော့သည်။

✻ ✻ ✻

# အခန်း (၃)

## ရွှေအလံရဲတိုက်ရှင် မွေးနေ့ပွဲ

ကျင်းဖုံးမှာ တောလမ်းလေးအတိုင်း လျှောက်သွားနေသည်။ ထိုစဉ်

'ခွပ်ခွပ် ခွပ်ခွပ်'

'ကျွီ ကျွီ'

မြင်းခွာသံများ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။ ကျင်းဖုံးက နောက်ကျောဘက်မှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

မြင်းလှည်းတစ်စီးအား မြင်းစီးသမား ဆယ်ယောက်က ခြံရံ လျက် စီးနင်းလာကြသည်ကို တွေ့လိုက်ရ၏။

မြင်းစီးသမားများသည် တရွေ့ရွေ့ နီးကပ်လာပါပြီ။ ကျင်းဖုံးသည် တစ်ချက်ကြည့်ပြီး ကိုယ့် ခရီးကို ဆက်သွားနေလိုက်၏။

မကြာမီ မြင်းစီးသမားများသည် သူ၏ အနီးသို့ ရောက်ရှိလာကြပြီး ကျင်းဖုံးက ရှေ့ဆက်သွားနေဆဲ။



မြင်းစီးသမားများအား ဦးဆောင်လာသည့် မုတ်ဆိတ်ရှည် အဘိုးအိုသည် တစ်လှမ်းချင်း မှန်မှန် လျှောက်သွားနေသည်။ ကျင်းဖုံးကို အကဲခတ်ကြည့်လိုက်၏။

ကျင်းဖုံးက အရေးမစိုက်ဘဲ ရှေ့ဆက်သွားနေမြဲ ကျင်းဖုံးက အန္တရာယ်ပြုလာမည် မဟုတ်ဟု အဘိုးအို ယူဆသွားပုံ ရ၏။

ကျင်းဖုံး ဘေးမှ ဖြတ်ကာ မြင်းကို ဆက်၍ မောင်းနှင်သွားသည်။ ကျန်လူများသည် တစ်ယောက်ပြီးတစ်ယောက် ဖြတ်ကျော်သွားကြ၏။

ကျင်းဖုံးသည် သူ၏ ဘေးမှ ခရီးသွားတစ်စု ဖြတ်ကျော်သွားကြမှန်း သိသော်လည်း ယောင်၍ပင် လှည့်မကြည့်ပါချေ။ မြင်းလှည်းဘီးလိမ့်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ရှေ့ပြေး မြင်းစီးသမားများ ဖြတ်ကျော်သွားပြီး နောက်မှ လိုက်လာသည့် မြင်းလှည်းမှာ ကျင်းဖုံးဘေးမှ စတင် ဖြတ်ကျော်သွား၏။

မြင်းလှည်းဘီးလိမ့်သံ ဆူညံလွန်းလှသဖြင့် ကျင်းဖုံး ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ မြင်းလှည်း၏ ပြတင်းတံခါး၌ ကာရံထားသည့် ကတ္တီပါစများ လှုပ်ယမ်းသွားပြီး လူတစ်ယောက်က ကြည့်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူမှာ ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

ထိုမိန်းကလေးကို မြင်လျှင် ကျင်းဖုံး မျက်မှောင်ကြုတ်သွားလေသည်။ သူတွေ့မြင်ခဲ့ဖူးပါ၏။

ဝံပုလွေဖြူကြီးများ၏ အန္တရာယ်မှ လွတ်အောင် ထွက်ပြေးရင်း သူအနားယူနေသည့် မီးပုံအနီးသို့ ရောက်ရှိလာသည့် မိန်းကလေးဖြစ်၏။ သူမ၏ အဖော်များသည် ဝံပုလွေဖြူကြီးများ၏ လက်ချက်ကြောင့် သေဆုံးသွားကြပြီ။

သူမတစ်ယောက်တည်းသာ အသက်ရှင် လွတ်မြောက်ခဲ့၏။

သူက ဝံပုလွေဖြူကြီးများအား တိုက်ခိုက်ခဲ့ခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။

ထိုမိန်းကလေးသည် သူ၏ အကူအညီကို မရနိုင်သည့်အဆုံး ကိုယ့်အားကိုယ်ကိုးကာ ဝံပုလွေဖြူကြီးများအား ခုခံတိုက် ခိုက်ခဲ့သည်။

နောက်ဆုံးအချိန်တွင် သူက ကြင်နာမှု ကင်းမဲ့စွာ ထားပစ်ခဲ့သည်။ မိန်းကလေးမှာ သူ၏ နောက်သို့ လိုက်လာခြင်း မရှိပါ။

ကျင်းဖုံး၏ ရင်ထဲဝယ် ထိုမိန်းကလေးနှင့် ပတ်သက်ပြီး မည်သို့မျှ မခံစားရပါ။

တစ်ချက် စောင်းငဲ့ကြည့်ပြီး ရှေ့ဆက်လျှောက်သွားလေသည်။ မြင်းလှည်းသည်လည်း သူ့အား ဖြတ်ကျော်ကာ ရှေ့ဆက်မောင်းနှင်သွား၏။

မြင်းလှည်းနောက်မှ စောင့်ကြပ်လိုက်ပါလာသည့် မြင်းစီးသမားများလည်း တစ်ယောက်ပြီးတစ်ယောက် ကျင်းဖုံးကို ဖြတ်ကျော်သွားကြသည်။

ကျင်းဖုံးကား ခြေလှမ်းမှန်မှန်ဖြင့် ဆက်လျှောက်သွားနေဆဲ။

ထိုအချိန်တွင် မြင်းလှည်း ရုတ်တရက် ရပ်တန့်သွားသည်ကို တွေ့ရ၏။ မြင်းစီးသမားများလည်း ရပ်တန့်သွားကြလေသည်။

'ခွပ်ခွပ် ခွပ်နုပ်'



ကျယ်လောင်သော မြင်းခွာသံနှင့်အတူ ရှေ့ဆုံးမှ ဦးဆောင်သွားနေသည့် မုတ်ဆိတ်အဘိုးအိုသည် နောက်ကြောင်းပြန်လှည့်လာကာ မြင်းလှည်းအနီးသို့ ရောက်ရှိလာသည်။

မြင်းလှည်းတံခါး ပွင့် သွားပြီး မိန်းကလေး ခေါင်းပြူထွက်လာလေ၏။

သူမက မုတ်ဆိတ်ရှည်အဘိုးအိုအား တစ်စုံတစ်ခု ပြောလိုက်သည်ကို တွေ့လိုက်ရသည်။

မုတ်ဆိတ်အဘိုးအို ခေါင်းညိတ်လိုက်သည်။ မိန်းကလေးသည် ကျင်းဖုံးကို လှည့်ကြည့်လိုက်ပြီး မြင်းလှည်းထဲ ပြန်ဝင်သွား၏။

မုတ်ဆိတ်ဖြူအဘိုးအိုက မြင်းလှည်းနောက်မှ လိုက်လာသူများအား တစ်စုံတစ်ခု လှမ်းပြောလိုက်သည်။

မြင်းစီးသမားနှစ်ယောက် ဦးညွှတ်ကာ ချက်ချင်းလှည့်၍ ကျင်းဖုံးရှိရာသို့ ဦးတည်လျှောက်လာကြလေ၏။

မုတ်ဆိတ်ရှည် အဘိုးအိုက လက်ဖွေ့ယမ်းပြလိုက်လေသည်။ ကျန်လူများ ချက်ချင်း လှုပ်ရှားလာပြီး ရှေ့သို့ ခရီးဆက်သွားကြလေတော့သည်။

မြင်းစီးသမားနှစ်ယောက်က မြင်းကို ရပ်တန့်လိုက်ပြီး ကျင်းဖုံးအား ဦးညွှတ်လိုက်ကြ၏။ တစ်ယောက်က

'မိတ်ဆွေအတွက် သခင်မလေးက မြင်းတစ်ကောင် ပေးလိုက်ပါတယ်ခင်ဗျာ'

ကျင်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုလူနှစ်ယောက်က

'ကျုပ်တို့ကို သွားခွင့်ပြုပါ'

စကားဆုံးလျှင် မြင်းတစ်ကောင်ကို ချန်ရစ်ခဲ့ပြီး ကျန်မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်ကာ ရှေ့မှ သွားနှင့်ပြီဖြစ်သော အဖော်များနောက်သို့ လိုက်သွားကြ၏။

'ဟေ့ ဟေ့'

ကျင်းဖုံး ကပျာကယာ လှမ်းခေါ်လိုက်သည်။ ထိုလူများကား လှည့်မကြည့်ကြချေ။

ကျင်းဖုံး ဒေါ်ပွသွား၏။

'ဟေ့လူတွေ၊ ခင်ဗျားတို့ ဘယ်လို လုပ်ကြတာလဲ၊ ခင်ဗျားတို့မြင်း ခင်ဗျားတို့ ပြန်ယူသွားကြ'

ထပ်မံ အော်ပြောလိုက်လေသည်။

ထိုလူများက လုံးဝ လှည့်မကြည့်ကြချေ။ မုတ်ဆိတ်ရှည်အဘိုးအို ဦးဆောင်သော လူစုသည် ပို၍ လျင်မြန်စွာ ထွက်သွားကြလေ၏။

ကျင်းဖုံး ငေးကြည့်နေစဉ်မှာပင် ထိုလူစုမှာ ပို၍ ပို၍ ဝေးသွားလေတော့သည်။

ကျင်းဖုံးသည် အတန်ကြာ ငေးငိုက်ပြီး သူ့အတွက် ချန်ထားရစ်ခဲ့သည့် မြင်းညိုကြီးကို ကြည့်လိုက်၏။

ထိုမြင်းသည် မိန်းကလေးက သူ့အတွက် ပေးခဲ့သော မြင်းဖြစ်ပေသည်။

ထိုမိန်းကလေးသည် အဘယ်ကြောင့် သူ့အတွက် မြင်းတစ်ကောင် ပေးခဲ့ရပါသနည်း။

ကျင်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

ရုတ်တရက် သူက လက်ကို မြှောက်ကာ မြင်းညိုကြီး၏



တင်ပါးကို ဖြန်းခနဲ မြည်အောင် ရိုက်ချပစ်လိုက်၏။

'ဟီ ဟီ ဟီ'

နာကျင်စွာ ဟီလိုက်ပြီး ချက်ချင်းပင် ကဆုန်ပေါက်ကာ ထွက်ပြေးသွားတော့သည်။

ကျင်းဖုံး ရပ်ကြည့်နေ၏။ မြင်းညိုကြီးသည် မုတ်ဆိတ်ရှည် အဘိုးအိုတို့ လူစု ထွက်သွားသည့် လမ်းမအတိုင်း ဒုန်းစိုင်း ပြေးလွှားသွားသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ဆက်လက် ခရီးဆက်လာခဲ့သည်။

မကြာမီ မြို့လေးတစ်မြို့သို့ ဆိုက်ရောက်လာသည်။ ကျင်းဖုံးက စားသောက်ဆိုင် တစ်ဆိုင်၌ စားသောက်ဖွယ်ရာများ မှာကြားကာ စားသောက်လိုက်သည်။

ထိုစဉ် သူ၏ ဘေးဝိုင်းမှ အဘိုးအိုနှစ်ယောက်၏ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'သိုင်းလောကမှာ သွေးစားပျောက်ကွယ်သွားတာ ဆယ်နှစ်ကျော်ခဲ့ပြီ၊ အေးအေးချမ်းချမ်း ဖြစ်သွားလို့ အားလုံး ဝမ်းသာနေချိန်မှာ မရဏဓားရှင်ဆိုတာ ပေါ်လာပြန်တယ်၊ သိုင်းလောကကြီးဟာ ဘယ်တော့များမှ အေးချမ်းသာယာပါတော့မလဲ'

ကျန်တစ်ယောက်က

'မိတ်ဆွေကြီး စမ်းယုကလဲ တယ်စိတ်လျှော့သကိုး၊ သိုင်းရာဇာတစ်ယောက်လုံး ရှိပါသေးတယ်ဗျာ'

'ဩော်၊ မိတ်ဆွေရီကျင်း ဒါနဲ့ သိုင်းရာဇာက ရွှေအလံဂေဟာပိုင်ရှင်ရဲ့ မွေးနေ့ပွဲကို လာမယ်ထင်တယ်'

'ဟုတ်တယ်၊ ကဲ မွေးနေ့ပွဲ နောက်ကျနေဦးမယ်၊ သွားစို့'

သူတို့နှစ်ယောက်သည် ဆိုင်လုလင်ကို ခေါ်ကာ ကျသင့်ငွေ ပေးချေလိုက်ကြလေသည်။

ထို့နောက် စားသောက်ဆိုင်ထဲမှ ထွက်သွားကြ၏။ သူတို့နှစ်ယောက် မြင်ကွင်းမှ ကွယ်ပျောက်သွားသည့်တိုင် ကျင်းဖုံး၏ နားထဲဝယ် သူတို့ပြောသွားသည့် သိုင်းရာဇာဟူသော အမည်ကို ကြားယောင်နေမိသည်။

တရှာယ်လို့သာ သိုင်းရာဇာဟာ ဝမ်းဟန်ဖြစ်နေရင် ငါတောင်ပင်လယ်အထိ သွားနေစရာ မလိုတော့ဘူးပေါ့။

ထိုသို့ တွေးမိသောအခါ သူသည် တက်တက်ကြွကြွ ဖြစ်လာလေတော့သည်။ .

သူက စားသောက်ခ ကျသင့်ငွေကို ပေးချေလိုက်၏။ ထို့နောက် ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

စမ်းယုနှင့် ရီကျင်း တို့ကို မတွေ့ရတော့ပါ။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် စိန်ပန်းများ အစီအရီ ပေါက်ရောက်လျက် ရှိပေသည်။ သာယာလှပသော ပတ်ဝန်းကျင်ကို ကျင်းဖုံး ဂရုမပြုနိုင်အားပါချေ။

ရှေ့သို့ ခပ်သုတ်သုတ် လျှောက်သွားနေသည်။

စမ်းယုနှင့် ရီကျင်းတို့အား မီလိုမီငြား လိုက်သွားခြင်း ဖြစ်ပါ၏။

သူတို့နှစ်ယောက်ထံတွင် သိုင်းရာဇာဆိုသူ အကြောင်း မသိမသာ စုံစမ်းကြည့်ရန် စိတ်ကူးမိ၍ လိုက်လာခြင်း ဖြစ်ပါသည်။

သို့သော် အတန်ကြာ လျှောက်လာပြီးသည့်တိုင် ဝမ်းယုနှင့် ရီကျင်းတို့၏ အရိပ်အယောင်ကို မတွေ့ရချေ။



ကျင်းဖုံး မကျေမနပ်ဖြစ်သွား၏။

ထိုစဉ်မှာပင်

'ဘေးကို ဘေးကို'

အော်သံနှင့်အတူ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကျင်းဖုံး လှည့်ကြည့်လိုက်၏။

ထိုအခါ လူတစ်ယောက်သည် မြင်းဖြူကြီးတစ်ကောင်ကို စီးနင်းကာ ဒုန်းစိုင်းလာသည်ကို တွေ့လိုက်ရ၏။

ထိုအချိန်၌ သူသည် လမ်းအလယ်တည့်တည့်တွင် ရပ်နေမိ၏။

'ဟေ့ ဘေးဖယ်လို့ ပြောနေတာ မကြားဘူးလား'

မြင်းစီးသမားက အော်ငေါက်ရင်း လက်ထဲမှ မြင်းနှင်တံဖြင့် လှမ်းရိုက်လိုက်သည်။

'ရွှီ'

မြင်းနှင်တံသည် ဓားတစ်စင်းပမာ ကျရောက်လာ၏။

ကျင်းဖုံး ရင်ထိတ်သွား၏။

ကပျာကယာ လေထဲကျွမ်းပစ်ရင်း မြင်းနှင်တံကို ဖမ်းဆုတ်လိုက်သည်။

ထိုအချိန်တွင် မြင်းဖြူကြီးသည် သူ၏ နံဘေးမှ တစ်ဟုန်ထိုး ဖြတ်ကျော်သွားသည်။

ကျင်းဖုံး မြေပေါ် ခြေချလိုက်သောအခါ မြင်းစီးသမားသည် ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားသည်ကို တွေ့ရသည်။

ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်၏။

'ရော့ ခင်ဗျား မြင်းနှင်တံ၊ ခင်ဗျား ပြန်ယူ'

အောင်ပြောရင် မြင်းနှင်တံကို လွှင့်ပစ်လိုက်၏။

'ရွှီ'

မြင်းနှင်တံမှာ မြွားတစ်စင်းပမာ အရှိန်ပြင်းစွာ ပစ်လွှင့်သွားလေသည်။

မြင်းဖြူပိုင်ရှင်သည် နောက်ပင် လှည့်မကြည့်ဘဲ လက်ဖွေယမ်းလိုက်၏။

မြင်းနှင်တံသည် ထိုလူ၏ လက်ထဲသို့ ပါသွားသည်ကို တွေ့လိုက်ရလေတော့သည်။

'ဟား ဟား ဟား'

မြင်းဖြူပိုင်ရှင်သည် ရယ်မောရင်း မြင်းကို အရှိန်ပြင်းစွာဖြင့် ဆက်လက် မောင်းနှင်သွားရာ မကြာမီ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ကျင်းဖုံး မကျေမနပ်ဖြစ်နေ၏။

ထိုလူ၏ သိုင်းပညာ မခေကြောင်း ထင်ရှား၏။ သိုင်းလောကသို့ သူ ခြေချမိသည်နှင့် ထိပ်တန်း သိုင်းသမားများစွာ ရှိနေကြောင်း သိလိုက်ရလေပြီ။

ကျင်းဖုံး စိတ်ကို ထိန်းချုပ်လိုက်၏။

သူ၏ မျက်နှာမှာ ခံစားချက် ကင်းမဲ့သည့်အသွင် ချက်ချင်းပြောင်းလဲသွား၏။ ရှေ့သို့ ဆက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် မလှမ်းမကမ်း၌ လမ်းညွှန်ဆိုင်းဘုတ်တစ်ခု ရှိနေပြီး ဆိုင်းဘုတ်ပေါ်တွင်

'ရွှေအလံ ရဲတိုက်သို့'

စာတမ်းတစ်ခု ရေးသားထားသည်ကို တွေ့လိုက်ရသည်။



ကျင်းဖုံး ဝမ်းသာသွား၏။

ထိုလမ်းကလေးအတိုင်း ခပ်သွက်သွက် လျှောက်သွားလေတော့သည်။

ထိုက်စန်းတောင်သည် သိုင်းလောကတွင် ထင်ရှားသော တောင်တစ်လုံး ဖြစ်သည်။ တောင်ကုန်းတောင်တန်းများတွင် ရှိလေ့ရှိထရှိသော ဂုဏ်အင်္ဂါရပ်များထက် ပိုသည့် ဝိသေသထူးကြောင့် ထင်ရှားခြင်းဖြစ်သည်။

ထိုက်စန်းတောင်ပေါ်တွင် သိုင်းလောက၏ ထင်ရှားသော ရွှေအလံရဲတိုက် တည်ရှိသည်။

ရွှေအလံရဲတိုက်ရှေ့တွင် သိုင်းလောကသားများဖြင့် စည်ကားနေ၏။

ကျင်းဖုံးက အကဲခတ်ကြည့်နေမိသည်။

သိုင်းလောကတွင် ကျင်လည်ကျက်စားနေကြသည့် သိုင်းလောကသားများ၊ သိုင်းအဖွဲ့အစည်းများမှ အရေးပါသူများ တစ်စုတစ်ဝေးတည်း ရောက်ရှိနေကြ၏။

ထိုအခြင်းအရာကို ကြည့်ခြင်းဖြင့် သိုင်းလောကတွင် ကြီးမားသော အရေးအခင်းကြီးတစ်ခု ပေါ်ပေါက်နေပြီဖြစ်ကြောင်း သိနိုင်ပေသည်။

စမ်းယုနှင့် ရီကျင်းတို့သည် သိုင်းလောကသားများဖြစ်ကြသည်မှာ ထင်ရှားလှသည်။

ရွှေအလံရဲတိုက်ပိုင်ရှင်မှာလည်း သိုင်းလောကသား ဖြစ်ရမည်မှာ မလွဲချေ။

ရွှေအလံရဲတိုက်ပိုင်ရှင်၏ မွေးနေ့တွင် သိုင်းလောကသားများ

စုံစုံညီညီ ရောက်ရှိလာနိုင်သည်။

ကျင်းဖုံးမှာ မြင်းဖြူပိုင်ရှင်ကို မေ့ လျော့သွား၏။

စိတ်ထဲ တက်တက်ကြွကြွ ဖြစ်လာသည်။

ရွှေအလံရဲတိုက်ထဲသို့ ဝင်ရန် ဆုံးဖြတ်လိုက်သည်။ ရှေ့တွင် မြင်နေရသည့် မြင်ကွင်းကို ထပ်မံ လှမ်းကြည့်လိုက်မိပြန်၏။

ရဲတိုက်ဆီသို့ သွားရာလမ်းကြောင်းကို ဖြောင့်ဖြူးစွာ တွေ့မြင်နေရပါသည်။

လူအချို့သည် ရဲတိုက်ဆီသို့ ဦးတည်သွားနေကြသည်ကိုလည်း တွေ့မြင်ရ၏။

ကျင်းဖုံး ဝမ်းသာသွားသည်။

'အတော်ပဲ ရဲတိုက်ကို သွားကြတဲ့ ဧည့်သည်တွေနဲ့ ရောပြီး လိုက်သွားရင် ဘယ်သူမှ ငါ့ကို သတိပြုမိမှာ မဟုတ်ဘူး'

ထိုသို့ တွေးပြီး ခပ်သုတ်သုတ် လျှောက်သွား၏။ မကြာပါချေ။ တောလမ်းကို လွန်မြောက်ကာ ဂေဟာဆီသို့ ဦးတည်သွားသည့် မြေနီလမ်းပေါ်သို့ ရောက်ရှိသွားသည်။

သူနှင့် မလှမ်းမကမ်းတွင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသူများသည် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ သွားနေကြ၏။ အချို့သည် မြင်းနှင့် လာကြသည်။

အချို့က ခြေလျင် ခရီးဖြင့် လာကြသည်။ ရဲတိုက်ဆီသို့ ဦးတည်သွားနေသည့် ဧည့်သည်များကို ကြည့်ရုံဖြင့် ရွှေအလံရဲတိုက်ပိုင်ရှင် ချန်းစန်း၏ မွေးနေ့ပွဲမှာ လွန်စွာမှပင် ကြီးကျယ်ခမ်းနားလိမ့်မည် ဖြစ်ကြောင်း သိနိုင်လေတော့သည်။

ကျင်းဖုံးသည် ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်ပြီး



ရှေ့မှသွားနေသည့် လူတစ်စုကို မီအောင် လိုက်သွားလေသည်။ ထိုလူစုမှာ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြပြီး လူငယ်လူရွယ် လူကြီးမိန်းမစသည်ဖြင့် လူမျိုးစုံ အရွယ်မျိုးစုံပါဝင်နေကြသည်။

လူတိုင်း၏ကိုယ်စီတွင် အရက်အိုး၊ ခမောက်၊ စုတ်တံ၊ ဓောင်း၊ ကြိမ်တုတ်တို့ကို တစ်ယောက်တစ်ခု ကိုင်ဆောင်ထား၏။

စုစုပေါင်း ခုနှစ်ယောက်တိတိ ရှိသည်။ ကျင်းဖုံးက ထိုလူစုအနီးသို့ မယောင်မလည်ဖြင့် ချဉ်းကပ်သွားပြီး သူတို့နောက်မှ လိုက်ပါသွားသည်။

ထိုလူစုမှာ ကျင်းဖုံးကို တစ်ချက်သာ ကြည့်ပြီး ဂရုမစိုက်ဘဲ ရှေ့ဆက်လျှောက်သွားကြ၏။ အားလုံးလိုလို ခပ်သုတ်သုတ် လျှောက်သွားကြရာ ရွှေအလံရဲတိုက်နှင့် နီးကပ်သည်ထက် နီးကပ်သွားလေတော့သည်။

ယခုမှ ရွှေအလံရဲတိုက်ကိုထင်ထင်ရှားရှားကြီး တွေ့မြင်နေရပေပြီ။ နန်းတော်ကြီးတစ်ခုအလား ကြီးကျယ်ခမ်းနားလှပေသည်။

ရဲတိုက်အဝင်အဝ၌ အစိမ်းရောင်ဝတ်ဆင်ထားသည့် အစောင့်အကြပ်များ စောင့်ကြပ်နေသည်ကို တွေ့မြင်ရသည်။

အစောင့်များသည် လှံရှည်များ ကိုင်ကာ မားမားမတ်မတ် ရပ်လျက် ကျောက်ရုပ်ကြီးများအလား စောင့်ကြည့်နေကြသည်။

ရဲတိုက်အဝင်တံခါးမကြီးဆီသို့ သွားသည့် ကျောက်ပြားလမ်းဘေးတစ်ဘက်တစ်ချက်ဆီ၌ နေရာယူ စောင့်ကြည့်နေကြပေသည်။

ရဲတိုက်အဝင်တံခါးမကြီးရှေ့၌ အဖြူရောင် ဝတ်ဆင်ထားသူ အဘိုးအိုတစ်ယောက်သည် တပည့်ငယ်သားများ ခြံရံကာ ရောက်ရှိလာသည့်ဧည့်သည်များအား ကြိုဆိုနှုတ်ဆက်နေပါသည်။ ထို

အဘိုးအိုမှာ ရွှေအလံရဲတိုက်ပိုင်ရှင် ချန်းစန်း၏ လူယုံတော် အိမ်ထိန်းကြီးဖြစ်သည်ကို ဂေဟာသို့ ရောက်ဖူးသူတိုင်း သိကြသည်။

ရွှေအလံရဲတိုက်တွင် ချန်းစန်းပြီးလျှင် အိမ်ထိန်းကြီးချူသည် ဩဇာအရှိဆုံးဖြစ်သည်ဟု ဆိုနိုင်၏။ ရောက်ရှိလာသည့် ဧည့်သည်များမှာ များပြားလှသည်ဖြစ်ရကား ရဲတိုက်အဝင်အဝ၌ လူတန်းကြီးဖြစ်နေတော့သည်။

ရဲတိုက်ရှေ့သို့ ရောက်လျှင် ကျင်းဖုံး၏ စိုးရိမ်ပူပန်စိတ်များ လျော့ပါးကွယ်ပျောက်သွားသည်။ ဂေဟာအတွင်းသို့ အခက်အခဲမရှိ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း စိတ်ဒုန်းဒုန်းချလိုက်သည်။

အဘယ်ကြောင့်ဆိုသော် အစောင့်အကြပ်များသည် ရောက်လာသူတိုင်းကို စစ်ဆေးခြင်းမပြုဘဲ အတွင်းဘက်ဝင်ခွင့်ပြုနေသည် မဟုတ်လား။

ကျင်းဖုံး ကပ်လိုက်လာသည့် လူစုသည် ရဲတိုက်အရှေ့မှ လူတန်းကြီးနောက်တွင် ဝင်၍ ရပ်လိုက်ကြ၏။ **သူတို့အထဲမှ စကားသံ** တစ်ချက် ထွက်ပေါ်လာ၏။

'မွေးနေ့ပွဲကို လာရတာ ကလေးကလားဆန်လိုက်တာ၊ တန်းစီပြီး ဝင်ရတယ်လို့'

စကားသံမှာ အနည်းငယ် ကျယ်လောင်နေသဖြင့် ရှေ့မှ တန်းစီနေသူများ လှည့်ကြည့်လာကြသည်။ အချို့မှာ မျက်နှာထား ခက်ထန်တင်းမာသွားပြီး အချို့မှာ ထိတ်လန့်တုန်လှုပ်သွားကြပုံရသည်။ ကျင်းဖုံးမှာ ထိုလူခုနစ်ယောက်ကို ပိုပြီး စိတ်ဝင်စားသွား၏။

ထိုလူများသည် ရွှေအလံရဲတိုက်ပိုင်ရှင်၏ အရှိန်အဝါကို ဂရုမထားသူများဖြစ်သည်ဟု တွက်ဆမိ၏။ အခြားသူများသည်



ရွှေအလံရဲတိုက်ပိုင်ရှင်နှင့် ခင်မင်ရင်းနှီးသည်ဟူသော ဂုဏ်ပုဒ်ကို မက်မောနေကြပုံရှိကြောင်း တွေ့မိ၏။

ထိုအချိန်တွင် ရှေ့မှ လူများ ရဲတိုက်အတွင်းသို့ တစ်ယောက်ပြီးတစ်ယောက် ဝင်သွားကြရာ ထူးဆန်းသော လူစုအလှည့် ရောက်ရှိလာသည်။

အဝင်ဝတံခါးမကြီးရှေ့၌ ရပ်ကာ ရောက်လာသမျှ ဧည့်သည်တိုင်းအား လှိုက်လှဲပျူငှာစွာ ကြိုဆိုနေသည့် အိမ်ထိန်းကြီးချူသည် ထိုလူစုကို မြင်လျှင် မျက်နှာတည်သွားသည်။

သို့သော် ချိုသာသောလေသံဖြင့် ဖိတ်ခေါ်လေ၏။

'လူထူး လူဆန်း ခုနစ်ယောက် ရောက်လာကြတာကိုး၊ ကြိုဆိုပါတယ်ဗျာ၊ အတွင်းဘက်ကို ကြွကြပါ'

လူထူးလူဆန်းဟူသော အမည်ကို ကြားရလျှင် ကျင်းဖုံး တစ်ကြိမ်တည်းနှင့် စွဲစွဲမြဲမြဲ မှတ်မိသွားလေတော့သည်။

'လူထူးလူဆန်း ခုနစ်ယောက်ဆိုပါ့လား၊ မှတ်ထားမှပဲ'

**ထိုစဉ်** အိမ်ထိန်းကြီးချူက ပြောလိုက်၏။

'**ယောဒီကာ** မိတ်ဆွေတွေကို နေရာချပေးလိုက်ပါ'

အသင့်စောင့်ဆိုင်းနေသည့် တပည့်တစ်ယောက်ကို ပြောလိုက်၏။ တပည့်လုပ်သူကလည်း ဦးညွှတ် အရိုအသေ ပေးကာ လေးစားစွာ ပြောလေ၏။

'ကျွန်တော့်နောက်ကို လိုက်ခဲ့ကြပါခင်ဗျာ'

လူထူးလူဆန်း ခုနစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ သဘောကျစွာ ပြောလိုက်ကြသည်။ ဓားတစ်လက် ကိုင်ဆောင်ထားသူက....

'ရွှေအလံရဲတိုက်က လူတွေ တယ်လည်း ယဉ်ကျေးသိမ်မွေ့ကြပါလား၊ လူမှုရေးလည်း နားလည်ကြတာ လွန်ပါရော၊ ဒါကြောင့်လည်း သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတာပဲကိုး'

ဟုကျယ်လောင်စွာဖြင့် ပြောလိုက်သည်။ ထိုလူသည် စိတ်ပါလက်ပါ ချီးကျူးလိုက်ခြင်းလော။ သို့တည်းမဟုတ် အရွဲ့တိုက်လိုသည့် သဘောဖြင့် ပြောဆိုခြင်းလော။ သူကိုယ်တိုင်နှင့် သူ၏ အဖော်များကသာလျှင် သိနိုင်ကြမည် ဖြစ်ပါသည်။

သူ၏ အဖော်များကလည်း ခေါင်းတညိတ်ညိတ်ဖြင့် ပြောကြသည်။

'ဟုတ်တယ် ဟုတ်တယ်'

ထို့နောက် သဘောကျစွာ ရယ်မောလိုက်ကြလေတော့သည်။ အိမ်ထိန်းကြီးချူက သူတို့ ပြောဆို ရယ်မောနေကြသည်ကို တွေ့ရသော်လည်း မည်သို့မျှ သဘောထားပုံ မရချေ။ တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

'အထဲကို ကြွကြပါဗျာ'

လူထူးဆန်း ခုနစ်ယောက်လည်း ထပ်မံ ပြောဆိုနေခြင်း မပြုတော့ပါ။ လမ်းပြ ခေါ်ဆောင်သွားသူနောက်သို့ စုရုံးလိုက်ပါသွားကြသည်။ ကျင်းဖုံးလည်း မယောင်မလည်ဖြင့် လိုက်သွားရန် ဟန်ပြင်လိုက်၏။ ထိုစဉ်

'မိတ်ဆွေလေးက ရဲတိုက်ပိုင်ရှင်ကို ဂါရဝပြုဖို့ လာခဲ့တာလား'

အိမ်ထိန်းကြီးချူ၏ အမေးစကား ထွက်ပေါ်လာသည်။

ကျင်းဖုံး၏ ခြေလှမ်း တုန့်ခနဲ ရပ်သွား၏။ အိမ်ထိန်းကြီးချူကို လှည့်ကြည့်လိုက်၏။ ထိုအခါ သူ့အား စူးစမ်းသောအကြည့်ဖြင့် ကြည့်နေသည်ကို တွေ့ရလေသည်။ အိမ်ထိန်းကြီးချူ၏ အကြည့်သည် ရင်ထဲသို့တိုင် ထိုးသွင်းစူးစမ်းလာသည့် အကြည့်မျိုးဖြစ်သည်ဟု ကျင်းဖုံး ရိပ်မိသည်။

သူ၏ ဘဝတစ်လျှောက်လုံးတွင် ထိုသို့သော အကြည့်မျိုး အကြိမ်ပေါင်း များစွာ အကြည့်ခံရခဲ့ဖူးပေသည်။ ကျင်းဖုံး၏ မျက်နှာမှာ ဟန်အမူအရာ ကင်းမဲ့သွား၏။

ရှဲ့တောင်းက သူ့အား ကျောက်ရုပ်ဟု ခေါ်ခဲ့သည့် အနေအထားသို့ တစ်မှုဟုတ်ချင်း ရောက်ရှိသွားခြင်း ဖြစ်သည်။

'မိတ်ဆွေလေးက'

အိမ်ထိန်းကြီးချူက ထပ်မေးရန် ဟန်ပြင်လိုက်၏။ သူ၏ စကားမဆုံးမီ ကျင်းဖုံးက ကြားဖြတ်ပြောလိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

လိမ်ညာပြောလိုက်ရခြင်းကြောင့် သူ၏အသံ ခြောက်ကပ်ကပ် ဖြစ်နေသည်။ အိမ်ထိန်းကြီးချူးက ထပ်မံ မေးမြန်းခြင်းမပြုတော့သည့်အတွက် တော်ပေသေးသည်ဟု ဆိုရမည် ဖြစ်ပါသည်။

'အထဲကို ကြွပါ မိတ်ဆွေလေး'

ထိုစကားကြောင့် ကျင်းဖုံး အသက်ရှူချောင်သွား၏။ အတွင်းဘက်သို့ ခပ်သွက်သွက် လှမ်းဝင်လိုက်သည်။

ရဲတိုက်အတွင်းဝယ် ကျယ်ဝန်းသော ခန်းမဆောင်ကြီးတစ်ခု ရှိနေပါ၏။ စားပွဲ ကုလားထိုင်များ အစီအရီ ချထားပြီး ဧည့်ပရိသတ်များ စုံစုံညီညီ ရှိကြသည်။

အစိမ်းရောင်ဝတ်ဆင်ထားကြသည့် အိမ်ဖော်လုလင်များသည် စားသောက်ဖွယ်ရာ ထည့်ထားသည့် လင်ပန်းများ ကိုင်ဆောင်

ထားသည်။ ပရိသတ်အတွက် လိုလေသေးမရှိအောင် လိုက်လံ ဖြည့်ဆည်းပေးနေကြ၏။ စားပွဲများပေါ်ဝယ် စားသောက်ဖွယ်ရာများနှင့် အရက်အိုးများလည်း အရန်သင့် ရှိနေသည်။

ဧည့်ပရိသတ် များပြားလှသည်ဖြစ်ရကား ကျင်းဖုံး တိတ်တခိုး သက်ပြင်းချလိုက်မိသည်။ စမ်းယုနှင့် ရီကျင်းတို့အား ရှာဖွေတွေ့ရှိဖို့ မလွယ်မှန်း နားလည်လိုက်၏။ ထို့ကြောင့် နေရာလွတ်သည့် စားပွဲတစ်လုံးတွင် ထိုင်ချလိုက်၏။

ထိုင်ပြီးမှ ကပ်လျက်စားပွဲ၌ လူထူးလူဆန်း ခုနစ်ယောက် ထိုင်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ကျင်းဖုံး ဝမ်းသာသွားသည်။

မည်သူ့ကိုမျှ အရေးစိုက်ဟန် မပြသည့် လူထူးလူဆန်း ခုနစ်ယောက်ကို စိတ်ထဲမှ ကြိတ်ပြီး သဘောကျမိ၏။ လူထူးလူဆန်း ခုနစ်ယောက်ကို မသိမသာ အကဲခတ်ကြည့်ရင်း ကိုယ့်အဖြစ်ကို ပြန်ပြီး သုံးသပ်မိသည်။ သူ၏ ငယ်စဉ်ဘဝတစ်လျှောက် ကြုံတွေ့ခံစားခဲ့ရသော ဒုက္ခသည် သူ့အား စကားနည်းသော၊ ရက်စက်သော တစ်ကိုယ်ကောင်းဆန်သော လူတစ်ယောက်အဖြစ် တွန်းပို့လိုက်ခြင်း ဖြစ်ပါသည်။

သေရမှာကို မကြောက်တဲ့ အသက်ရှင်သန်နေနိုင်မည့် နည်းလမ်းကို နားလည်သူ ဖြစ်လာခဲ့သည်။ ရှဲ့တောင်းနဲ့ တွေ့ပြီးမှ သူ၏ ဘဝ အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့ရသည်။

မျှော်လင့်ချက် ကင်းမဲ့သည့်ဘဝမှ မိမိ လိုအင်ဆန္ဒကို ရည်ရွယ်မျှော်လင့်နိုင်သူတစ်ယောက် ဖြစ်လာခဲ့သည်။

ရှဲ့တောင်းနှင့်ခွဲကာ မြောက်ဘက်တောင်တန်းမှ ဆင်းလာချိန်



တွင် သူ၏ စိတ်အတွင်းဝယ် စိတ်ထား နှစ်မျိုး ရှိခဲ့သည်။ ကျောက်ရုပ်ပမာ မတုန်မလှုပ်ရှိသည့် စိတ်ကတစ်ဘက်၊ ရည်မှန်းချက်အတိုင်း ပြီးမြောက်အောင်မြင်ရန် ကြိုးစားလိုစိတ်က တစ်ဖက်၊ တစ်လှည့်စီ ပြောင်းလဲဖြစ်ပေါ်ခဲ့ပေသည်။

ကျင်းဖုံး တွေးတော စဉ်းစားနေစဉ် သူထိုင်နေသည့် စားပွဲ၌ နောက်ထပ် ဧည့်သည်များ ရောက်ရှိလာကာ ဝင်ထိုင်ကြသည်။ စားပွဲတစ်လုံး၌ လူ လေးယောက် ဝိုင်းဖွဲ့ထိုင်နိုင်ရန် ပြင်ဆင်ထားပါသည်။

ကျင်းဖုံးမှာ တစ်ကိုယ်တည်းသမားဖြစ်သည်။ နောက်ရောက်ပြီး ထိုင်ချသည့် သုံးယောက်အနက် နှစ်ယောက်သည် အတူတကွ လာကြသူများ ဖြစ်ပြီး တစ်ယောက်မှာ တစ်ဦးတည်း လာသူ ဖြစ်သည်။

တစ်ယောက်တည်းသမားမှာ လူဝကြီးဖြစ်သည်။ ထိုလူဝကြီးမှာ ပါးစုန့်ကြီးများ ထွက်နေသည့်အတွက် မျက်နှာကြီး ဖောင်းကားလျက်ရှိပြီး ဗိုက်ကြီးရွဲကာ စည်ပိုင်းကြီးတစ်လုံးပမာ ပုံပျက်ပန်းပျက် ဝဖိုင့်နေသူ ဖြစ်၏။ တစ်ချိန်လုံး ပြုံးနေသဖြင့် မျက်နှာမှာ ကလေးတစ်ယောက်နှင့်ပင် တူနေတော့သည်။

သူ၏ အဝတ်အစားများမှာလည်း အပြောင်သားဖြင့် ချုပ်ထားလေရာ ပြောင်ပြောင်လက်လက် ဖြစ်နေ၏။ သူ့အား မြင်တွေ့ရသူ အပေါင်း ပြုံးမိကြမည်ဖြစ်ပေသည်။

ကျန်နှစ်ယောက်မှာ ခရမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားကြသည်။ ရှည်လျားသော ဆံပင်များကို ကျစ်ဆံမြီးရှည်ကျစ်ကာ လည်ပင်း၌ ရစ်ခွေထားကြသည်။

မျက်ခုံးထူထူ နှာခေါင်းချွန်ချွန် ရှုးရှုတောက်ပသော မျက်လုံး

ပိုင်ရှင်များ ဖြစ်ကြသည်။ ထိုလူသုံးယောက်စလုံးသည် ထိုင်ခုံများ၌ ထိုင်ချလိုက်ကြသော်လည်း စားသောက်ဖွယ်ရာများကို လက်ဖျားနှင့်ပင် မတို့ကြချေ။

ကျင်းဖုံးကလည်း စားသောက်ခြင်း မပြုပါ။ ထို့ကြောင့် သူတို့၏ စားပွဲ၌ လူလေးယောက် စုံစုံညီညီ ရှိနေသော်လည်း အခြားစားပွဲများကဲ့သို့ ဗွန်းသံ၊ ပန်းကန်သံ၊ စကားပြောသံ၊ ရယ်မောသံများ ထွက်ပေါ်နေခြင်း မရှိဘဲ ခြောက်ကပ်ကပ် ဖြစ်နေတော့သည်။ ထိုအချိန်တွင် အိမ်ဖော်လုလင်တစ်ယောက်သည် သူတို့ စားပွဲအနီးသို့ ချဉ်းကပ်လာပြီး ဦးညွှတ် အရိုအသေပြုကာ

'သုံးဆောင်ကြပါခင်ဗျာ၊ လိုအပ်တာရှိရင်လည်း ပြောပါ'

တလေးတစား ပြောလာလေသည်။ ခရမ်းရောင်ဝတ်ဆင်ထားသူ နှစ်ယောက်အနက် နဖူးပေါ် မှဲ့ရှိသူက ပြောလိုက်၏။

'ကျုပ်တို့ စားသောက်ဖို့ လာတာ မဟုတ်ဘူး'

သူ့စကားက ပြတ်သားသည်။ သူ၏ စကားလုံးများမှာ ရေခဲတောင်မှ ထွက်ပေါ်လာသည့်အလား အေးစက်စက် နိုင်လွန်းလှပေ၏။

အိမ်ဖော်လုလင်မှာ မမျှော်လင့်ဘဲ အပြောခံလိုက်ရခြင်းကြောင့် အံ့ဩသွားသလို မျက်နှာပျက်သွားရသည်။ သို့သော် လက်နှစ်ဖက်ဆုတ်ကာ ဦးညွှတ်ရင်း

'ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ'

တောင်းပန်စကား ပြောကြားပြီးကာ လှည့်ထွက်သွားသည်။ ခရမ်းရောင်ဝတ်ဆင်ထားသူ နှစ်ယောက်သည် အားနာမှု လုံးဝ မရှိဘဲ ခပ်တည်တည် ဆက်ပြီး ထိုင်နေကြသည်။



ကျင်းဖုံးလည်း ဘာမှ မပြောပါ။ ကိုယ်နှင့်မဆိုင်သလို ထိုအဖြစ်အပျက် ဖြစ်ပေါ်ခဲ့ခြင်း မရှိသလို အေးအေးဆေးဆေး ထိုင်နေသည်။

လူဝကြီးကလည်း ပြုံးရောင်သမ်းသည့် မျက်နှာဖြင့် ထိုင်နေသည်။ ဘာမှမပြောသလို ထိုလူနှစ်ယောက်အား ကြည့်လည်း မကြည့်ချေ။ စားပွဲပေါ်ရှိ စားသောက်ဖွယ်ရာများကို စိုက်ကြည့်နေသည်။

စားသောက်ဖွယ်ရာ ဟင်းလျာများကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသဖြင့် အထူးအဆန်းပမာ ကြည့်နေသည်နှင့်ပင် တူလှပေတော့သည်။ ထိုစဉ်

'ငါတို့တော့ သိုင်းလောကက ထွက်သွားဖို့ ကောင်းနေပြီကွ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်။ ကျင်းဖုံးတို့နှင့် ကပ်လျက်ရှိသည့် လူထူးလူဆန်း ခုနစ်ယောက်ထိုင်နေသည့် စားပွဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

စောင်းတစ်လက် လွယ်ထားသည့် အသက်လေးဆယ်ခန့်ရှိသူ၏ စကားသံပင် ဖြစ်ပေသည်။ ထိုလူ၏ စကားကို ကြားလျှင် တယောသမားပုံပေါက်နေသည့် လူက မေးလိုက်သည်။

'ဘယ်လို စိတ်ပျက်စရာများ တွေ့နေလို့လဲ အစ်ကို စောင်းသမားရဲ့'

ထိုလူမှာ အသက် နှစ်ဆယ်ခန့် ရှိသည်။ ပျော်ပျော်နေတတ်သည့် လူငယ်တစ်ယောက်နှင့် တူသည်။ လူငယ်၏ အမေးစကား အဆုံးတွင် အမျိုးသမီး အသံတစ်သံ ထွက်ပေါ်လာ၏။

'မောင်လေး လက်ဘသမားကလည်း တို့တွေက ပရမ်းပတာနေတဲ့လူတွေ၊ ပြဿနာကောင်တွေလို့ လူတွေက ကျွ[illegible]ရာမှာ အတင်း

အဖျင်းတွေ ပြောနေကြတယ် မဟုတ်လား။ တကယ့်ပြဿနာကောင်တွေ ရှိနေတာကြတော့ ဘယ်သူမှ အရေးမလုပ်ကြဘူး၊ ဒါကြောင့် စောင်းသမားက စိတ်ပျက်ဖို့ ကောင်းတယ်လို့ ပြောနေတာပေါ့ကွယ်'

အသက်လေးဆယ်ခန့် အမျိုးသမီးက ကြားဝင် ရှင်းပြလိုက်လေ၏။ သူမသည် ရုပ်ဆိုးဆိုး ပုံမကျ ပန်းမကျ ဖြစ်သော်လည်း မျက်နှာတွင် မှုန်နံ့သာများ အလွန်အကျွံ ခြယ်သထားသူ ဖြစ်လေ၏။ **အသားမဲ** အရဲဆင်ဆိုသည့် စကားလို ဖြစ်နေသည်။ သူမ၏ ကျောပေါ်တွင် ကြိမ်တုတ်တစ်ချောင်း လွယ်ထား၏။ လက်ှာသမားဆိုသည့် လူငယ်က ယခုမှ နားလည်သဘောပေါက်သွားသည်ဟန်ဖြင့် ပြောလိုက်လေ၏။

'**လက်စသတ်တော့ ဒီလိုကိုး၊ ကျွန်တော်တို့ကို ပြဿနာကောင်တွေလို့** ပြောနေကြမယ့်**အတူတူ** မထူးပါဘူး၊ **အစ်မကြီးကြိမ်တုတ်** ပြောတဲ့လူတွေကို **ပြဿနာ**ရှာလိုက်ကြရအောင်'

သူသည် ပြဿနာ လုပ်ရအောင်ဟု လှုံ့ဆော်သည်။ ကြိမ်တုတ်ဆိုသော အမျိုးသမီးက

'ငါ့သဘောထားကို မမေးနဲ့ဦးလေ၊ ခမောက်ကို မေးကြည့်'

သူမ၏ လက်ဝဲဘက်၌ ထိုင်နေသည့် အဘိုးအိုအားမေးဆတ် ပြလိုက်လေသည်။

ထိုအဘိုးအိုမှာ ဖျင်ကြမ်းအကျႌ ဝတ်ဆင်ထား၏။ သူ၏ခေါင်း၌ ကြီးမားသော ခမောက်ဆောင်းထားသည်။ ကျေးတောသားတစ်ယောက်နှင့် တူလှပေသည်။ လူထူးဆန်းခုနစ်ဖော်တွင် အသက်အကြီးဆုံး ဖြစ်ပေသည်။

ကြိမ်တုတ်ဆိုသည့် အမျိုးသမီး၏ စကားကို ကြားသောအခါ အဘိုးအို မျက်လုံးပြူးသွားသည်။

'ဟော့ ဟော့ အေးအေးနေကြစမ်းပါကွာ၊ တို့မှာ ပြဿနာတွေက များလွန်းလို့ နောက်ထပ်ပြဿနာ မရှာချင်စမ်းပါနဲ့'

ကမျာကယာ တားမြစ်လိုက်သည်။ စောင်းသမား၊ လက်ှာသမားနှင့် ကြိမ်တုတ်တို့ ငြိမ်သွားကြလေ၏။ ခမောက်ဆိုသည့် အဘိုးအိုကလည်း ဆက်မပြောတော့ဘဲ မီးသေနေပြီဖြစ်သော ဆေးတံကို မီးညှိကာ ရှုရှိုက်နေလေတော့၏။

ထိုစဉ် အဘိုးအိုနှင့် ကပ်လျက်ထိုင်နေသည့် အသက်တစ်ဆယ့်ရှစ်နှစ်ခန့်ရှိ မိန်းကလေးထံမှ စကားသံ ထွက်ပေါ်လာသည်။

'ဘဘ ခမောက် သူများတွေက စားသောက်ဖို့ လာကြတာမဟုတ်ဘူးဆိုတော့ ကျွန်မတို့က စားသောက်ဖို့ လာကြတာပေါ့'

သူမ၏ အသံမှာ မြွေတွန်သကဲ့သို့ပင် နားဝင်ဆိုးလှ၏။ ခမောက်မှာ မျက်လုံးပြူးသွားပြန်သည်။ မိန်ကလေးကို စောင့်ငဲ့ကြည့်လိုက်၏။

ထိုမိန်းကလေးမှာ ချောမောလှပသူလေး ဖြစ်သည်။ ခမောက်က မိန်းကလေးအား တုံ့ပြန်ပြောဆိုရန် ဟန်ပြင်လိုက်စဉ်မှာပင် ကြားသံတစ်သံ ဝင်လေ၏။

'ညီမလေး မြွေစိမ်း၊ လူတိုင်းလူတိုင်း စားသောက်နေကြတာ မတွေ့ဘူးလား၊ မစားတဲ့လူက ပါးစပ်မပါလို့ပေါ့ဟ'

ခပ်ပုပု ဂင်တိုတိုရှိသူတစ်ယောက်က ဝင်ပြောလိုက်ခြင်း ဖြစ်လေသည်။ ထိုလူ၏ စကား ဆုံးသွားသောအခါ

'ပါးစပ်မပါတဲ့လူ ဟုတ်လား အစ်ကိုကြီး'

'အရက်အိုးကလည်း ပြောရှော့မယ် ဟင်း ဟင်း ဟင်း'

မြွေစိမ်းဆိုသော မိန်းကလေး သဘောကျစွာ ရယ်မောလိုက်သည်။ အရက်အိုးဆိုသူက ထပ်ကွန့်လိုက်သည်။

'ဟ ငါတကယ်ပြောတာဟ'

ထို့နောက် ဆေးတံကို ဆက်ဖွာနေသည်။ အရက်အိုး၏ စကားအဆုံးတွင် အသံတစ်သံ ပေါ်လာပြန်သည်။

'ညီမလေးမြွေစိမ်း၊ နင်ဘာသိလို့လဲ အရက်အိုးက ပညာရှိစကား ပြောလိုက်တာဟ'

ပါးစပ်ပြဲပြဲ၊ မျက်လုံးပြူးပြူးရှိသူက ဝင်ပြောသည်။ ထိုလူသည် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး သူဌေးသူကြွယ်တစ်ယောက်နှင့် တူလှသည်။ သူတို့အုပ်စု၏ ဝတ်စားဆင်ယင်မှုမှာ အမျိုးမျိုး အဖုံဖုံ ကွဲပြားလှသည်။ မိန်းကလေးက

'ပညာရှိစကား ဟုတ်လား၊ ကျွန်မ ဉာဏ်မမီလို့ အစ်ကိုကြီးပဲ ရှင်းပြပါ'

ပြန်မေးလိုက်လေသည်။ အစ်ကိုကြီးဆိုသူသည် ထိုလူစုတွင် အသံအကျယ်ဆုံး ဖြစ်ပေသည်။

'တယ်ခက်ပါ့လား၊ ပါးစပ်ဆိုတာ စားဖို့ သောက်ဖို့ စကားပြောဖို့ပဲ မဟုတ်လား၊ ပါးစပ်မပါဘဲ ဘယ်စားတတ်ပါ့မလဲ၊ စကားလည်း ဘယ်ပြောတတ်မလဲ၊ စကားပြောမယ်၊ စားမယ်ဆိုရင်လည်း ဘယ်သူကမှ နားလည်မှာ မဟုတ်ဘူး၊ သူတို့စကားဟာ ဘုကလန့်တွေ ဖြစ်နေလိမ့်မယ်'

'လက်စသတ်တော့ ဒီလိုကိုး၊ ကျွန်မစိတ်ထဲမှာတော့ ပါးစပ်တင်မကဘူး၊ နားပါ မပါဘူးထင်တယ်'

'ဟော'



အစ်ကိုကြီး အံ့ဩသွားဟန် ဆောင်လိုက်သည်။ မြွေစိမ်းက 'အစ်ကိုကြီးစဉ်းစားကြည့်လေ။ ကိုယ်ကလည်း သူများနားထောင်ကောင်းအောင် ပြောနိုင်မှာ မဟုတ်ဘူး၊ သူများပြောတဲ့စကားလည်း နားလည်တတ်မှာ မဟုတ်ဘူး၊ ဘာနဲ့ တူသလဲဆိုရင် လူတစ်ယောက်နဲ့ မျောက်နှစ်ကောင် စကားပြောနေကြတာနဲ့ တူနေတယ်'

'ဟား ဟား ဟား'

သူမ၏ စကားအဆုံးတွင် ကျန်လူများ ဝိုင်းဝန်း ရယ်မောလိုက်ကြလေ၏။ သူတို့သည် ကျစ်ဆံမြီးရှည်ရှိသူတစ်ယောက်က အိမ်ဖော်လုလင်အား မချေမငံ ဆက်ဆံလိုက်သည်ကို ရည်ရွယ်ကာ ပြောဆိုနေခြင်းဖြစ်ကြောင်း ကျင်းဖုံး ရိပ်မိလိုက်၏။ လူထူးလူဆန်း ခုနစ်ယောက် အချင်းချင်း စည်းလုံးညီညွတ်မှု ရှိလှသည်ဟုလည်း တွေးမိလိုက်သည်။

တစ်စားပွဲတည်း ထိုင်နေသည့် ကျစ်ဆံမြီးရှည် ရှိသူနှစ်ယောက်ကိုလည်း မသိမသာ အကဲခတ်ကြည့်လိုက်မိသည်။ ထိုလူနှစ်ယောက်၏ မျက်နှာတွင် မကျေနပ်သည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်ကို တွေ့ရ၏။

နဖူးပေါ် မှဲ့ရှိသူသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ လူထူးလူဆန်း ခုနစ်ယောက်ထံ လှမ်းသွားရန် ဟန်ပြင်လိုက်၏။

ကျန်တစ်ယောက်က ဘာမှ မပြောဘဲ ထိုင်ကြည့်နေ၏။ ကျင်းဖုံး သက်ပြင်းချမိသည်။ ပွဲကြီးပွဲကောင်းတစ်ခု ကြည့်ရတော့မည်ဟုလည်း တွေးမိ၏။ ထိုစဉ်မှာပင်

'ရဲတိုက်ပိုင်ရှင် ကြွလာပါပြီ'

ကြေငြာသံ အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်

ရသည်။ ပရိသတ်များက လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ကျစ်ဆံမြီးရှည်နှင့်လူသည် လူထူးလူဆန်း ခုနစ်ဖော်ထံ မသွားဖြစ်တော့ချေ။ နေရာတွင် ပြန်လည် ထိုင်ချလိုက်၏။ လူထူးလူဆန်း ခုနစ်ဖော်အပေါ် မကျေနပ် မှုကို ခေတ္တမြိုသိပ်ထားလိုက်ပုံ ရသည်။

ကျင်းဖုံး လှမ်းကြည့်လိုက်သည်။ ထိုအခါ ရဲတိုက်ပိုင်ရှင်သည် ခန်းမဆောင်တစ်ဘက်မှ လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရသည်။ ကျားသားရေဖြင့် ချုပ်ထားသည့် ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားသူ လေးယောက်သည် အညိုရောင်အဘိုးအိုတစ်ယောက်အား ခြံရံကာ လှမ်းလာနေကြ၏။

ကျားသားရေ ဝတ်ထားသူများမှာ အသက်လေးဆယ်ခန့်ရှိကြပြီး လွန်စွာမှပင် သွက်လက်ဖျတ်လတ်သူများ ဖြစ်ကြောင်း သူတို့၏ လှုပ်ရှားပုံကို ကြည့်ရုံဖြင့် သိနိုင်သည်။

အညိုရောင်ဝတ်ဆင်ထားသည့် အဘိုးအိုမှာ လွန်စွာမှပင် ဥပဓိရုပ်ကောင်းသူ ဖြစ်ပေသည်။ မြင်ရသူတိုင်း ကြည်ညိုလေးစားသည့် စိတ်များ တဖွားဖွား ပေါ်ပေါက်လာနိုင်သည်။ ထိုအဘိုးအိုမှာ ရွှေအလံရဲတိုက်ပိုင်ရှင် ချန်းစန်း ဖြစ်သည်။

'ရွှေအလံရဲတိုက်ပိုင်ရှင်ကြီး သက်တော်ရာတော် ရှည်ပါစေ'

ဧည့်ပရိသတ်များက တစ်ခဲနက် ဟစ်ကြွေးလိုက်ကြ၏။ ချန်းစန်းက လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်လေသည်။

ဆူဆူညံညံ ထွက်ပေါ်နေသည့် အသံဗလံများ မီးကို ရေဖြင့် ငြိမ်းသတ်လိုက်သည့်အလား တိတ်ဆိတ် ငြိမ်သက်သွားသည်။ ချန်းစန်းက ဧည့်ပရိသတ်များကို ဝေ့ကြည့်လိုက်ပြီး နှုတ်ခွန်းဆက်စကားကို ပြောကြားလေ၏။



'ကျုပ်ရဲ့ မွေးနေ့ပွဲကို အခုလို ကြွရောက်ချီးမြှင့်ကြတဲ့အတွက် ကျေးဇူးတင်ကြောင်း အရင်ဆုံး ပြောပါရစေ'

စကားကို ခေတ္တရပ်၍ ဧည့်ပရိသတ်များကို အကဲခတ် ကြည့်လိုက်ပြန်သည်။ ဧည့်ခန်းမဆောင်အတွင်း၌ ရှိနေသူများ၊ သူ၏ စကားကို စိတ်ဝင်စားစွာ နားစွင့်နေကြောင်း သေချာမှ ဆက်ပြောလိုက်၏။ တီးတိုးပြောနေသူများလည်း ရပ်ဆိုင်းသွားကြလေသည်။

'ရပ်ဝေးကရော၊ ရပ်နီးကပါ အခုလို စုံစုံညီညီ ကြွရောက်လာကြတယ်ဆိုတာ ကျုပ်သိထားပါတယ်၊ ဒါကြောင့်လည်း အထူးတလည် ကျေးဇူးတင်မိပါတယ်၊ ကျုပ်ရဲ့ မွေးနေ့ပွဲမှာ မိတ်ဆွေတွေအတွက် သိုင်းလောကအတွက်ပါ သတင်းကောင်းတစ်ခု ပါးလိုက်ပါရစေ၊ ကျုပ်ဟာ မကြာခင် သိုင်းလောကကို မွေနှောက်ဒုက္ခပေးနေတဲ့ မရဏာဓားဆိုသူနဲ့ ရင်ဆိုင်ပြီး နောက်များ ဗနှောင့်ယှက်ရလေအောင် ဆုံးမ လိုက်မယ်ဆိုတဲ့ သတင်းပါပဲ'

ထိုစကားကို ကြားလျှင် ဧည့်ပရိသတ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။ ချန်းစန်း မွေးနေ့ပွဲ ကျင်းပသည့်နောက်ကွယ်တွင် ထူးခြားမှုတစ်ခု ရှိကြောင်း သိုင်းလောကတွင် သတင်းစကားများ ထွက်ပေါ်လာခဲ့သည်။ ထို့ကြောင့်လည်း ရပ်ဝေးကရော၊ ရပ်နီးကပါ စိတ်ဝင်စားသည့် သိုင်းသမားများ ရောက်ရှိလာကြခြင်းပင် ဖြစ်ပါသည်။

ယခုအခါ ချန်းစန်းသည် မရဏာဓားနှင့် ရင်ဆိုင်တိုက်ခိုက်ရန် စီစဉ်ထားပြီဖြစ်ကြောင်း သိလိုက်ရခြင်း ဖြစ်ပါသည်။ ချန်းစန်းသည် ထိုသတင်းကို မွေးနေ့ပွဲ၌ ကြေညာခြင်းမှာလည်း အကြောင်းရှိပေသည်။ ထိုအကြောင်းအရင်းကို သိုင်းလောကသားများ သိလို

လာကြပြန်သည်။

တီးတိုးဝေဖန်သံများ ဟိုမှ သည်မှ ထွက်ပေါ်လာသည်။ ချန်းစန်းက လက်ဖွေ့ယမ်းပြလိုက်ပြီး

'မိတ်ဆွေတို့ အားမနာတမ်း သုံးဆောင်ကြပါ၊ လိုအပ်တာရှိရင် ကျုပ်တပည့်တွေကို နိုင်းပါ၊ ကဲ အားလုံးပဲ ကျုပ်ကို ခွင့်ပြုကြပါဦး'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွား၏။ ကျားသားရေ ဝတ်ထားသူ လေးယောက်လည်း ခြံရံလိုက်ပါသွား၏။ ချန်းစန်းမှာ ဗြုန်းစားကြီး ပြန်ထွက်သွားမည်ဟု မည်သူမျှ မထင်မှတ်ခဲ့ပါချေ။ ဧည့်ပရိသတ်များ ကြောင်အမ်းအမ်းဖြစ်ကာ ကျန်ရစ်ခဲ့ကြ၏။

ချန်းစန်းထွက်သွားပြီးမှ မကျေမနပ် ပြောဆိုသံများ ဟိုမှ သည်မှ ထွက်ပေါ်လာလေတော့သည်။

✳ ✳ ✳



## အခန်း (၄)
## အိမ်ထိန်းကြီးချူ

ချန်းစန်း ပြန်ထွက်သွားသောအခါ မကျေမနပ် ပြောဆိုသံများသည် ဟိုမှသည်မှ ထွက်ပေါ်လာသည်။

'ရဲတိုက်ပိုင်ရှင်က ဧည့်သည်တွေကို ဆက်ဆံပုံကလဲ အေးတိအေးစက် နိုင်လိုက်တာ'

'မရဏာဓားနဲ့ ရင်ဆိုင်မယ်ဆိုပါလား'

'ဒီလိုဆိုရင်လဲ ဘာဖြစ်လို့ မွေးနေ့ပွဲ ကျင်းပနေရသေးတာတုန်း'

'ရဲတိုက်ပိုင်ရှင်ရဲ့ သိုင်းပညာက မခေဘူး၊ မရဏာဓားဟာလည်း ကြောက်စရာ ကောင်းတဲ့လူပဲ သူတို့နှစ်ယောက် တွေ့ရင် တော့ တကယ့်ပွဲကြီးပွဲကောင်းပဲ'

ဧည့်သည်များ စိတ်ကြိုက်စားသောက်နိုင်ကြပြီး လွတ်လပ်စွာ ပြောဆိုနေကြသည်။

ရွှေအလံရဲတိုက်မှ လုလင်များက လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးကြ၏။ လုလင်များက စိတ်ကြိုက်စားပွဲထိုး လုပ်ပေးနေ

ကြသည်။

သို့သော် ရဲတိုက်ပိုင်ရှင် မရှိဘဲ မည်သူမျှ ကြာကြာနေနိုင်ကြမည် မဟုတ်ချေ။ ဧည့်သည်များသည် အလိုက်သိစွာပင် ထပြန်ကုန်ကြသည်။

ကျင်းဖုံးမှာ ရဲတိုက်ပိုင်ရှင် ချန်းစန်းကို သိသူ မဟုတ်ပါ။ တစ်ယောက်နှင့်တစ်ယောက် ပတ်သက်ဆက်နွယ်မှုလည်း မရှိပါ။

ရွှေအလံရဲတိုက်သို့ ရောက်လာသည်မှာ လမ်း၌ တွေ့ခဲ့ရသည့် စမ်းယုနှင့် ရိကျင်းတို့အား လာရှာခြင်း ဖြစ်သည်။ စမ်းယုနှင့် ရိကျင်းထံမှ သိုင်းရာဇာဆိုသူ အကြောင်း စုံစမ်းရန် ဖြစ်သည်။

ထို့ကြောင့် ပရိသတ်များ တစ်ယောက်ပြီးတစ်ယောက် ထပြန်ကုန်သောအခါ စမ်းယုနှင့် ရိကျင်းတို့လည်း ပြန်သွားကြလိမ့်မည် ထင်မိသည်။

ခန်းမဆောင် ထွက်ပေါက်ဆီသို့ သွားနေကြသူများကို မလွတ်တမ်း ကြည့်ရင်း ထရပ်ဖို့ ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ကျစ်ဆံမြီးရှည်ရှိသူ နှစ်ယောက်မှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ နဖူးပေါ်၌ မှဲ့ရှိသူက

'ညီလေးမောက်ပါ မင်း ဘယ်လို သဘောရသလဲ'

သူ၏ အဖော်ကို မေးလိုက်သည်။ မောက်ပါ ဆိုသူက ပြောလိုက်လေ၏။

'ချန်းစန်းဟာ အကြောင်းမရှိဘဲ မွေးနေ့ပွဲကျင်းပမှာ မဟုတ်ဘူး၊ လျှို့ဝှက်ချက်တစ်ခုခု ရှိလိမ့်မယ် အစ်ကိုကြီး ကျိုစု'

ကျိုစု(ဝါ) နဖူး၌ မှဲ့ရှိသူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တို့က ဒီအတိုင်း ပြန်သွားရမှာလား'



'ဟာ ဘယ်ဖြစ်မလဲ၊ ကျုပ်တို့ အကြွေးတောင်းစရာ ရှိနေသေးတာပဲ'

'ဒါဖြင့် ညီလေးက'

'ချန်းစန်း နောက်ကို လိုက်သွားကြတာပေါ့'

'ကောင်းပြီ'

သူတို့နှစ်ယောက် ထိုင်ရာမှ ထလိုက်ကြပြီး ခပ်သုတ်သုတ် ထွက်သွားကြ၏။

သူတို့ ထွက်သွားလျှင် စားပွဲတွင် ကျင်းဖုံးနှင့် လူဝကြီးတို့သာ ကျန်ရစ်ခဲ့ကြသည်။

ကျင်းဖုံးက လူဝကြီးကို အမှတ်မထင် ကြည့်မိသည်။ လူဝကြီးက သူ့အား ပြုံးပြလေသည်။ သူက မေးလိုက်၏။

'အကြွေးတောင်းမယ့် လူတွေတော့သွားပြီ၊ မင်းကော'

ကျင်းဖုံး ခေါင်းခါယမ်းပြလိုက်၏။ လူဝကြီးက ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်သည်။ ဝဖိုင့်လှသည့် သူ၏ ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင် ဖြစ်နေဟန်ရှိသည်။

'သူတို့က အကြွေးဘန်းပြပြီး ရှိသမျှ အကုန် သိမ်းကြုံးယူသွားရင် ကျုပ်အတွက် ဘာမှ မကျန်ဘဲ ဖြစ်နေဦးမယ်၊ ကဲ ကျုပ် သွားလိုက်ဦးမယ်'

ကျင်းဖုံး ဘာမှ မပြောဘဲ လူဝကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေလိုက်သည်။ လူဝကြီးက ထပ်မံ ပြုံးပြလိုက်ပြီး နောက်က လှုပ်လှုပ် လှုပ်လှုပ်ဖြင့် ကျစ်ဆံမြီးရှည်ရှိ လူနှစ်ယောက်နောက်သို့ လိုက်သွားလေတော့သည်။

ကျင်းဖုံး စိတ်ဝင်စားသွားသည်။ ထိုလူသုံးယောက်သည် ရွှေ

အလံရဲတိုက်ပိုင်ရှင် ချန်းစန်းနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေကြလိမ့်မည်ဟုလည်း တွေးမိလာသည်။

ထိုလူများနောက်သို့ လိုက်သွားလိုစိတ်များ ဖြစ်ပေါ်လာသည်။ ထိုလူများသည် အခြားလူများကဲ့သို့ ခန်းမဆောင်အပြင်ဘက်သို့ ထွက်မသွားကြဘဲ ချန်းစန်းဝင်သွားသည့် အတွင်းဘက် တံခါးပေါက်ဆီသို့ ဦးတည်လျှောက်သွားကြခြင်း ဖြစ်သည်။

ရွှေအလံရဲတိုက်မှ လုလင်များမှာ အခြားလူများနှင့် ဆန့်ကျင်ကာ အတွင်းဘက်ဝင်သွားရန် ကြိုးစားနေသူ သုံးယောက်ကို တွေ့ရသော်လည်း မည်သူမျှ တားဆီးခြင်း မပြုကြချေ။

အချို့က ဧည့်သည်များ စားသောက်ပြီး ထားပစ်ခဲ့သည့် ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းရန် ပြင်ဆင်နေကြ၏။

အချို့ကား ထိုင်နေကြသေးသည့် ဧည့်သည်များအတွင်း ဧည့်ခံနေကြသည်။ ကျင်းဖုံး နားမလည်နိုင်အောင် ဖြစ်သွား၏။

'တစ်ခုခုတော့ တစ်ခုခုပဲ'

သူတွေးတောစဉ်းစားနေစဉ် စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'ချန်းစန်းက သည်တစ်ခါ ဟန်တောင် မဆောင်နိုင်တော့ပါလား'

ယခုတစ်ကြိမ် ကြားလိုက်ရသော အသံမှာ ကပ်လျက်ရှိသော လူထူးဆန်း ခုနစ်ယောက်ထံမှ ဖြစ်ပါသည်။

အဝတ်အစား တောက်တောက်ပြောင်ပြောင်ဝတ်ထားသော အစ်ကိုကြီးဆိုသူက ပြောခြင်းဖြစ်သည်။ ကြိမ်တုတ်ဆိုသော အမျိုးသမီးက ရယ်မောလိုက်သည်။



'အစ်ကိုကြီး သေသေချာချာ သတိထားမိသားပဲ၊ သူကြည့်ရတာ အတော့်ကို ထိတ်လန့်တုန်လှုပ်နေပုံရတယ်'

မြွေစိမ်းဆိုသော မိန်းကလေးက ဝင်မေးလေ၏။

'အစ်မကြီးပြောသလိုဆို ချန်းစန်း ဒုက္ခရောက်နေပြီဆိုပါတော့'

ကြိမ်တုတ် ခေါင်းညိတ်လိုက်သည်။

'သိပ်မှန်တာပေါ့၊ ရှင်းရှင်းပြောရရင် ချန်းစန်းက သိပ်အကြွားသန်တဲ့လူ၊ သူ့မွေးနေ့ပွဲကို ကြီးကျယ်အောင် ကျင်းပမယ်၊ သိုင်းလောကသားတွေရှေ့မှာ ရွှေအလံရဲတိုက်ရဲ့ ခမ်းနားကြီးကျယ်ပုံကို ဟိတ်လုံးဟန်လုံး ထုတ်မယ်၊ ပြီးရင် သူ့ဘက်ပါလာအောင် စည်းရုံးသိမ်းသွင်းမယ်၊ သိုင်းလောကမှာ ဩဇာအာဏာ ချဲ့ထွင်ဖို့ အမြဲတမ်း စိတ်ကူးနေသူပဲ၊ ခုတော့ လေမကျယ်ရဲအောင် ဖြစ်နေပြီ။ ဝမ်းသာလိုက်တာ ဟီး ဟီး'

သူတို့၏ ပြောစကားများ ကြားရပြန်သောအခါ ဘာမှန်းမသိသော ကျင်းဖုံး စိတ်ဝင်စားသွားပြန်လေတော့သည်။ ထိုင်ရာမှ မထဖြစ်တော့ဘဲ ဆက်၍ နားထောင်နေလိုက်သည်။

အရက်အိုးက ပြောလိုက်လေ၏။

'ချန်းစန်းကို သိပ်လည်းလျှော့မတွက်နဲ့ဦးလေ၊ သူ့ အားကိုးရတဲ့ မိတ်ဆွေတွေရှိနေသေးတယ်ဆိုတာလည်း သိကြစမ်းပါဦး'

ထိုအခါ ခမောက်ဆိုသည့် အဘိုးအိုက

'ဘာလဲ၊ မင်းက လျှပ်စီးစမ်းယုနှင့် မုန်တိုင်းရီကျင်းကို ပြောတာလား'

'ဟုတ်တယ်'

'ညှော်ခံပွဲမှာ သူတို့ကို မတွေ့ရတာ'

ခမောက်က ပခုံးတွန့်လိုက်၏။ စမ်းယုနှင့် ရီကျင်းဆိုသည့် အမည်များ ပါလာသဖြင့် ကျင်းဖုံး စိတ်လှုပ်ရှားသွားလေတော့သည်။ သူဆက်၍ နားထောင်နေစဉ် မျက်နှာထားတည်တည်ထားသည့် စောင်းသမားက ပြောလိုက်လေ၏။

'ကျုပ်တို့က စကားပြော ကောင်းနေတုန်း လူများတွေ သွားကုန်ကြပြီ၊ ဒီလိုပဲ ထိုင်နေကြတော့မှာလားဗျ'

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

လက်ာသမားက

'ဟာ ကျွန်တော်တို့ လိုက်သွားမှ ဖြစ်မယ်၊ ရွှေအလံရဲတိုက်ကို လာလဲခဲ့ရတာဟာ အချိန်ကုန် လူပင်ပန်း အဖြစ်မခံနိုင်ဘူး'

ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်လိုက်၏။ ကျန်လူများလည်း ထရပ်လိုက်သည်။

သူတို့ပြောသည့်စကားများကို နားစွင့်နေသည့် ကျင်းဖုံးကို အားလုံးက ဝိုင်းကြည့်လိုက်ကြသည်။ သို့သော် ဘာမျှ မပြောချေ။

ကျစ်ဆံမြီးရှည်ရှိသူ နှစ်ယောက်နှင့် လူဝကြီးတို့ ထွက်သွားရာဘက်သို့ ခပ်သွက်သွက် လျှောက်သွားကြလေတော့သည်။

ခန်းမဆောင်အတွင်း၌ အေးအေးဆေးဆေး ထိုင်နေသူများ မရှိသလောက်ဖြစ်သွားချေပြီ။ အချို့သည် အရှေ့တံခါးမကြီးမှ ထွက်သွားကြပြီး အချို့က အတွင်းဘက်သို့ ဝင်သွားကြသည်။

'ငါလည်း ဒီလို ထိုင်နေလို့ မဖြစ်တော့ဘူး'

ကျင်းဖုံးထိုင်ရာမှ ထရပ်လိုက်သည်။ အပြင်ဘက် ထွက်သွားရမည်လော။ သို့တည်းမဟုတ် အတွင်းဘက် ဝင်သွားရမည်လော



ရုတ်တရက် ဝေခွဲမရချေ။ အတန်ကြာ စဉ်းစားပြီးမှ

'အို သည်ကိစ္စ ငါနဲ့ မဆိုင်ပါဘူးလေ'

တွေးကာ အပြင်ဘက်ထွက်လာခဲ့လေတော့သည်။

ဤသို့ဖြင့်...

ရွှေအလံရဲတိုက်သည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

ကျင်းဖုံးသည် ရွှေအလံရဲတိုက်ကို ကျောခိုင်းကာ ခပ်သွက်သွက် ထွက်လာခဲ့သည်။ ရွှေအလံရဲတိုက်သို့ သိုင်းရာဇာဆိုသူ ရောက်လာလေမည်လော။ သူသည် အတွေးဖြင့် အချိန်ကုန်သက်သာ စေခြင်းငှာ တွေးမိခဲ့သည်မှာ တမင် အချိန်ကုန်သလို ဖြစ်သွားသည်ဟု တွေးပြီး ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်နေမိသည်။

တောင်ပင်လယ်သို့သာ ဦးတည်သွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ရွှေအလံရဲတိုက်သို့ ရောက်ရှိလာကြသည့် ဧည့်သည်များသည် ဂေဟာမှ အသုတ်လိုက်အသုတ်လိုက် ပြန်လည်ထွက်ခွာသွားကြသည်။ ကျင်းဖုံးလည်း သိုင်းလောကသားများနှင့် ရောပေါင်းပြီး လိုက်သွားနေမိလေ၏။

ရွှေအလံရဲတိုက်နှင့် အတော်ဝေးဝေးသို့ ရောက်သောအခါ အချို့လူများသည် နောက်ကြောင်းပြန်လှည့်သွားကြသည်ကို တွေ့ရ၏။ ထိုလူများသည် လမ်းပေါ်၌ တွေ့ရသူတိုင်းကို ရွှေအလံရဲတိုက်သို့ ပြန်သွားရန် အဖော်ညှိနေကြသည်။

ကျင်းဖုံး အနီးသို့ ရောက်လာသော လူတစ်ယောက်က ပြော၏။

'ဗျို့ မိတ်ဆွေလေး၊ ကျုပ်တို့ ရွှေအလံရဲတိုက် ပြန်သွားကြ

မလို့ လိုက်ဦးမလား'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'မလိုက်သေးပါဘူးဗျာ'

ထိုလူများသည် အဘယ်ကြောင့် ရွှေအလံရဲတိုက်ခဲသို့ ပြန်လည်သွားချင်ကြသည်ကို သူ မသိချေ။ သိရန်လည်း မကြိုးစားလိုပါ။

သိုင်းလောကသားများ သွားသည့်လမ်းအတိုင်း ဆက်သွားနေမည်ဆိုလျှင အကြောင်းမျိုးစုံ တစ်ခုပြီးတစ်ခု ပေါ်နေပြီး ခရီးဖင့်နေမည်ဟု တွေးမိသည်။

ထို့ကြောင့် လမ်းရိုးရိုးအတိုင်း မသွားတော့ဘဲ တောအုပ်ထဲမှ ကွေ့ပတ်ရှောင်သွားရန် ဆုံးဖြတ်လိုက်သည်။ လမ်းဘေးသို့ ဆင်းကာ တောအုပ်ထဲ ဝင်လိုက်သည်။ အစီအရီ ပေါက်နေသည့် တောအုပ်ထဲမှ အေးအေးဆေးဆေး ဖြတ်လျှောက်သွားလိုက်သည်။ တောအုပ်ထဲဝယ် လူရှင်းကာ တိတ်ဆိတ်ငြိမ်သက်နေပါ၏။

ဝန်းကျင်၏ သာယာလှပမှု၏ အေးချမ်းမှုကို ယခုမှ ကျင်းဖုံး သတိပြုမိသည်။ ရောင်စုံပန်းကလေးများ ဖူးပွင့်နေကြသည်။ ဖြူဖြူ ဖွေးဖွေး ချစ်စရာ ယုန်ကလေးများသည် ဟိုမှသည်မှ ပြေးလွှားကာ အစာရှာနေကြသည်။

ကျင်းဖုံး၏ ခြေသံကို ကြားလျှင် သစ်ပင်ချုံနွယ်များကြား ပြေးဝင်ပျောက်ကွယ်သွားကြလေ၏။ သစ်ပင်ကြီးများထက်ဝယ် တေးဆိုနေသည့် ငှက်ကလေးများ ရှိနေသည်။

ကျင်းဖုံး၏ ရင်ထဲ ပျော်ရွှင်ကြည်နူးသည့် စိတ်များ ဖြစ်ပေါ်လာသည်။ ရွှေအလံရဲတိုက်သို့ သွားရာလမ်းမကြီးနှင့် ဝေးလာပြီ ဖြစ်၍



လူသံသူသံ မကြားရပါ။ တကယ့် တောကြီးမျက်မည်းအတွင်းသို့ ရောက်နေသည်ဟုပင် ထင်ရသည်။

ကျင်းဖုံး ဟိုဟိုသည်သည် ငေးမောကြည့်ရှုရင်း လှမ်းလာစဉ် 'ဟီး ဟီး'

တောအုပ်အတွင်းဝယ် မြင်းဟီသံများ ထွက်ပေါ်လာသည်ကို ရုတ်တရက် ကြားလိုက်ရလေ၏။ ကျင်းဖုံး ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။ မြင်းဟီသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်။

သစ်ပင်ချုံနွယ်များကြားမှတဆင့် ခပ်လှမ်းလှမ်းတွင် မြင်းလေးငါးကောင်မျှ ရှိသည်ကို မသဲမကွဲ တွေ့မြင်လိုက်ရသည်။

ကျင်းဖုံး အံ့ဩသွားသည်။

'တောအုပ်ထဲမှာ ဘယ်သူတွေ ရောက်နေကြတာပါလိမ့်'

လွှတ်ခနဲ ရေရွတ်မိသည်။

တစ်ဆက်တည်းမှာပင် ရွှေအလံရဲတိုက်တွင် ပြဿနာတစ်စုံတစ်ခု ရှိနေသည်ကို သိရှိခဲ့ရသဖြင့် တောအုပ်ထဲမှ မြင်းစီးသမားများသည် ရွှေအလံရဲတိုက်နှင့် ပတ်သက်နေသူများဖြစ်နိုင်သည်ဟု တွေးမိလိုက်သည်။ သူ၏ ခြေလှမ်းများသည် မြင်းများ တွေ့ရသည့် နေရာဆီသို့ အလိုလို လှမ်းသွားပြီး ဖြစ်နေတော့သည်။

သစ်ပင်ချုံနွယ်များကို ကွေ့ပတ် လျှောက်သွားပြီး မကြာမီ တောအုပ်အတွင်းရှိ မြေကွက်လပ်တစ်ခုတွင် မြင်းဆယ်ကောင်ခန့်နှင့် မြင်းလှည်းတစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရလေ၏။

ကျင်းဖုံးက သစ်ပင်တစ်ပင် နောက်ကွယ်မှ နေ၍ အကဲခတ်ကြည့်လိုက်သည်။ သူသည် သတိရှိသူ ဖြစ်ပါသည်။

မြင်းလှည်းနှင့် မြင်းများ ရှိနေသော်လည်း လူသူတစ်ယောက်

မှ မတွေ့ရပါချေ။

'မြင်းစီးသမားတွေ ဘယ်ရောက်သွားကြပါလိမ့်' ဟိုဟိုဒီဒီ ရှာဖွေကြည့်လိုက်သည်။

လူသူတစ်စုံတစ်ယောက်မျှ မရှိသည်မှာ အမှန်ပင် ဖြစ်သည်။ ကျင်းဖုံးက ထပ်မံစစ်ဆေးကြည့်လိုက်သည်။ မြင်းလှည်းကို ကြည့်ရင်း တစ်စုံတစ်ခုအား သတိရလာသည်။

'ဟင် ဒီမြင်းလှည်းဟာ ဟိုမိန်းကလေး စီးနင်းသွားတဲ့ မြင်းလှည်းပါလား'

လွတ်ခနဲ ရေရွတ်မိသည်။ ဝံပုလွေဖြူကြီးများ၏ ရန်ရှာခြင်းခံရပြီး ထွက်ပြေးလွတ်မြောက်လာသည့် မိန်းကလေး။

လမ်းတွင် သူ့အား မြင်းတစ်ကောင်ပေးရန် ကြိုးစားသည့် မိန်းကလေး စီးနင်းသွားသည့် မြင်းလှည်းပင် ဖြစ်ပေတော့သည်။

မိန်းကလေးတို့ လူစုသည် ဤတောအုပ်ထဲ ရောက်လာသည်မှာ ထင်ရှားလှသည်။

'သူတို့ ဘာလာလုပ်ကြတာပါလိမ့်'

ကျင်းဖုံး တွေးမိသည်။ လူရိပ်လူယောင် မတွေ့ရခြင်းက သူ၏ စိတ်ထဲ ဇဝေဇဝါ ဖြစ်လာသည်။ သူသည် သစ်ပင်နောက်ကွယ်မှ ထွက်လာပြီး မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားသည်။

မြင်းလှည်းအနီးသို့ ရောက်လျှင် ခပ်လှမ်းလှမ်းမှ စကားပြောသံအချို့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။ ကျင်းဖုံး ရင်ထိတ်သွား၏။ တစ်စုံတစ်ယောက်သည် မြင်းလှည်းရှိရာသို့ ဦးတည်လာနေပြီဖြစ်ကြောင်း ထင်ရှားပေသည်။

ကျင်းဖုံး ရှောင်တိမ်းသွားရန် အချိန်မရတော့ပါ။ ထို့ကြောင့်



မြင်းလှည်းတံခါးဆွဲဖွင့်ကာ အတွင်းဘက် ခုန်ဝင်ပြီး တံခါးပြန်ပိတ်ထားလိုက်ရသည်။

မြင်းလှည်းအတွင်း၌ ပုန်းအောင်း၍ ရလိမ့်မည်ဟု ယူဆမိသည်။ သူ မြင်းလှည်းအတွင်း ရောက်သွားပြီး မရှေးမနှောင်းမှာပင် စကားပြောသံများ တစ်စထက် တစ်စ ကျယ်လောင်လာသည်။

ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ မြင်းလှည်းတံခါးကြားမှ ချောင်းကြည့်လိုက်ရာ လူနှစ်ယောက် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူနှစ်ယောက်မှာ စီးနင်းရန် မြင်းတစ်ကောင်လာပေးခဲ့သူများဖြစ်ကြောင်း ကျင်းဖုံး မှတ်မိလိုက်သည်။

တုတ်တုတ်မျှ မလှုပ်ဘဲ ချောင်းကြည့်နေလိုက်၏။ ထိုလူနှစ်ယောက်သည် မြင်းလှည်းနှင့် မြင်းများ ချည်နှောင်ထားရာသို့ ရောက်ရှိလာကြသည်။

ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်ကြပြီး တစ်ယောက်က ပြောလိုက်၏။

'မြင်းတွေ စုံစုံလင်လင် ရှိတယ်၊ တစ်ကောင်မှ ပျောက်မသွားသေးဘူး'

ကျန်တစ်ယောက်က

'ရွှေအလံရဲတိုက်ပိုင်နက်ထဲမှာ ဘယ်သူကလာပြီး မြင်းခိုးဝံ့မှာလဲ ဆရာကြီးထင်းဂူက နေရာတကာ စိုးရိမ်ပူပန်တတ်တာပါ'

'ဟေ့ ဟေ့ စကားပြောတာ ကြည့်ပြော ကော်ကြာ ဆရာကြီးထင်းဂူ ကြားသွားလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်'

ပထမလူက ကပျာကယာ သတိပေးလိုက်၏။ ဒုတိယ

လူက အားကျမခံ ပြန်ပြောလေ၏။

'အိုး ဒီတောထဲမှာ တို့ပြောတဲ့ စကား ဘယ်သူက ကြားနိုင်မှာလဲ၊ ဆရာကြီးထင်းရူ အစိုးရိမ်ကြီးတာဟာ ရွှေအလံရဲတိုက်ပိုင်ရှင်ကိုတောင် အားနာစရာ ကောင်းနေပြီ၊ တို့ကြောင့် ရဲတိုက်ပိုင်ရှင်ရဲ့ မွေးနေ့ပွဲဖျက်ဆီးသလို ဖြစ်သွားရတယ်'

ပထမလူက ပြော၏။

'ရဲတိုက်ပိုင်ရှင်အကြောင်း မင်း သေသေချာချာ မသိသေးပါဘူးကွာ၊ သူက မွေးနေ့ပွဲကို ဖျက်ပြီး သခင်မလေးရဲ့ အကျိုးကိုဆောင်ရွက်ပေးချင်တာဟာ သခင်ကြီးရဲ့ အရှိန်အဝါကြောင့်ဆိုတာ မှတ်ထားစမ်းပါ'

'ဟော်ပြီ မင်းနဲ့ အခြေအတင် ပြောနေလို့လဲ အပိုပဲ တို့ပြန်ကြရအောင်'

ထိုလူနှစ်ယောက်သည် မြင်းလှည်းနှင့် မြင်းများ သူတို့ထားခဲ့သည့်အတိုင်း ရှိနေကြသည်ကို တွေ့ရသဖြင့် စေ့စေ့စပ်စပ်စစ်ဆေးခြင်း မပြုတော့ဘဲ ပြန်ထွက်သွားကြလေတော့သည်။

ထိုလူနှစ်ယောက် မြင်းကွင်းမှ ကွယ်ပျောက်သွားသောအခါ ကျင်းဖုံးသည် မြင်းလှည်းပေါ်မှ ထွက်ခဲ့သည်။ ရှုပ်ထွေးသော ပြဿနာ တစ်ခုခု ရွှေအလံရဲတိုက်တွင် ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း တွေးမိသည်။

သို့သော် ပါဝင်ပတ်သက်လိုခြင်း မရှိသဖြင့် မြင်းလှည်းနှင့် မြင်းများ ရှိနေသည့် မြေကွက်လပ်ကို ကျောခိုင်းကာ ထွက်လာခဲ့သည်။

သစ်ပင်ချုံနွယ်များကြားမှ ကွေ့ပတ်ပြီး လျှောက်သွားရာ မြေကွက်လပ်နှင့် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေတော့သည်။



ယခုအချိန်လောက်ဆိုလျှင် ရွှေအလံရဲတိုက်ဆီသို့ သွားရာ လမ်းပေါ်၌ လူရှင်းသွားလောက်ပြီဟု ယူဆမိသည်။

ထို့ကြောင့် လမ်းမဘက်သို့ ဦးတည်ထွက်လာခဲ့သည်။ လမ်းပေါ်၌ လူသူ ကင်းရှင်းနေသည်။

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ကျင်းဖုံး လှမ်းကြည့်လိုက်၏။ ထိုအခါ တောအုပ်အဟွင်းဘက်သို့ မြင်းတစ်ကောင် ဒုန်းစိုင်းနှင်သွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရသည်။ ကျင်းဖုံး ရင်ထိတ်သွား၏။

'လမ်းမှာ ငါ့ကို မြင်းနှင်တာနဲ့ ပစ်သွားတဲ့မြင်းစီးသမားပါလား'

လွှတ်ခနဲ ရေရွတ်လိုက်၏။ မြင်းစီးသမားမှာ ခပ်လှမ်းလှမ်းမှ ဒုန်းစိုင်းစီးနင်းကာ ရိပ်ခနဲ ဖြတ်ကျော်သွားခဲ့သော်လည်း ကျင်းဖုံး မှတ်မိလိုက်သည်။

သူ၏ ရင်ထဲ ငုပ်လျှိုးနေခဲ့သည့် မကျေနပ်စိတ်များ ပြန်လည်ဖြစ်ပေါ်လာသည်။

'တောက် သိကြသေးတာပေါ့ကွာ'

ကြုံးဝါးကာ မြေပေါ်ခြေဆောင့်ပြီး လျှင်မြန်စွာ ပြေးလိုက်သွား၏။ မြင်းစီးသမားသည် ပို၍ နက်ရှိုင်းသော တောအုပ်ထဲသို့ ဒုန်းစိုင်းစီးနင်း ဝင်ရောက်သွားခြင်း ဖြစ်သည်။

သစ်ပင်ချုံပုတ်များ ထူထပ်စွာ ရှိနေပြီး ခပ်နိမ့်နိမ့်ကျနေသည့် သစ်ကိုင်းများကြားမှ မြင်းကို ကျင်လည်စွာ စီးနင်းသွားခြင်း ဖြစ်သည်။

တောအုပ်အတွင်းပိုင်းသို့ ရိပ်ခနဲ ရိပ်ခနဲ စီးနင်းဝင်ရောက်သွားပြီး တစ်ခဏအတွင်းမှာပင် မြင်းကွင်းမှ ကွယ်ပျောက်သွား

လေတော့သည်။

ကျင်းဖုံး ပေါ့ပါးလျင်မြန်စွာ ပြေးလိုက်သွားသော်လည်း မြင်းစီးသမားကို မမီဘဲ ရှိနေသည်။ ခြေလှမ်းရပ်ကာ အရပ်လေးမျက်နှာကို အကဲခတ် ကြည့်လိုက်သည်။ မြင်းစီးသမား၏ အရိပ်အယောင်မျှပင် မတွေ့ရချေ။ ကျင်းဖုံးက နားစွင့်ကြည့်လိုက်သည်။

မြင်းခွာသံလည်း မကြားရတော့ဘဲ တိတ်ဆိတ်ကွယ်ပျောက်သွားပြီ ဖြစ်သည်။

'တောက်'

ကျင်းဖုံး တက်ခေါက်လိုက်သည်။

'မင်းပြေးလို့ မလွတ်ပါဘူးကွာ'

သူက မြေပေါ်ငုံ့ကြည့်လိုက်လေသည်။ မြေပေါ်၌ မြင်းသမားသွားရာလမ်းကို ဖော်ပြနေသည့် အရာများ ရှိသည်။ မြေပေါ်ဝယ် မြက်ပင်များ ရွက်ကြွေများဖြင့် ရှုပ်ပွနေသည်။

သို့သော် မကြာသေးမီက ဖြတ်သန်းသွားသည့် လတ်လတ်ဆတ်ဆတ် မြင်းခွာရာများ ချုံပင် အကြိုးအပြတ်များက သူ့ကို လမ်းပြနေသည် မဟုတ်ပါလား။

ကျင်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'မင်းကို မတွေ့ရမချင်း မင်းနောက်ကို ငါလိုက်နေမှပဲ'

မြင်းခွာရာများကို မျက်ခြည်မပြတ် ရှာဖွေကြည့်ကာ ခြေရာခံပြီး လိုက်သွားသည်။

တောအုပ်အတွင်းပိုင်းသို့ ရောက်ရှိသွားသောအခါ သစ်ပင်ချုံနွယ်များမှာ ပို၍ ထူထပ်လာသည်။ လူတစ်ယောက် လွတ်လွတ်လပ်လပ်သွားနိုင်ရန်ပင် ခက်ခဲလှသည့်နေရာ၌ မြင်းစီးကာ ဖြတ်ကျော်



သွားနိုင်သူကို အံ့သြလာရလေသည်။

မြေပေါ်၌ မြက်ပင်များ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ရှိနေခြင်းကြောင့် မြင်းခွာရာမှာ တဖြည်းဖြည်း ပျောက်သွားတော့သည်။

လူကော၊ မြင်းကော၊ မြင်းခွာရာပါ ပျောက်ဆုံးသွားသည့် အဖြစ်ပင်။ ကျင်းဖုံး မပေါ့ဆဝံ့တော့ချေ။

ရှေ့သို့ ခပ်သွက်သွက် လှမ်းကာ ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်သည်။ ချုံပုတ်ကြီးတစ်ခုကို ဖြတ်ကျော်ပြီးသည်နှင့်

'ဟာ'

လွှတ်ခနဲ ရေရွတ်ကာ ခြေလှမ်းရပ်လိုက်မိလေသည်။ အဘယ်ကြောင့်ဆိုသော်...

မလှမ်းမကမ်းတစ်နေရာတွင် တောင်ကုန်းကလေးတစ်ခု ရှိနေပြီး ထိုတောင်ကုန်းပေါ်တွင် အဆောက်အအုံတစ်လုံး ရှိနေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပေတည်း...။

နက်ရှိုင်းသောတောအုပ်အတွင်း၌ အဆောက်အအုံတစ်လုံး အမှန်ပင် တည်ရှိနေတော့သည်။

တောင်ကုန်းကလေးမှာ အုန်းမှုတ်ခွက်တစ်ခုကို မှောက်ထားသကဲ့သို့ လုံးလုံးဝန်းဝန်းကလေး တည်ရှိနေသည်။

တောင်ခြေ၌ စိမ်းလန်းသော သစ်ပင်ခြုံနွယ်များ ထူထပ်စွာ ဖုံးလွှမ်းနေ၏။ တောင်ကုန်းထက်ဝယ် သစ်ပင်အချို့သာ ရှိ၏။ သစ်လုံးများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံတစ်လုံးလည်း ရှိနေသည်။

ထိုအဆောက်အအုံရှေ့၌ လူအချို့ လှုပ်လှုပ်ရှားရှား သွားလာနေကြသည်ကို တွေ့မြင်ရ၏။ ကျင်းဖုံးမှာ မြင်ကွင်းကို ငေးမောကြည့်

နေမိသည်။

'တောထဲတောင်ထဲမှာ ဘယ်သူကများ လာဆောက်ထားပါလိမ့်'

တွေးရင်း ဤအရပ်ဒေသမှာ ရွှေအလံရဲတိုက်ပိုင်ရှင် ချန်းစန်း၏ ဩဇာစက်ဝန်း၌ ရှိကြောင်း သတိရလာသည်။

'ဒီအဆောက်အအုံဟာ ရွှေအလံရဲတိုက်ပိုင်ရှင် ချန်းစန်းနဲ့ ပတ်သက်နေတာ အမှန်ပဲ'

သူ၏ အတွေးမဆုံးမီ တောင်ကုန်းပေါ်သို့ လူရိပ်တစ်ခု လျှင်မြန်စွာ တက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

နေရောင်ခြည်ကြောင့် ထိုလူ၏ အဝတ်အစားများမှာ ငွေရောင်တစ်ချက် ဝင်းကျသွားသည်။

'ဟာ ဒါ မြင်းစီးသမားပဲ'

ကျင်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ တောင်ကုန်းကလေးဆီသို့ ဦးတည်ကာ ပြေးသွားမိသည်။

တောင်ကုန်းအနီးသို့ ရောက်လျှင် အစိမ်းရောင်ဝတ်ဆင်ထားသူများသည် တောင်ပေါ်တက်လမ်းတစ်လျှောက် ဟိုတစ်စု သည်တစ်စု လူစုခွဲကာ စောင့်ကြည့်နေကြသည်ကို တွေ့မြင်လိုက်ရသည်။ အစောင့်များ မသိအောင် တောင်ကုန်းပေါ်တက်သွားရန် မလွယ်ကူချေ။

သို့သော် မြင်းစီးသမားသည် အစောင့်အကြပ်များ လုံးဝမရိပ်မိအောင် တောင်ကုန်းပေါ် တက်သွားနိုင်ခဲ့သည်ကို သူတွေ့မြင်ခဲ့ရသည်။ သူလည်း မြင်းစီးသမားကဲ့သို့ မတက်နိုင်တော့ပြီလော။

ကျင်းဖုံးသည် မြင်းစီးသမားကဲ့သို့ပင် တောင်ကုန်းပေါ် တက်



သည့် လမ်းအတိုင်းမသွားဘဲ ဘေးမှ ကွေ့ပတ်ကာ တက်သွားသည်။

သစ်ပင်ချုံနွယ်များ၊ ကျောက်တုံးကျောက်ခဲများကို အကာအကွယ်ယူကာ တက်သွားခြင်းဖြစ်သည်။

အစောင့်အကြပ်များသည် မြင်းစီးသမားကိုလည်းကောင်း၊ ကျင်းဖုံးကိုလည်းကောင်း သတိမပြုမိကြချေ။

ကျင်းဖုံးသည် တောင်ကုန်းပေါ်သို့ ရောက်သွားသောအခါ မြင်းစီးသမားကို ရှာဖွေကြည့်လိုက်၏။ မြင်းစီးသမားမှာ ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

ကျင်းဖုံး မကျေမနပ်ဖြစ်သွားသည်။

'အိမ်ထဲ ဝင်သွားတာပဲ ဖြစ်မယ်'

သစ်လုံးအိမ်ဆီသို့ လှမ်းကြည့်လိုက်၏။ တောင်ကုန်းပေါ်ရောက်တော့မှ သစ်လုံးအိမ်သည် အတော်ကလေး ကြီးမားပြီး ခိုင်ခံ့စွာ တည်ဆောက်ထားသည်ကို တွေ့မြင်ရသည်။

အိမ်ရှေ့တံခါးမကြီးအနီး၌ အစောင့် ငါးယောက် စောင့်နေသည်ကို တွေ့ရ၏။ ထိုလူများမှာ ရွှေအလံရဲတိုက်မှ အစောင့်အကြပ်များကဲ့သို့ အစိမ်းရောင်ဝတ်ဆင်ထားခြင်း မရှိကြချေ။

အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားပြီး ဓားကိုယ်စီ ချိတ်ဆွဲထားကြလေရာ မိန်းကလေးအား စောင့်ရှောက်လာကြသူများ ဖြစ်ကြောင်း တွေ့ရလေသည်။

'အိမ်ထဲမှာ မိန်းကလေးရှိနေမှာပဲ'

ကျင်းဖုံး တွေးမိသည်။ သူ အကဲခတ် ကြည့်နေစဉ်မှာပင် အိမ်ရှေ့သို့ လူသုံးယောက် ဝင်ရောက်လာသည်ကို တွေ့မြင်ရလေသည်။ ထိုလူသုံးယောက်မှာ ရွှေအလံရဲတိုက်ပိုင်ရှင် ချန်းစန်း၊

ရီကျင်းနှင့် စမ်းယုတို့ ဖြစ်ကြသည်။

သူတို့သုံးယောက်သည် သစ်လုံးအိမ်ထဲသို့ ခပ်သွက်သွက် လှမ်းဝင်သွားကြလေ၏။ စမ်းယုနှင့် ရီကျင်းကို တွေ့မြင်လိုက်ရခြင်းကြောင့် ကျင်းဖုံး ဂဏှာမငြိမ် ဖြစ်လာရသည်။

သစ်လုံးအိမ်ထဲ ဝင်သွားလိုစိတ်များလည်း ဖြစ်ပေါ်လာသည်။ ကျင်းဖုံး ကြည့်လိုက်သောအခါ တောင်ကုန်းပေါ်သို့ နောက်ထပ် လူတစ်စု ရောက်လာသည်ကို တွေ့မြင်လာရသည်။

လူနှစ်ယောက်က တောင်ပေါ်တက်လာကြခြင်း ဖြစ်ပြီး အစောင့်အကြပ်များက ဟန့်တားနေကြခြင်း ဖြစ်၏။

'မောက်ပါနဲ့ ကျိုစုဆိုတဲ့လူတွေပဲ'

မှန်ပေသည်။ ထိုလူနှစ်ယောက်မှာ ကျစ်ဆံမြီးရှည်ကို လည်ပင်း၌ ရစ်ခွေထားကြသူများ ဖြစ်ကြသည်။ အစောင့်အကြပ်များသည် တောင်ကုန်းပေါ် မတက်နိုင်အောင် တားဆီးနေကြ၏။

သို့သော် ကျိုစုနှင့် မောက်ပါတို့က ဂရုမစိုက်ဘဲ ရှေ့ဆက်လှမ်းလာနေကြပါသည်။

'ရပ်လိုက်စမ်း'

အစောင့်အကြပ်များသည် ငေါက်ရင်း တားဆီးတိုက်ခိုက်ကြသည်။ ကျိုစုနှင့် မောက်ပါတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ကျိုစုက

'ကျုပ် တာဝန်ယူလိုက်မယ်'

ပြောပြီး လက်နှစ်ဖက် ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'



'အား'

'အမလေး'

ရူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ ရွှေအလံရဲတိုက်မှ အစောင့်အကြပ်များမှာ ကျိုစု၏ တိုက်ခိုက်မှုကို မခံနိုင်ဘဲ ရူးရှစွာ အော်ကာ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြသည်။ အချို့မှာ မြေပေါ် လဲကျသွားသည်။

'ဟား ဟား ဟား'

မောက်ပါ သဘောကျစွာ ရယ်မောလိုက်၏။ သူတို့အား တားဆီးနိုင်ခြင်း မရှိသဖြင့် အစောင့်အကြပ်များသည် ခပ်လှမ်းလှမ်းမှ နေပြီး ဝိုင်းရံထားလိုက်ကြသည်။ ကျိုစုက ပြောလိုက်သည်။

'ကျုပ်တို့က ရဲတိုက်ပိုင်ရှင်နဲ့ တွေ့ဖို့လာတာ၊ မင်းတို့ အေးအေး ဆေးဆေး ဘေးဖယ်နေလိုက်ရင် ကောင်းမယ်၊ အလကား အသေမခံချင်စမ်းပါနဲ့'

အစောင့်အကြပ်များသည် သူ၏စကားကြားသော်လည်း ဘာမှ ပြန်မပြောဘဲ ဝိုင်းရံမြဲ ဆက်ပြီး ဝိုင်းရံထားသည်။ ကျိုစု ဒေါပွသွားလေသည်။

'မင်းတို့ တားဆီးနိုင်တာလည်း မဟုတ်ဘဲနဲ့၊ ဖယ်စမ်း'

သူသည် ပြောပြောဆိုဆို ရှေ့သို့ လှမ်းသွားလေသည်။ အစောင့်အကြပ်များသည် မယှဉ်နိုင်မှန်း သိထားကြသော်လည်း သူတို့အား ပေးထားသည့် အမိန့်အရ ခုခံတိုက်ခိုက်ကြတော့သည်။ ကျိုစုသည် အစောင့်များကြားသို့ ခုန်ဝင်ကာ ခြေထောက်နှစ်ချောင်းဖြင့် အဆက်မပြတ် ကန်ကျောက် တိုက်ခိုက်လိုက်သည်။

'ဝုန်း'

'အား'

'အင့်'

'အမလေး'

စူးရှသော ကျယ်လောင်သံများ ဆက်တိုက် ထွက်ပေါ်လာသည်။ အစောင့်သုံးလေးယောက်မျှ မြေပေါ် လဲကျသွား၏။ ကျန်လူများလည်း နောက်ဆုတ်လိုက်ကြရပြန်သည်။

ထိုစဉ်

'ရပ်လိုက်'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာလေ၏။ အစောင့်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။

'အိမ်ထိန်းကြီးချူ'

သူတို့သည် ဝမ်းသာအားရ အော်ဟစ်လိုက်ကြ၏။ မှန်ပေသည်။

သစ်လုံးအိမ်ထဲမှ အိမ်ထိန်းကြီးချူ လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။ ကျင်းဖုံးက ကျောက်တုံးတစ်တုံး နောက်ကွယ်၌ အေးအေးဆေးဆေး ထိုင်ချလိုက်၏။

သစ်လုံးအိမ်ကလေးဆီသို့ သွားဖို့ မလွယ်သေးသည့်အတူတူ တိုက်ပွဲကို ထိုင်ကြည့်နေခြင်းက အကောင်းဆုံးဖြစ်သည်ဟု ယူဆထားလိုက်သည်။

အိမ်ထိန်းကြီးချူ အိမ်ရှေ့ကွက်လပ်ဆီသို့ ခပ်သွက်သွက် လျှောက်သွားနေသည်ကို တွေ့ရသည်။ အစောင့်အကြပ်များက ဦးညွှတ် ဂါရဝပြုလိုက်ကြသည်။ အစောင့်ခေါင်းဆောင်က

'သူတို့နှစ်ယောက်ဟာ တောင်ကုန်းပေါ်ကို ခွင့်ပြုချက်မရဘဲ



တက်လာကြလို့ တားဆီးနေရပါတယ်'

အကျိုးအကြောင်း ပြောပြကြသည်။ အိမ်ထိန်းကြီးချူ ဦးခေါင်း ညိတ်လိုက်သည်။ သူ သဘောပေါက်သွားသည်ဟု ပြောလိုက်ခြင်း ဖြစ်သည်။

လက်ဝှေ့ယမ်းပြကာ အစောင့်များကို နောက်ဆုတ်သွားစေသည်။ အစောင့်များ နောက်ဆုတ်သွားသဖြင့် မြေကွက်လပ်တွင် အိမ်ထိန်းကြီးချူနှင့် ကျစ်ဆံမြီးရှည်နှင့်နှစ်ယောက်တို့သာ မျက်နှာချင်းဆိုင်ရပ်လျက် ကျန်ရစ်ခဲ့ကြလေတော့သည်။

အိမ်ထိန်းကြီးချူက ကျိုစုနှင့် မောက်ပါတို့အား တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး မေးလိုက်၏။

'ခင်ဗျားတို့နှစ်ယောက်က မိစ္ဆာနှစ်ဖော် မဟုတ်လား'

ကျိုစု ရယ်မောလိုက်လေသည်။

'ဟား ဟား ဟား၊ ခင်ဗျားက ကျုပ်တို့ကို သိနေတာကိုး။ ရွှေအလံရဲတိုက်က အိမ်ထိန်းကြီးဟာ မခေဘူးဆိုတာ ကြားမိပါရဲ့ဗျာ'

အိမ်ထိန်းကြီးချူက တည်ကြည်သော မျက်နှာဖြင့်

'ရွှေအလံ ရဲတိုက်အကြောင်း သိထားမယ်ဆိုရင်လည်း အေးအေးဆေးဆေး ပြန်သွားဖို့ ကောင်းတာပေါ့၊ အခုလို နှောင့်ယှက်တာတော့ ကျုပ်တို့ကို စော်ကားတာနဲ့ အတူတူပဲ'

'ဟား ဟား ဟား'

ကျိုစုနှင့် မောက်ပါတို့ သဘောကျစွာ ရယ်မောလိုက်ကြသည်။ အိမ်ထိန်းကြီးချူ ပြောလိုက်သည်။

'မိစ္ဆာစီးတုံကို ရဲတိုက်ပိုင်ရှင်က ဆုံးမခဲ့တယ်ဆိုတာကို

မမေ့ဘူးဆိုရင် ခင်ဗျားတို့ အခုလို စော်ကားမိတဲ့အတွက် တောင်းပန်ဖို့ လိုလိမ့်မယ်'

ကျိုစုနှင့် မောက်ပါတို့ ရယ်မောရာမှ ချက်ချင်း ရပ်တန့်သွားကြသည်။ ဒေါသလည်း ထွက်သွားကြသည်။ မောက်ပါက ကျယ်လောင်သော အသံဖြင့် ပြောလိုက်သည်။

'ကျုပ်တို့ အစ်ကိုကြီးအတွက် ကျုပ်တို့ လာခဲ့ကြတယ်ဆိုတာ မှတ်ထားပါ၊ ကဲ ချန်းစန်းကို ခေါ်လိုက်ပါ၊ ကျုပ်တို့ ကြာကြာ စောင့်မနေနိုင်ဘူး'

ကျိုစုကလည်း ဝင်ရောက်ပြောဆိုလေ၏။

'ဟုတ်တယ်၊ ကျုပ်တို့အစ်ကိုကြီး စီးတုံအတွက် သူ့အသက်ကို ပေးဆပ်ရလိမ့်မယ်'

အိမ်ထိန်းကြီးချူက

'ခင်ဗျားတို့နှစ်ယောက်ကို ဆုံးမဖို့ ရဲတိုက်ပိုင်ရှင်ကိုယ်တိုင် လာစရာ မလိုပါဘူးဗျာ၊ ကျုပ်တစ်ယောက်လုံး ရှိနေတာ ကျုပ်ပဲ တာဝန်ယူပါ့မယ်'

'ဟား ဟား ဟား ခင်ဗျားက ကြီးကျယ်လှချည်လား၊ ကောင်းပြီလေ၊ ခင်ဗျား ဘယ်လောက် အစွမ်းရှိကယ်ဆိုတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ကျိုစုက လှျပ်တစ်ပြက် ခုန်ကာ စတင်တိုက်ခိုက်လိုက်သည်။ အိမ်ထိန်းကြီးချူသည် မြေပေါ်၌ ခြေနှစ်ဖက်ခွဲခွါ မြဲမြဲစွာ ရပ်လိုက်၏။ ထို့နောက် သူ တိုက်ခိုက်လိုက်လေတော့သည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်

'ဝုန်း'



ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ ကျိုစုနှင့် အိမ်ထိန်းကြီးချူတို့ နောက်သို့ ပြင်းထူ ဆုတ်လိုက်ကြ၏။ ကျိုစု မျက်နှာပျက်သွား၏။ အိမ်ထိန်းကြီးချူက ထပ်မံပြောကြားလေ၏။

'ခင်ဗျားတို့ ပြန်သွားဖို့ ကောင်းပါပြီ'

မောက်ပါက ကျိုစုကို ကြည့်လိုက်သည်။ ထိုအခါ ကျိုစု၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်ကို တွေ့မြင်လိုက်ရသည်။ မောက်ပါက

'ကျိုစု မင်း '

သူ၏ စကားမဆုံးမီ ကျိုစုက လက်ကာပြလိုက်သည်။

'ကျုပ်အတွက် ဘာမှ မစိုးရိမ်နဲ့'

သို့သော် သူ၏ စကားသံတွင် မောဟိုက်နွမ်းနယ်နေသည့် လက္ခဏာများ ပါဝင်နေ၏။ မောက်ပါ ဒေါသထွက်သွားသည်။ ခါးကြား၌ ထိုးထားသည့် ဓားမြှောင်ကို ဆွဲထုတ်ကာ လည်ပင်း၌ ရစ်ခွေထားသော ကျစ်ဆံမြီးရှည်ကို ဖြတ်လိုက်သည်။ ကျစ်ဆံမြီး တစ်ထွာခန့်ကို ဓားနှင့် တီးခနဲ ဖြတ်လိုက်ပြီး အိမ်ထိန်းကြီးချူရှေ့၌ ပစ်ချလိုက်လေသည်။

'ခင်ဗျားအပေါ် အကြွေးတင်နေပြီဆိုတာ မှတ်ထားပါ၊ တစ်နေ့ ခင်ဗျား အကြွေး ပြန်ဆပ်ရလိမ့်မယ်'

စကားဆုံးလျှင် ကျိုစုဘက် လှည့်ကာ

'သွားစို့'

သူတို့နှစ်ယောက်သည် ထပ်မံတိုက်ခိုက်ရန် မစဉ်းစားကြတော့ဘဲ ချာခနဲ လှည့်ကာ ထွက်သွားကြ၏။ အစောင့်အကြပ်များက

ဟန့်တားနေ ဟန်ပြင်လိုက်ကြလေသည်။ အိမ်ထိန်းကြီးချူ လက်ရှေ့ ယမ်းပြလိုက်သည်။

'မလုပ်နဲ့ သူတို့ သွားပါစေ'

အစောင့်အကြပ်များ နောက်ဆုတ်သွားကြ၏။ ကျိုစုနှင့် မောက်ပါတို့သည် တောင်ကုန်းပေါ်မှ လျှင်မြန်စွာ ပြေးဆင်းသွားကြသည်။ ကျိုစုတို့ ထွက်သွားပြီ ဖြစ်၍ အိမ်ထိန်းကြီးချူက သစ်လုံးအိမ်ဘက် ပြန်လျှောက်သွားရန် ဟန်ပြင်လိုက်၏။

သို့သော် တောင်ကုန်း ပေါ် ပြေးတက်လာသည့် လူတစ်စုကို မြင်လျှင် ခြေလှမ်း ရပ်တန့်သွား၏။ သူ၏ မျက်နှာ ပို၍ တည်သွား၏။ ယခုတစ်ကြိမ် ရောက်လာသူများမှာ ကျိုစုနှင့် မောက်ပါတို့ကဲ့သို့ လွယ်လွယ်ကူကူ မောင်းထုတ်၍ ရမည့်သူများ မဟုတ်ကြောင်း နားလည်သဘောပေါက်လိုက်သည်။

ကျောက်တုံးနောက်ကွယ်မှ အေးအေးဆေးဆေး ထိုင်ကြည့်နေသည့် ကျင်းဖုံးသည် တောင်ပေါ်ဟက်လာသည့် လူစုကို မြင်လျှင်

'လူထူးလူဆန်းခုနစ်ယောက် ရောက်လာပြီကိုး'

တီးတိုး ရေရွတ်မိသည်။ မှန်ပေသည်။ ရောက်လေရာ အရပ်တွင် ပြဿနာ ဖြစ်တတ်သည်ဟု သိုင်းလောက၌ ကျော်ကြားနေသည့် လူထူးလူဆန်း ခုနှစ်ယောက် ရောက်ရှိလာခြင်းပင် ဖြစ်ပါတော့သည်။

***



# အခန်း (၅)

## နေမင်းသူရိန် သိုင်းကျမ်း

ကျင်းဖုံးက အေးအေးဆေးဆေး ထိုင်ကြည့်နေသည်။

လူထူး လူဆန်း ခုနှစ်ယောက် ရောက်လာသည်ကို မြင်လျှင် သစ်လုံးအိမ်ထဲသို့ ဝင်ကြည့်စရာ မလိုတော့ဘဲ အိမ်ထဲမှ လူများ ထွက်လာကြတော့မည် ဖြစ်ကြောင်း နားလည်သဘောပေါက်နေသည်။

သူလိုက်ရှာနေသည့် မြင်းစီးသမားကိုလည်း မေ့လျော့သွားသည်။

ကျင်းဖုံး ကြည့်နေစဉ်မှာပင် လူထူးလူဆန်း ခုနှစ်ယောက်နှင့် အိမ်ထိန်းကြီး ချူတို့ မျက်နှာချင်းဆိုင်မိလိုက်ကြသည်။

အိမ်ထိန်းကြီးချူက လက်နှစ်ဖက် ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'သိုင်းလောကမှာ ထင်ရှားတဲ့ လူထူးလူဆန်း ခုနှစ်ယောက်ကြွရောက်လာတာကို ကြိုဆိုပါတယ်ဗျာ'

အိမ်ထိန်းကြီးက ဂါရဝပြုရင်း ပြောလိုက်လေ၏။

ရွှေအလံ ရဲတိုက်၌ တွေ့ခဲ့ရပြီးပြီ ဖြစ်သော်လည်း ယခုမှ တွေ့လိုက်ရသည့်ပမာ ပြောလိုက်ခြင်း ဖြစ်ပါသည်။

အစ်ကိုကြီးဆိုသူက ပြောလိုက်၏။

'သူ မျက်စိ မှဲ့နေပြီ'

အရက်အိုးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ဟ၊ ရွှေအလံ ရဲတိုက်မှာ ငါတို့ကို တွေ့ခဲ့သေးတာပဲ၊ သူက အခုမှ တွေ့ရသလို ဟန်လုပ်ပြီး ပြောနေတယ်ကွ'

ကျန်လူများသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြသည်။ ကြိမ်တုတ်က ဝင်ပြောလေ၏။

'သိုင်းလောကမှာ ထင်ရှားတယ်လို့ ပြောတာ ကျွန်မတို့ကို စောင်းပြီး ပြောတာပဲ ဖြစ်မယ်၊ ကျွန်မတို့ကို ပြဿနာကောင်တွေလို့ သူတို့ ပြောနေကြတာပဲ မဟုတ်လား'

ကျန်လူများက

'ဟုတ်တယ် ဟုတ်တယ်'

ထောက်ခံလိုက်ကြသည်။

အစ်ကိုကြီးက အိမ်ထိန်းကြီးချုပ်ကို ကြည့်ကာ မေးသည်။

'ရွှေအလံရဲတိုက်ကနေ ဒီအထိ လိုက်လာရတာ ကျုပ်တို့ကို သက်သက် ပင်ပန်းအောင် လုပ်တာပဲ၊ ကဲ ရဲတိုက်ပိုင်ရှင် ဘယ်မှာလဲ ပြောစမ်းပါဦး'

အိမ်ထိန်းကြီးချုပ်က

'ရှိပါတယ်ဗျာ၊ အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် မအားမလပ် ဖြစ်နေပါတယ်၊ မိတ်ဆွေတို့ကို ထွက်တွေ့နိုင်မှာ မဟုတ်ပါဘူးဗျာ'

'အာ၊ ဘယ်လို အရေးကြီးတဲ့ ကိစ္စရှိနေတယ် ဟုတ်လား'



'ဟုတ်ပါတယ်၊ ရဲတိုက်ပိုင်ရှင်ဟာ'

ထိုစဉ် ကြိမ်တုတ်က ကြားဖြတ်ပြောလိုက်သည်။

'ကျွန်မတို့ကို မတွေ့ချင်လို့ တမင် အရေးကြီးတဲ့ကိစ္စ ဖြစ်နေတယ်ဆိုပြီး ပြောတာ'

အစ်ကိုကြီးက အိမ်ထိန်းချုပ်ကို စိုက်ကြည့်ကာ မေးသည်။

'ကျုပ်တို့ကို မတွေ့ချင်လို့လား'

အိမ်ထိန်းကြီးချုပ်က တည်ကြည်သော မျက်နှာထားဖြင့်

'ခင်ဗျားတို့ကိုမှ မဟုတ်ပါဘူး၊ ဘယ်သူ့ကိုမှမတွေ့နိုင်အောင် မအားမလပ် ဖြစ်နေပါတယ်ဗျာ'

'မလိုချင်ဘူး၊ ကျုပ်တို့ တွေ့ရမှ ဖြစ်မယ်'

အိမ်ထိန်းကြီးချုပ် ခေါင်းယမ်းလိုက်သည်။

'မဖြစ်ပါဘူးဗျာ၊ ရဲတိုက်ပိုင်ရှင် မအားပါဘူး'

'ကိစ္စမရှိဘူး၊ ကျုပ်တို့နဲ့ တွေ့ရင် အားသွားရမှာပေါ့'

စကားဆုံးလျှင် သစ်လုံးအိမ်သို့ လျှောက်သွားရန် ဟန်ပြင်လိုက်၏။

'ရပ်လိုက်'

အိမ်ထိန်းကြီးချုပ်က ဟန့်တားလိုက်၏။ အစ်ကိုကြီးက မကြား ချင်ဟန်ဆောင်ကာ ဆက်လျှောက်သွား၏။

အိမ်ထိန်းကြီးချုပ် မနေနိုင်တော့ပါချေ။

'ရပ်လိုက်စမ်း'

သူသည် လျှပ်တစ်ပြက် ခုန်ပြီး အစ်ကိုကြီးရှေ့တွင် လမ်းပိတ် ရပ်လိုက်လေ၏။

အစ်ကိုကြီးက

'ခင်ဗျား တော်တော် ရှုပ်တာပဲ'

ပြောပြောဆိုဆို လက်တစ်ဖက် ဖွေ့ယမ်းလိုက်၏။ အိမ်ထိန်းကြီးချူက မပေါ့ဆဝံ့ပါ။

လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းကာ ပြန်လည် ခုခံတိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက် ထိပ်တိုက် ရင်ဆိုင်မိလိုက်သည်နှင့်

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေတော့သည်။

အိမ်ထိန်းချူနှင့် အစ်ကိုကြီးတို့ ပြိုင်တူ နောက်ဆုတ်လိုက်ကြသည်။

အစ်ကိုကြီး ခေါင်းကုတ်လိုက်သည်။

'အိမ်ထိန်းကြီးက ဘယ်ဆိုးလို့တုန်းဗျ၊ ဒီတစ်ခါတော့ ကျုပ်ရဲ့ သိုင်းကွက်ကို သတိထားပါ'

ယခုတစ်ကြိမ် အစ်ကိုကြီး၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေမည် ဖြစ်ကြောင်း အိမ်ထိန်းကြီးချူ ရိပ်မိလိုက်၏။

ထို့ကြောင့် ကပျာကယာ လက်ကာပြလိုက်ပြီး

'ခဏနေပါဦးဗျ'

ဟန့်တားလိုက်၏။ အစ်ကိုကြီး မျက်မှောင်ကြုတ်သွားသည်၊

'ခင်ဗျားက ဘာပြောမလို့လဲ'

အိမ်ထိန်းကြီးချူ သက်ပြင်းချလိုက်သည်။

'ရဲတိုက်ပိုင်ရှင်ကို ကျုပ်သွားပြီး အကြောင်းကြားလိုက်ပါ့မယ် လက်ခံ တွေ့မတွေ့ ဆိုတာတော့ သူ ဆုံးဖြတ်ပါလိမ့်မယ်'



အစ်ကိုကြီး ကျေနပ်သွား၏။

ချက်ချင်းပင် ခေါင်းညိတ်ကာ သဘောတူလိုက်လေသည်။

'ကောင်းတယ် စောစောကတည်းက ခင်ဗျား သွားပြောဖို့ကောင်းတာဗျ'

'ကဲ ဒီမှာ စောင့်နေပါဗျာ'

အိမ်ထိန်းကြီးချူသည် အခြေအတင်ပြောဆိုနေခြင်း မပြုတော့ဘဲ သစ်လုံးအိမ်ဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်။

ကြိမ်တုတ်က ပြောလိုက်၏။

'သူတို့ကို အလျှော့ပေးလို့ မရဘူး၊ သူတို့မှာ လျှို့ဝှက်ချက်ရှိနေတယ်၊ ဘာတွေ ကြံစည်နေကြတယ်ဆိုတာ သိရအောင် ဖော်ထုတ်ရလိမ့်မယ်'

အစ်ကိုကြီး ရင်ကော့လိုက်သည်။

'စိတ်ချ၊ ရဲတိုက်ပိုင်ရှင် ဘယ်လောက်ဉာဏ်များနိုင်မလဲ၊ ကျုပ်သူ့ကို ပညာပေးလိုက်မယ်'

သူတို့ ပြောဆိုနေကြစဉ်မှာပင် သစ်လုံးအိမ်မှ လူတစ်စု ထွက်လာကြသည်ကို တွေ့မြင်ကြသည်။

ထိုလူစုမှာ အိမ်ထိန်းကြီးချူ၊ ရွှေအလံရဲတိုက်ပိုင်ရှင် ချန်းစန်း၊ စမ်းသုနှင့် ရီကျင်းတို့ ဖြစ်ကြသည်။

သူတို့ ရောက်လာသည်ကို မြင်လျှင် လူထူးလူဆန်းခုနစ်ယောက်သည် စိတန်း၍ ရပ်လိုက်ကြ၏။

ကျောက်တုံးနောက်မှ ထိုင်ကြည့်နေသည့် ကျင်းဖုံး သဘောကျသွားမိသည်။

သိုင်းလောကသို့ ခြေချမိသည်နှင့် သိုင်းလောကသားများ၏ ရင်ဆိုင်တိုက်ပွဲများကို တွေ့မြင်ခဲ့ရပြီး ဖြစ်ပါသည်။

ကျင်းဖုံး ကြည့်နေစဉ်မှာပင် ရွှေအလံရဲတိုက်ပိုင်ရှင် ချန်းစန်း တို့မှာ ခြေကွက်လပ်သို့ ရောက်ရှိလာကြသည်။

လူထူးလူဆန်း ခုနှစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိလိုက်ကြ သည်။

ချန်းစန်း၏ မျက်နှာမှာ တင်းမာ ခက်ထန်နေသည်။

လူထူးလူဆန်း ခုနှစ်ယောက်ကို စေ့ကြည့်လိုက်သည်။

သူသည် တောင်ကုန်းအောက်သို့ လက်ညှိုးထိုးပြီး ပြော သည်။

'ခင်ဗျားတို့ အခုချက်ချင်း ဒီတောင်ကုန်းပေါ်က ထွက်သွား ကြစမ်း'

သူ့အသံသည် ကျယ်လောင်လှပေ၏။

'ဟား ဟား ဟား'

အစ်ကိုကြီးက သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား ဟား ဟား'

'ဟား ဟား ဟား'

ကျန်လူများကလည်း ရယ်မောလိုက်ကြလေ၏။

ရယ်မောသံ များ စီစီညံသွားသည်။

ချန်းစန်း၏ မျက်နှာထား တင်းမာသွားလေ၏။

'ခင်ဗျားတို့ ဒီတောင်ပေါ်က အခုချက်ချင်း ဆင်းသွားပ ါ ကျုပ် နောက်ဆုံး ပြောခြင်းပဲ'

သူက ပြောလိုက်ပြန်သည်။



အစ်ကိုကြီးက ရယ်မောရာမှ ရပ်တန့်လိုက်ပြီး

'ကျုပ်တို့ ဆင်းမသွားဘူးဆိုရင်ကောဗျာ'

ဘုဆတ်ဆတ် ပြောလိုက်သည်။

ချန်းစန်းက မဲ့ပြုံး ပြုံးလိုက်သည်။

'လွယ်ပါတယ် ကျုပ် မောင်းထုတ်ပစ်လိုက်မှာပေါ့'

'ဟား ဟား ဟား၊ ရယ်စရာ ကောင်းလိုက်တာ၊ ခင်ဗျားရဲ့ သိုင်းပညာနဲ့ ကျုပ်တို့ကို မောင်းထုတ်နိုင်မယ် ဟုတ်လား၊ ကြွားတာ လည်း ကြည့်ကြွားပါဗျာ'

'ဘာ ဘာပြောတယ်'

ချန်းစန်းက ဒေါသမထိန်းနိုင်တော့တဲ ရှေ့သို့ လှမ်းထွက်လာ သည်။

လူထူးလူဆန်း ခုနှစ်ယောက်အား မလိုလားအပ်သူများဟု သိုင်းလောကသားများက ခံယူထားသည့်အတိုင်း ချန်းစန်းကလည်း ကြည့်မရဘဲ ဖြစ်နေသည်။

ထို့ကြောင့် တိုက်ခိုက်လိုက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

အစ်ကိုကြီးက

'ခင်ဗျားက ကျုပ်တို့ လူစုကို မယှဉ်နိုင်ဘူးဆိုတာ သိရက် နဲ့ သူများအားကိုးပြီး ယှဉ်ချင်တာ ရယ်စရာ ကောင်းလိုက်တာ၊ ကျုပ် တို့က ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတာ မှတ်ထားစမ်းပါ'

ချန်းစန်း ခံပြင်းသွားသည်။

အစ်ကိုကြီး၏ စကား မှန်နေသည်ဟု ဆိုနိုင်သည်။ လူထူး လူဆန်း ခုနှစ်ယောက်သည် စိတ်နေသဘောထား ထူးဆန်းသလို သူတို့ အသုံးပြုသည့် သိုင်းကွက်များသည်လည်း အလွန် ထူးဆန်းသည်။

ထို့ကြောင့် တစ်ယောက်တည်းအနေဖြင့် မည်သည့်နည်းနှင့်မျှ ရင်ဆိုင်နိုင်မည် မဟုတ်ချေ။

ချန်းစန်းက

'ခင်ဗျားကို ဆုံးမဖို့ ကျုပ်အတွက် အကူအညီ မလိုပါဘူး'

စကားဆုံးသည်နှင့် သူသည် အစ်ကိုကြီးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

'နေဦး'

ဟန့်တားသံ တစ်သံ ထွက်ပေါ်လာ၏။ ချန်းစန်းမှာ တိုက်ကွက်ကို ရုတ်သိမ်းကာ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ဟန့်တားလာသူကို လှမ်းကြည့်လိုက်သည်။

စမ်းယုက ဟန့်တားလိုက်ခြင်း ဖြစ်သည်။

စမ်းယုသည် ရှေ့သို့ လှမ်းထွက်လာပြီး ပြောလိုက်လေ၏။

'ချန်းစန်း သူတို့ ဘာကိစ္စကြောင့် ဒီနေရာကို ရောက်လာကြတယ်ဆိုတာ အရင်ဆုံး မေးကြည့်တာ ပိုကောင်းတယ်ဗျ'

ချန်းစန်းက အစ်ကိုကြီးဘက် လှည့်ကြည့်လိုက်သည်။ အစ်ကိုကြီး ပြုံးလိုက်သည်။

'ကျုပ်တို့ ဘာကြောင့် လာခဲ့ရသလဲ ဟုတ်လား။ ခင်ဗျားတို့ တိတ်တိတ်ပုန်းပြီး ကြံတ်လုပ်နေတဲ့ ကိစ္စကို သတင်းရလို့ပေါ့ဗျာ'

ချန်းစန်းက စမ်းယုကို လှည့်ကြည့်လိုက်လေသည်။

စမ်းယု သက်ပြင်းချလိုက်သည်။

'ခင်ဗျားတို့ကို ဘယ်သူ ပြောတာလဲ'

ယခုတစ်ကြိမ် အစ်ကိုကြီးကို ဝိုက်ရိုက်မေးလိုက်၏။ အစ်ကိုကြီးက



'သိုင်းလောကမှာ လျှို့ဝှက်ချက်ဆိုတာတွေဟာ ဘယ်တော့မှ မလုံဘဲ ပေါက်ကြားသွားတာချည်းပဲဗျာ၊ ရှင်းရှင်းပြောလိုက်မယ်၊ ခင်ဗျားတို့ဟာ နေမင်းသူရိန်ကျင့်စဉ်အတွက် ကြံတ်ပြီးခြေပုန်းခုတ်နေတယ်ဆိုတဲ့သတင်း ကျုပ်တို့ ကြားပြီးပြီဗျ'

'ဘာ'

စမ်းယု၏ အသံ ဟိန်းထွက်လာသည်။

ကျင်းဖုံးသည် သူတို့ ပြောနေသည့် စကားများကို အတိုင်းသား ကြားနေရပါ၏။

ထို့ကြောင့် လူထူးလူဆန်း ခုနစ်ယောက်သည်လည်းကောင်း၊ စမ်းယုနှင့် ရီကျင်း တို့သည်လည်းကောင်း၊ အခြားသိုင်းသမားများသည်လည်းကောင်း၊ လျှို့ဝှက်သော အကြောင်းကိစ္စတစ်ခုကြောင့် ရွှေအလံရဲတိုက်သို့ ရောက်ရှိလာခဲ့ကြောင်း ရိပ်မိလိုက်လေတော့သည်။

အစ်ကိုကြီး၏ ပြောစကားအရဆိုလျှင် နေမင်းသူရိန်ကျင့်စဉ်ကျမ်းအကြောင်း ဖြစ်ရမည်ဟု တွေးမိသည်။

'နေမင်းသူရိန်ကျင့်စဉ်ကျမ်းဆိုတာ ဘာပါလိမ့်'

သူစဉ်းစားနေစဉ်မှာ စမ်းယု၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'ခင်ဗျားက အစ်ကိုကြီးဆိုတာ ထင်တယ်၊ ခင်ဗျား မသိဘူး၊ နေမင်းသူရိန်ကျင့်စဉ်ကျမ်းနှင့် ပတ်သက်ပြီး လူအတော်များများ ဒုက္ခရောက်နေကြပြီ၊ ခင်ဗျား ဒုက္ခမရောက်ချင်ရင် အေးအေးဆေးဆေး ထွက်သွားပါ'

အစ်ကိုကြီး ခေါင်းယမ်းလိုက်၏။

'ကျုပ် ကျုပ်တို့ သူများခြိမ်းခြောက်တိုင်း ထွက်သွားရိုး ထုံးစံ

မရှိဘူးဗျ'

'ခင်ဗျားတို့ဟာ နေရာတကာမှာ ပြဿနာရှာတတ်ကြတယ်ဆိုတာ မှန်နေပါလား'

အစ်ကိုကြီးက စမ်းယုအား စိုက်ကြည့်လိုက်ပြီး

'ခင်ဗျားက လျှပ်စီး စမ်းယုမဟုတ်လား'

'ကျုပ်ကို မင်းသိနေတာပဲ'

အစ်ကိုကြီး ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားရဲ့ ဂုဏ်သတင်းကို ကျုပ် ကြားမိပါတယ်ဗျာ၊ ခင်ဗျားဟာ ချီးကျူးထိုက်တဲ့ လူတစ်ယောက်ပါပဲ၊ ကျုပ်တို့က ခင်ဗျားကို ရန်သူလို သဘောမထားချင်ပါဘူး'

ထိုစကားကြားသောအခါ ချန်းစန်းက ကြားဖြတ်၍ ပြောလိုက်၏။

'အခုမှ လေပြေထိုးမနေနဲ့ ခင်ဗျားတို့ကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ အခုချက်ချင်း ထွက်သွားကြပါ'

'ဟား ဟား ဟား'

အစ်ကိုကြီး သဘောကျစွာ ရယ်မောလိုက်၏။

စမ်းယုက ပြောလိုက်၏။

'ချန်းစန်း သူတို့ကို ကျုပ် တာဝန်ယူမယ်'

သူ စတင်တိုက်ခိုက်ချိန်၌ ဝင်မရှုပ်စေလိုသော သဘောဖြစ်လေသည်။

ချန်းစန်း မကျေမနပ် ဖြစ်သွားသည်။

သို့သော် ဘာမျှ မပြောဘဲ နေလိုက်သည်။

စမ်းယုက အစ်ကိုကြီးအား ကြည့်ကာ



'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ဟာ အခက်အခဲတစ်ခုနဲ့ ရင်ဆိုင်နေရတာ အမှန်ပါပဲ၊ ကျုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် လက်ကမ်းကြိုဆိုဖို့ အဆင်သင့်ပါပဲ၊ ကျုပ်တို့ကို နှောင့်ယှက်မယ်ဆိုရင်တော့ ကျုပ်တို့ ငြိမ်နေမှာ မဟုတ်ပါဘူး'

အစ်ကိုကြီးက

'ကျုပ်တို့က ထူးထူးဆန်းဆန်း ကြားရင် စိတ်ဝင်စားတာ အမှန်ပဲဗျ၊ ကျုပ်တို့နဲ့ လက်တွဲမယ်ဆိုပေမယ့် ကျုပ်တို့စိတ်ခတ်နဲ့ ခင်ဗျားတို့ လွယ်မယ် မထင်ဘူး၊ ခင်ဗျားတို့ ဘာတွေ လျှို့ဝှက်ကြံစည်နေတယ်ဆိုတာ ပြောပြပါ၊ ကျုပ်တို့အနေနဲ့ စိတ်ဝင်စားစရာ ကိစ္စမဟုတ်ဘူးထင်ရင် အချိန်ကုန် မခံပါဘူးဗျာ၊ ချက်ချင်း ထွက်သွားပါမယ်'

သူ၏လူများသည်လည်း သဘောတူကြဟန်ဖြင့် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြသည်။

စမ်းယု သက်ပြင်းချလိုက်သည်။

'ဝမ်းနည်းပါတယ်၊ ခင်ဗျားပြောသလို မဖြစ်နိုင်ပါဘူး'

'ဘာဖြစ်လို့လဲ'

'ကြာပါတယ်၊ ခင်ဗျားတို့ အေးအေးဆေးဆေး ထွက်သွားကြပါ'

တစ်ချိန်လုံး ငြိမ်သက်စွာ ရပ်ကြည့်နေသည့် ရီကျင်းက ကြားဝင် ပြောလိုက်ခြင်း ဖြစ်ပေသည်။

အစ်ကိုကြီး မဲ့ပြုံး ပြုံးလိုက်ရသည်။

'ရပါတယ်ဗျာ၊ ကျုပ်တို့ကို မောင်းထုတ်နိုင်မယ်ဆိုရင် ထွက်သွားပါ့မယ်'

'ကောင်းပြီ'

အစ်ကိုကြီးက စိန်ခေါ်လိုက်သည်နှင့် ရီကျင်းက ရှေ့သို့ လှမ်းထွက်လာလေတော့သည်။

စမ်းယု နောက်ဆုတ်လိုက်သည်။

ရီကျင်းအား တားဆီး၍ ရမည်မဟုတ်ဟု နားလည်ထားသည်။

ထို့ကြောင့် စိတ်လျှော့ချလိုက်ခြင်း ဖြစ်သည်။

တစ်ဖက်နှင့် တစ်ဖက် အဆင်ပြေမလို ဖြစ်ပြီးမှ ရင်ဆိုင်တိုက်ခိုက်ရတော့မည့် အခြေအနေသို့ ပြောင်းလဲသွားပေမည်။

ချန်းစန်း ဝမ်းသာသွားလေသည်။

'မိတ်ဆွေကြီး ရီကျင်း သူတို့ကို ဆုံးမလိုက်စမ်းပါ'

သွေးထိုးပေးသည်။ အစ်ကိုကြီးက မဲ့ပြုံး ပြုံးလိုက်၏။

'ခင်ဗျားက မုန်တိုင်း ရီကျင်း မဟုတ်လား၊ ခင်ဗျားရဲ့ မုန်တိုင်းလက်ဝါး သိုင်းကွက်ဟာ ပြိုင်ဘက်ကင်းတယ်လို့ ကြားမိပါရဲ့၊ ဒါဟာ ရွှေအလံရဲတိုက်ပိုင်ရှင်နဲ့ ပေါင်းပြီး ကြွားလုံးထုတ်တာ မဟုတ်ပါစေနဲ့လို့ ကျုပ် ဆုတောင်းပါတယ်ဗျာ'

'ဘာ'

ရီကျင်း ဒေါသထွက်သွားသည်။

အစ်ကိုကြီးက ဝံ့ကြွားစွာ ပြောလေ၏။

'ကျုပ်က ခင်ဗျားတို့ ပြောပြမှ သိရမယ့်လူ မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ၊ ကျုပ်သိချင်တဲ့ကိစ္စကို ဘယ်လောက်ပဲ ဖုံးထား ဖုံးထားရအောင် စုံစမ်း ဖော်ထုတ်နိုင်တယ်'

ရီကျင်းက ဒေါသ မထိန်းနိုင်တော့ပါ။



'သေပေတော့'

အော်ငေါက်ကာ စတင်တိုက်ခိုက်လိုက်သည်။

သူက လက်ဝါးဆန့်ထုတ်လိုက်သည်နှင့် လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာကာ အစ်ကိုကြီးထံ တိုးဝင်သွားသည်။

အစ်ကိုကြီးက မြေပေါ် ခြေနှစ်ဖက် မြဲမြံစွာ ရပ်ကာ လက်ဝါးနှစ်ဖက် ပြန်လည် တွန်းထုတ်လိုက်၏။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ ရီကျင်း၏ လက်ဝါးနှစ်ဖက်နှင့် အစ်ကိုကြီး၏ လက်ဝါးနှစ်ဖက်တို့ ဆုံတွေ့မိကာ ခွဲခွာ၍မရအောင် ပူးကပ်သွားသည်။

သူတို့နှစ်ယောက် အတွင်းအားချင်း ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်းဖြစ်သည်။

ချန်းစန်းနှင့် စမ်းယု နောက်ဆုတ်သွားကြသလို ကြိမ်တုတ်တို့လည်း နောက်ဆုတ်လိုက်ကြ၏။

မြေကွက်လပ်တွင် ရီကျင်းနှင့် အစ်ကိုကြီးတို့နှစ်ယောက်သာ လျှင် သဲကြီးမဲကြီး ယှဉ်ပြိုင်လျက် ကျန်ရစ် ခဲ့သည်။

ရီကျင်း၏ မျက်နှာ တည်ကြည်လေးနက်နေသည်။

တစ်ခဏအကြာတွင် သူတို့နှစ်ယောက်၏ ဦးခေါင်းပေါ်မှ အငွေ့တစ် ထောင်းထောင်း ထွက်ပေါ်လာလေတော့သည်။

အစ်ကိုကြီး၏ မျက်လုံး ရဲရဲနီလာ၏။ ခန္ဓာကိုယ်လည်း ဆက်ခနဲ တုန်ခါသွားလေသည်။

အခြေအနေ စောင့်ကြည့်နေသည့် ကြိမ်တုတ်တို့လူစု၏ မျက်နှာတွင် စိုးရိမ်ပူပန်သည့်အရိပ်အယောင်များ ဖြစ်ပေါ်လာ

လေတော့သည်။

ထိုစဉ်မှာပင်

'ရှင်တို့ အခုလို ယှဉ်ပြိုင်နေလို့ ဘာအကျိုးရှိမှာလဲရှင့်'

ချိုလွင်သာယာသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အားလုံးသည် စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ သစ်လုံးအိမ်ထဲမှ လူနှစ်ယောက် လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုမိန်းကလေးကို မြင်သောအခါ ကျင်းဖုံး အံ့ဩသွားလေ၏။

'တောအုပ်ထဲမှာ ဝံပုလွေတွေ အန္တရာယ်ကြောင့် ထွက်ပြေးလာတဲ့ မိန်းကလေးပါလား'

ကျင်းဖုံး လွှတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပေသည်။ သစ်လုံးအိမ်ထဲမှ ထွက်လာသူ နှစ်ယောက်မှာ မိန်းကလေးတစ်ယောက်နှင့် အဘိုးအိုတစ်ယောက်တို့ ဖြစ်ကြသည်။

ထိုမိန်းကလေးမှာ ကျင်းဖုံးနှင့် ဆုံတွေ့ခဲ့ဖူးသည့် မိန်းကလေးပင် ဖြစ်ပေသည်။

အားလုံးက မိန်းကလေးကို ဝိုင်းကြည့်နေကြ၏။

မိန်းကလေးကား မြေကွက်လပ်တွင် ရင်ဆိုင်နေကြသည့် ရီကျင်းနှင့် အစ်ကိုကြီး တို့ကိုသာ လှမ်းကြည့်လိုက်သည်။

သူသည် အဘိုးအိုဘက်လှည့်ကာ ပြောလိုက်၏။

'ဘဘလုထိန် သူတို့နှစ်ယောက်ကို ဖြန်ဖြေပေးလိုက်ပါရှင်'



အဘိုးအို (ဝါ) လုထိန် ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ သခင်မလေး'

စကားဆုံးလျှင် မြေကွက်လပ်ဆီသို့ ခပ်သွက်သွက် ထွက်သွားသည်။

ရီကျင်းနှင့် အစ်ကိုကြီးတို့ကား ယှဉ်ပြိုင်နေကြဆဲပင်။ အစ်ကိုကြီး၏ နဖူးပေါ်၌ ချွေးသီးချွေးပေါက်များ စို့ရွဲလာ၏။

အစ်ကိုကြီး၏ မျက်နှာက ရဲရဲနီနေသည်။

အတွင်းအားချင်းပြိုင်ရာတွင် အထွတ်အထိပ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိနိုင်၏။

အခြေအနေကို ကြည့်ရသည်မှာ ရီကျင်းက တဖြည်းဖြည်း အသာစီး ရလာပုံ ရှိသည်။

လုထိန် မြေကွက်လပ်ဆီသို့ လျှောက်သွားသည်ကို တွေ့မြင်ရလျှင် ကြိမ်တုတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ရှင်ဘာလုပ်မလို့လဲ'

အော်ပြောရင်း ရှေ့သို့ လှမ်းထွက်လာလေသည်။

သူမအား ခမောက်က ဟန့်တားလိုက်၏။

'ကြိမ်တုတ် ငြိမ်ငြိမ်နေစမ်းပါ'

လုထိန်သည် တိုက်ပွဲကို ရပ်တန့်သွားအောင် တားဆီးမည့်သူ ဖြစ်ပြီး အစ်ကိုကြီးမှာလည်း ကြာလျှင် အရေးနိမ့်သွားနိုင်ကြောင်း ကောင်းစွာ သဘောပေါက်ထားသည်။

ကြိမ်တုတ် မကျေမနပ် ဖြစ်သွားသည်။

သို့သော် လူထူးလူဆန်း ခုနစ်ယောက်တွင် အသက်အကြီးဆုံးဖြစ်သော ခမောက်၏ စကားကို မပယ်ရှားလိုသဖြင့် အသာငြိမ်နေ

လိုက်သည်။

လုထိန်သည် မြေကွက်လပ်သို့ ရောက်သွားလေပြီ။

ရီကျင်းနှင့် အစ်ကိုကြီးတို့နှစ်ယောက် အနီး၌ရပ်ကာ လက်တွင် ကိုင်လာသည့် မြင်းနှင်တံဖြင့်

'သွားစမ်း'

အော်ငေါက်ကာ ဖျတ်ခနဲ ရိုက်ချလိုက်လေသည်။

'ဝှစ်'

မြည်သံ ထွက်ပေါ်လာသည်။

မြင်းနှင်တံသည် ရီကျင်းနှင့် အစ်ကိုကြီးတို့၏ ထိကပ်နေသည့် လက်နှစ်ဖက်သို့ ကျရောက်သွားသည်နှင့် ထက်ပိုင်းကျိုးသွားလေတော့သည်။

'ယား'

ရီကျင်းက ညာသံပေးကာ နောက်ဆုတ်လိုက်၏။

အစ်ကိုကြီးလည်း မြေပေါ် ခြေဆောင့်ကာ နောက်ကျွမ်းပစ်ပစ်ပြီး ရှောင်ထွက်သွားသည်။

အတွင်းအားချင်း ယှဉ်ပြိုင်နေရာတွင် ကြားဝင် ဖြန်ဖြေရသူမှာ လွန်စွာမှပင် အန္တရာယ်များလှသည်။

ကြားဝင် မတတ်လျှင် ဒုက္ခပင် ရောက်နိုင်သေး၏။

ယခုတော့ လုထိန်က အပြန်အလှန် စီးဆင်းနေသည့် လက်ဝါးနှစ်ဖက်မှ အတွင်းအားကို မြင်းရိုက်တံပေါ်သို့ ကူးပြောင်းပို့ဆောင်ပေးသည့်နည်းနှင့် လူချင်း ခွဲလိုက်ခြင်း ဖြစ်သည်။

အစ်ကိုကြီးနှင့် ရီကျင်းတို့ နောက်ဆုတ်သွားကြသလိုသူလည်း မြင်းရိုက်တံကို လွှတ်ချကာ နောက်သို့ လျှင်မြန်စွာ ဆုတ်



လိုက်၏။

မြေကွက်လပ်၌ ဖြစ်ပေါ်ခဲ့သည့် တိုက်ပွဲမှာ တဒင်္ဂအတွင်း ပြီးဆုံးသွားတော့သည်။

လုထိန်သည် မိန်းကလေးအနီးသို့ ပြန်လျှောက်သွားပြီး မလှုပ်မယှက် နေလိုက်၏။

ရီကျင်းက

'မိတ်ဆွေကြီး လုထိန်က'

သူ၏ စကားမဆုံးမီ မိန်းကလေးက ပြောလိုက်လေ၏။

'ကျွန်မအတွက် ရင်ဆိုင်တိုက်ခိုက်ရတာမျိုး ကျွန်မ မလိုလားပါဘူး'

ရီကျင်း သက်ပြင်းချကာ ပါးစပ်ပိတ်ထားလိုက်သည်။

အစ်ကိုကြီးသည် လုထိန်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီး မေးလိုက်လေ၏။

'ခင်ဗျားက ကောက်ကျင်းနယ်စားရဲ့ ကိုယ်ရံတော်သုံးယောက်ထဲက လုထိန်မဟုတ်လားဗျ'

လုထိန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

'ဒါဖြင့်'

အစ်ကိုကြီးက မိန်းကလေးဘက် လှည့်ကြည့်လိုက်သည်။

'ကျွန်မဟာ ကောက်ကျင်းနယ်စားကြီးရဲ့သမီး ဆင့်ဆင့်ပါရှင်'

မိန်းကလေးက ပြုံးချိုစွာဖြင့် ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးလိုက်၏။

အစ်ကိုကြီး၏ မျက်နှာတွင် ထူးခြားသည့် အရိပ်အယော
များ ဖြစ်ပေါ်လာသည်။

ချက်ချင်းပင်လက်နှစ်ဖက် ဆုပ်လိုက်ပြီး ဂါရဝပြုလိုက်

'သခင်မလေးကို လေးစားပါတယ်'

မိန်းကလေးဆင့်ဆင့်က

'လူထူးလူဆန်း ခုနစ်ယောက်ဟာ လူတော်တွေ ဖြစ်တ
လို့ ဖေဖေ မကြာခဏ ချီးကျူးပြောဆိုခဲ့ဖူးပါတယ်ရှင်'

'တကယ်ပြောတာလားဗျ'

'တကယ်ပါရှင်၊ လူထူးလူဆန်း ခုနစ်ယောက် စုပေါင်း
တိုက်ခိုက်မယ် ဆိုရင် သိုင်းလောကမှာ ခံနိုင်တဲ့ ငါးယောက်ထ
မပိုဘူးလို့ ပြောခဲ့ပါတယ်၊ အခုလို တွေ့ရတာ ဝမ်းသာပါတယ်

အစ်ကိုကြီး ကျေနပ်သွားသည်။

ကောက်ကျင်းနယ်စားကြီး ဆင့်လုံသည် သိုင်းလောက
လျှမ်းလျှမ်းတောက် ကျော်ကြားသည့် သိုင်းထိပ်သီးတစ်ယော
ဖြစ်သည်။

ကောက်ကျင်းနယ်စားကိုယ်တိုင် ထုတ်ဖော်ချီးကျူးသည်
အစ်ကိုကြီး ကျေနပ်သွားခြင်း ဖြစ်ပေတော့သည်။

အစ်ကိုကြီး ဦးခေါင်း တဆတ်ဆတ်ညိတ်ရင်း

'ကောက်ကျင်းနယ်စားကြီးဟာလည်း ဘကယ့်ကို ကြည်
လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါပဲ၊ ကျုပ်တို့က နယ်
ကြီးကို နှုတ်ခွန်းဆက်သလိုက်ပါတယ်လို့ ပြောပေးပါ'

ဆင့်ဆင့်၏ မျက်နှာ ညှိုးလျော်သွားသည်။

'ဖေဖေ ဆုံးသွားပါပြီရှင်'



စကားဆုံးသည်နှင့် ခေါင်းငုံ့သွားလေတော့၏။

'ဗျာ'

မမျှော်လင့်သော စကား ကြားလိုက်ရခြင်းကြောင့် အစ်ကိုကြီး
ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

အခြေအနေ စောင့်ကြည့်နေကြသည့် ကြိမ်တုတ်တို့သည်
လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ခမောက်က အရှေ့တိုးလာပြီး

'နယ်စားကြီး ဆုံးသွားပြီလို့ သခင်မလေးပြောတာ အမှန်ပဲ
လား၊ ကျုပ်တို့ နားကြားလွဲတာများလားဗျာ'

ဆင့်ဆင့်က

'ဖေဖေ ဆုံးသွားတာ အမှန်ပါပဲ'

ဝမ်းနည်းစွာဖြင့် ပြောလာသည်။

'ဟာ ဘယ်လိုရောဂါနဲ့ ဆုံးသွားတာလဲ၊ နယ်စားကြီးဟာ
ဖေါင်ဖေါင်မြည် ကျန်းမာရေးကောင်းတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်
တို့ သိထားတာပဲ'

ဆင့်ဆင့် သက်ပြင်းချလိုက်သည်။

'ဖေဖေဟာ လူတစ်ယောက် လက်ချက်နဲ့ ကွယ်လွန်သွား
တာပါ'

'ဗျာ'

အစ်ကိုကြီး လွှတ်ခနဲ ရေရွတ်မိပြန်သည်။

လူထူးလူဆန်း ခုနစ်ယောက်လုံး ရှေ့တိုးလာကြသည်။
ဆင့်ဆင့် ပြောမည့် စကားကို စိတ်ပါဝင်စားပုံ ရှိလေသည်။

ဆင့်ဆင့်က

'ဖေဖေဟာ မရဏာစား လက်ချက်ကြောင့် ကွယ်လွန်သွားပါ ပြီရှင်'

'ဟာ'

လူထူးဆန်း ခုနစ်ယောက် ကျယ်လောင်စွာ အော်လိုက်ကြ သည်။

သူတို့အားလုံး မျက်စိပျက် မျက်နှာပျက်သွားကြသည်။ ကောက်ကျင်းနယ်စားကြီးပင်လျှင် မရဏာစားလက်ချက် မိသွားသည် ဟူသော အတွေးကြောင့် အားလုံး ထိတ်လန့်သလို ဖြစ်သွားကြသည်။

ဆင့်ဆင့်က ဆက်ပြောလေသည်။

'ဖေဖေက သိုင်းလောကထဲကနေ နုတ်ထွက်သွားပြီး အနား ယူဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်၊ ဒါကြောင့် နေမင်းသူရိန် ကျင့်စဉ်ကျမ်းကို အများအကျိုး၊ သိုင်းလောကအကျိုး အဓိကထား ဆောင်ရွက်မယ့် လူတစ်ယောက် လက်ထဲ ပေးအပ်ခဲ့မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဒါပေမယ့် အဲဒီ ဆုံးဖြတ်ချက်ကို အကောင်အထည် မဖော်နိုင်ခင်မှာပဲ လုပ်ကြံခံရလိုက်ပါတယ်'

နေမင်းသူရိန်ကျင့်စဉ်၏ အမည် ပါလာခြင်း ဖြစ်လေတော့ သည်။

ချန်းစန်းက ကြားဝင် ပြောလိုက်လေ၏။

'သခင်မလေး သူတို့ကို ဒီအကြောင်းတွေ ရှင်းပြစရာ မလိုပါ ဘူး'

အစ်ကိုကြီး မကျေမနပ် ဖြစ်သွားသည်။

ဒီမှာ စကားအကောင်းပြောနေတာ၊ ခင်ဗျား ပါးစပ်ပိတ်ထား စမ်း၊ စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်နေတုန်း ဆေးရိုးသည်



က ကန့်လန့်ဆိုတာ ဒါမျိုးပဲ'

ထိုစကားကြောင့် ချန်းစန်း ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။

'မင်းက ငါ့ကိုများ ငေါက်နေသေးတယ်'

ပြောပြောဆိုဆို ရှေ့သို့ လှမ်းလာသည်။

'ခဏနေပါဦးရှင်'

ဆင့်ဆင့်က ဟန့်တားလိုက်လေသည်။

ချန်းစန်းက

'သခင်မလေး'

'ကျွန်မက သူတို့နဲ့ စကားပြောစရာ ရှိသေးလို့ပါ'

ချန်းစန်း မျက်နှာပျက်သွားသည်။

ဘာမှ မပြောဘဲ နောက်ဆုတ်သွားသည်။

အစ်ကိုကြီး ပြုံးလိုက်သည်။

'ဒီလို နားလည်တတ်မှပေါ့ဗျာ'

သူ့စကားသည် ချန်းစန်း ဒေါသထွက်ချင်စရာပင်။

ဆင့်ဆင့်က ကြားဖြတ်ပြောလိုက်သည်။

ချန်းစန်း စကားမစနိုင်အောင် ဖြစ်သွားလေသည်။

'ကျွန်မဖေဖေ လုပ်ကြံခံလိုက်ရတဲ့ အချိန်မှာ ကျွန်မဟာ မြောက်ဘက်တောင်တန်းဒေသကို ခရီးထွက်နေလို့ အဖြစ်အပျက်တွေ ကို တိတိကျကျ မသိခဲ့ရပါဘူးရှင်၊ ဒါပေမယ့် ဖေဖေရဲ့ နေမင်းသူရိန် ကျင့်စဉ် ပျောက်ဆုံးသွားတယ်ဆိုတာ သိခဲ့ရပါတယ်'

အစ်ကိုကြီးက ပြောလိုက်၏။

'မရဏာစား ယူသွားတာ ဖြစ်မှာပေါ့'

'မရဏာစားလည်း ရမသွားဘူးလို့ သိရပါတယ်'

အစ်ကိုကြီး မျက်မှောင်ကြုတ်သွားသည်။

'သခင်မလေး ပြောတာကို ကျုပ် နားမရှင်းဘူး'

ဆင့်ဆင့် သက်ပြင်းချကာ

'ဒီလိုပါရှင်၊ ကျွန်မဖေဖေဟာ နေမင်းသူရိန် ကျင့်စဉ်ကျမ်းကို လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်းက ရထားခဲ့ပါတယ်၊ အဲဒီ ကျင့်စဉ်ဟာ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ အားလုံး သိကြတဲ့အတိုင်းပါပဲ'

အစ်ကိုကြီး ခေါင်းညိတ်လိုက်သည်။

'နယ်စားကြီးဟာနေမင်းသူရိန် ကျင့်စဉ်တွေနဲ့ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့တယ်ဆိုတာ လူတိုင်းသိကြပါတယ်ဗျာ'

ဆင့်ဆင့်က ဆက်ပြောလေသည်။

'ဖေဖေ ရခဲ့တဲ့ နေမင်းသူရိန်ကျင့်စဉ်ဟာ မပြည့်စုံဘူးလို့ ဖေဖေ အမြဲတမ်း ပြောခဲ့ပါတယ်'

'ဘာ ဘယ်လို မပြည့်စုံဘူးဟုတ်လား'

'ဟုတ်တယ်ရှင့်'

'ဘယ်လို မပြည့်စုံတာလဲ၊ ရှင်းပြနိုင်ရင် ရှင်းပြပါ'

ဆင့်ဆင့် သက်ပြင်းချကာ

'ကျွန်မလည်း သေသေချာချာ မသိဘူး၊ ဖေဖေ ပြောလို့ မပြည့်စုံဘူးဆိုတာပဲ သိရပါတယ်၊ ဖေဖေက နောက်ထပ် သိုင်းကျမ်း ရှိသေးတယ်လို့ ပြောပါတယ်'

ယခုတစ်ကြိမ်တွင် အစ်ကိုကြီး ဆိုသူ ငြိမ်နေလိုက်သည်၊ ကောက်ကျင်းနယ်စားကြီး ဆင့်လုံနှင့် ပတ်သက်ပြီး သိုင်း



လောကတွင် သတင်းမျိုးစုံ ထွက်ပေါ်လာခဲ့ဖူးပေသည်။

ကောက်ကျင်း နယ်စားသည် အများအကျိုး၊ သိုင်းလောက အကျိုးကို ရှေ့တန်းတင် ဆောင်ရွက်သူဖြစ်၍ နောက်ပိုင်း၌ ဝေဖန်ပြောဆိုမှုများ ကွယ်ပျောက်သွားခဲ့ခြင်း ဖြစ်ပေသည်။ ကောက်ကျင်းနယ်စား အကြောင်း၊ သူ၏ သိုင်းပညာအကြောင်း စုံစမ်းသူ မရှိသလောက် ဖြစ်သွား၏။

အစ်ကိုကြီး သိထားသည်မှာ ကောက်ကျင်းနယ်စားသည် လွန် ခွာမှပင် စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး သိုင်းစွမ်းရည် အလွန် ထက်သည် ဆိုခြင်းပင်။

ကောက်ကျင်းနယ်စား၏ နေမင်းသူရိန် ကျင့်စဉ်နှင့် ပတ်သက်ပြီး ပြောဆိုကြရာဝယ်၊ မည်သည့်သတင်းက မှန်သည်၊ မည်သည့် သတင်းက မှားသည်ကိုလည်း မည်သူမျှ တိတိကျကျ မပြောနိုင်ခဲ့ကြချေ။

ဆင့်ဆင့် ဆက်ပြောသည်။

'ဖေဖေဟာ နေမင်းသူရိန် ကျင့်စဉ် နောက်တစ်ခုကို ရှာတွေ့ဖို့ ကြိုးစားခဲ့ပါသေးတယ်၊ ဒါပေမယ့် နှစ်ပေါင်းများစွာ ကြာတဲ့တိုင် ရှာဖွေလို့ မရတဲ့အတွက် စိတ်လျှော့လိုက်ပါတယ်၊ သူဟာ သိုင်းလောကက အနားယူတဲ့အချိန်မှာ နေမင်းသူရိန် ကျင့်စဉ်ကို ဖျက်ဆီးဖို့ ဆုံးဖြတ်ခဲ့ပါတယ်'

'ဟယ် သူက ဖျက်ဆီးပစ်မယ် ဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

'သခင်မလေးရဲ့ ဖခင် လုပ်ကြံခံရတဲ့အချိန်မှာ ဘယ်သူမှ မရှိကြဘူးလား'

အစ်ကိုကြီးက မေးသည်။ ဆင့်ဆင့်က

'ဖေဖေဟာ သိုင်းလောကက အနားယူဖို့ ဆုံးဖြတ်ပြီးတဲ့နောက် ရှောင်လင်ကျောင်းကို ထွက်သွားခဲ့ပါတယ်၊ အဲဒီကို သွားရင်း လမ်းခရီးမှာပဲ လုပ်ကြံခံခဲ့ရတာပါ'

'မြို့စားကြီးတစ်ယောက်တည်း ထွက်သွားတာလား'

'ဟုတ်ပါတယ်ရှင်'

'ဒါဆိုရင် သခင်မလေးက နယ်စားကြီး ရှောင်လင်ကျောင်းကို မသွားခင်ကတည်းက မြောက်ဘက်တောင်တန်းကို ထွက်သွားခဲ့တာပေါ့ ဟုတ်လား'

ဆင့်ဆင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မဟာ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ခရီးထွက်သွားတာပါ၊ ဖေဖေဟာ ဘဘ လုထိန်ကို အိမ်မှာ အစောင့်ထားပြီး တစ်ယောက်တည်း ရှောင်လင်ကျောင်းကို သွားတာပါ၊ နေမင်းသူရိန် ကျင့်စဉ်ဟာ ဖေဖေနဲ့ ပါသွားခဲ့ပုံ ရပါတယ်'

အစ်ကိုကြီး မျက်မှောင်ကြုတ်သွား၏။ ဆင့်ဆင့်ကို တစ်ချက်ကြည့်လိုက်ပြီး

'ဒါဆိုရင် နယ်စားကြီးကို လုပ်ကြံသွားတဲ့လူဟာ နေမင်းသူရိန်ကျင့်စဉ်ကို ယူသွားတာပေါ့၊ မရဏာဓား လက်ချက်ဆိုရင် သူပဲ ရသွားတာ ဖြစ်မှာပေါ့၊ ယူနိုင်တဲ့လူက သူတစ်ယောက်တည်း ရှိတာပဲလေ'

ဆင့်ဆင့်က ဘာမှ မပြောဘဲ အိတ်ထဲမှ စာတစ်စောင် ထုတ်ယူကာ အစ်ကိုကြီးကို လှမ်းပေးလိုက်သည်။

အစ်ကိုကြီးက စာ ကို ယူဖတ်လိုက်၏။

စာထဲ၌



*နေမင်းသူရိန်ကျင့်စဉ်ကို ကျုပ်လက်ထဲ အပ်မယ်ဆိုရင် အသက်ချမ်းသာရာရမယ်၊ ဒါမှ မဟုတ်ရင်တော့ . . .*

*မရဏာဓား*

အထက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရသည်။ အစ်ကိုကြီးက စာကို ပြန်ပေးလိုက်သည်။

ဆင့်ဆင့်ကို တစ်ချက် ကြည့်ကာ

'ဒီစာက မပြည့်စုံပါလား'

ဤတွင် လုထိန်က ကြားဝင် ပြောလိုက်လေသည်။

'နယ်စားကြီးထွက်သွားပြီး မကြာခင်မှာပဲ ဒီစာဟာ နယ်စားရဲ့ ဂေဟာကို ရောက်လာတာပါ။ ထွက်သွားပြီး မကြာခင် နယ်စားကြီး လုပ်ကြံခံရတဲ့သတင်း ကြားရတာပါ'

'နယ်စားကြီး ဘယ်မှာ လုပ်ကြံခံရတာလဲ'

'ပျော်စရာ တောင်ကြားမှာပါ'

'ဟင် သူက ရှောင်လင်ကျောင်းကို သွားတယ်ဆိုပြီး ပျော်စရာ တောင်ကြားကို ဘယ်လိုလုပ် ရောက်သွားတာလဲ'

လုထိန်သည် စေ့စေ့ပေါက်ပေါက် မေးမြန်းနေသည့် အစ်ကိုကြီးကို မကျေမနပ် ဖြစ်သွားသည်။

သူ့ကို စစ်ဆေးနေပုံ ပေါက်သည် မဟုတ်ပါလား။

'ကျုပ်တို့ သိချင်နေတာပဲ၊ ဒါပေမယ့် သခင်မလေးကို လိုက်ခေါ်ဖို့ အရေးကြီးနေလို့ မစုံစမ်းအားသေးဘူး၊ သခင်ကြီး အသုဘ ကိစ္စပြီးသွားမှပဲ တရားခံ ဖော်ထုတ်ဖို့ စီစဉ်ရမှာ'

'ဟင် ဒါဆို နယ်စားကြီးရဲ့ အသုဘ မချရသေးဘူးပေါ့'

'ကောက်ကျင်းနယ်က သမားတော်တွေ ဆေးစွမ်းထက်

တယ်ဆိုတာ အားလုံး သိကြပါတယ်'

လုထိန်က အဓိပ္ပါယ်ပါပါပြောလိုက်သည်။

မှန်ပေသည်။

ကောက်ကျင်းနယ်မှ သမားတော်များသည် ဆေးစွမ်းထက်ကြသူများ ဖြစ်ပေသည်။

လူသေအလောင်းတစ်ခုကို ရက်ပေါင်း လပေါင်းများစွာကြာသည်အထိ မပုပ်မသိုး မပျက်စီးအောင် စီရင်ရာ၌ ကျွမ်းကျင်ကြသူများဖြစ်ပေသည်။

အစ်ကိုကြီးသည် လုထိန်အား စူးစမ်းသည့် အကြည့်ဖြင့်ကြည့်လိုက်၏။

ပြီးလျှင် ဆင့်ဆင့်ဘက် လှည့်ကာ ပြောကြားလိုက်လေ၏။

'ကျုပ်တို့ နောင့်ယှက်သလို ဖြစ်သွားတာ တောင်းပန်ပါတယ်ဗျာ၊ သခင်မလေးမှာ အခက်အခဲ ကြုံနေရတယ်ဆိုရင် ကူညီပါရစေလား'

ထိုအခါ မကျေမနပ်ဖြင့် စောင့်ကြည့်နေသည့် ချန်းစန်းက ဝင်ပြောလေ၏။

'မလိုပါဘူးဗျာ၊ သခင်မလေးကို ကျုပ်တို့ ကူညီမယ်လို့ ကတိပေးပြီးပါပြီ'

ချန်းစန်း၊ စမ်းယုနှင့် ရီကျင်းတို့သည် ဆင့်ဆင့်အား အကူအညီ ပေးကြမည် ဖြစ်သည်။

ထို့ကြောင့်လည်း ချန်းစန်းက သူ၏ မွေးနေ့ပွဲကို ယျာလကာန်ထားပစ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်လာသည်။

'ဟား ဟား ဟား'



အစ်ကိုကြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

ချန်းစန်း၏ မျက်နှာ နီရဲသွား၏။

သူ့အား လှောင်ပြောင်ရယ်မောလိုက်ခြင်းဖြစ်ကြောင်း နားလည်လိုက်သဖြင့် မေးဖြစ်အောင် မေးလိုက်သည်။

'ခင်ဗျား ဘာရယ်တာလဲဗျ'

အစ်ကိုကြီး ဘာမျှ ပြန်မပြောပါ။

ဆင့်ဆင့်ကိုကြည့်ကာ မေးလိုက်လေ၏။

'သခင်မလေး ကျုပ်ပြောတာ ဘယ်လို သဘောရသလဲ ပြောပါဗျာ'

ဆင့်ဆင့်ဝမ်းသာသွားသည်။

'ရှင်တို့ ကူညီမယ်ဆိုရင် အတိုင်းထက်အလွန်ပဲရှင်၊ ကျွန်မတို့နဲ့ ကောက်ကျင်းနယ်ကို လိုက်ခဲ့ပါလားရှင်'

ဖိတ်ခေါ်လိုက်သည်။

အစ်ကိုကြီးလည်း ဝမ်းသာသွားသည်။

သူ၏ လူများကို လှည့်ကြည့်လိုက်၏။

သူ၏ လူများက ခေါင်းညိတ်လိုက်သည်။

အစ်ကိုကြီးက ခိုင်မာစွာ ပြောလိုက်လေ၏။

'ကူညီခွင့်ပြုတာ ကျေးဇူးပါပဲဗျာ၊ သခင်မလေး အရင်ပြန်သွားနှင့်ပါ၊ ဆယ်ရက်အတွင်း ကျုပ်တို့ ကောက်ကျင်းနယ်ကို အရောက်လာခဲ့မယ်'

'ကောင်းပါပြီရှင်'

'သခင်မလေး သူတို့ဟာ ရောက်တဲ့နေရာမှာ ပြဿနာရှာတယ်လို့ နာမည်ကြီးနေတာ၊ သူတို့ကို လက်ခံလို့ ဖြစ်ပါ့မလား'

ချန်းစန်းက ဝင်ပြောသည်။

လုထိန်ကလည်း

'သခင်မလေး ဒီကိစ္စကို စဉ်းစဉ်းစားစား လုပ်ရင် ကောင်းမယ်နော်'

သတိပေးလာသည်။

ဆင့်ဆင့် ပြုံးလိုက်သည်။

အစ်ကိုကြီးဘက် လှည့်ကာ ပြောလိုက်၏။

'လူထူးလူဆန်း ခုနစ်ယောက်ဟာ ဖေဖေနဲ့ ရန်ငြိုးရန်စ မရှိတဲ့အပြင် ဖေဖေ့ကို လေးစားသူတွေ မဟုတ်လား'

အစ်ကိုကြီးက ခေါင်းတစ်ဆတ်ဆတ် ညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ် ကျုပ်တို့ဟာ နယ်စားကြီးကို လေးစားကြည်ညိုကြတဲ့ လူတွေပါဗျာ'

ဆင့်ဆင့်က လုထိန်နှင့် ချန်းစန်းတို့ဘက် လှည့်လိုက်ပြီး

'သူတို့အတွက် ဘာမှ မပူပါနဲ့ရှင်၊ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ဖေဖေရှိရင်လည်း ကန့်ကွက်မယ်လို့ မထင်ပါဘူး'

သူမကလည်း သူမ၏ ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ပြောကြားလိုက်လေ၏။

ချန်းစန်းနှင့် လုထိန်တို့ ပါးစပ်ပိတ်ထားလိုက်ကြလေတော့သည်။

✳ ✳ ✳



## အခန်း(၆)
## လျှို့ဝှက်ကျင့်စဉ် တတ်မြောက်သူ

လေပြေ ဖော့ယမ်းတိုက်ခတ်နေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

တောင်ကုန်းပေါ်မှ လူထူးလူဆန်း ခုနစ်ယောက်တို့လည်း ထွက်ခွာသွားကြပြီ ဖြစ်ပါသည်။

ချန်းစန်းက

'သခင်မလေး လူထူးလူဆန် ခုနစ်ယောက်ဟာ သိုင်းပညာမြင့်မားတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် သူတို့ကို ဖိတ်ခေါ်လိုက်တဲ့အတွက် အကူအညီ မရတဲ့အပြင် ပြဿနာတောင် တက်ဦးမယ်ဗျ'

မကျေမနပ် ပြောလိုက်သည်။

လုထိန်ကလည်း

'သခင်ကြီး လုပ်ကြံခံရတဲ့သတင်း သိုင်းလောကမှာ ပျံ့နှံ့သွားမယ်ဆိုရင် မလိုလားအပ်တဲ့ ဆိုးကျိုးတွေ ဖြစ်ပေါ်လာနိုင်တယ်၊ နေမင်းသူရိန် ကျင့်စဉ်ကျမ်းဟာ သိုင်းလောကတစ်ခုလုံး လိုချင်မက်မောတဲ့ သိုင်းကျမ်းတစ်ခုပါ ဒါကြောင့်'

သူ၏ စကားမဆုံးမီ ဆင့်ဆင့်က ကြားဖြတ်ပြောလိုက်သည်။

'ကဲ အထဲဝင်ကြစို့ရှင်၊ ကျွန်မတို့ရဲ့ အပြန်ခရီးလမ်းအကြောင်း တိုင်ပင်ကြရဦးမယ် မဟုတ်လား'

သူမသည် စကားဆုံးသည်နှင့် သစ်လုံးအိမ်ကလေးဘက် လှည့်ကာ လျှောက်သွား၏။

ချန်းစန်း၊ လုထိန်၊ စမ်းယုနှင့် ရှီကျင်းတို့လည်း ဘာမှ မပြောဘဲ နောက်မှ လိုက်သွားကြလေ၏။

တစ်စတာ အတွင်းဝယ် သစ်လုံးအိမ်ထဲ ဝင်ကာ မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေ၏။

တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်ကြည့်နေသည့် ကျင်းဖုံး သက်ပြင်းချလိုက်သည်။

သိုင်းလောက အရှုပ်အထွေးများအား သိလိုက်ရသော်လည်း သူတွေ့လိုသည့် သိုင်းရာဇာ ဆိုသူကို တွေ့ရမည် မဟုတ်ကြောင်း သဘောပေါက်လာ၏။

'သက်သက်မဲ့ အချိန်ဖြုန်းသလို ဖြစ်နေပြီ'

တီးတိုးညည်းညူကာ ထိုင်ရာမှ ထလိုက်လေသည်။

ထိုစဉ်

'ဟင်း' သက်ပြင်းချသံသဲ့သဲ့ နောက်ကျောဘက်မှထွက်ပေါ်လာသည်။

ကျင်းဖုံး ရင်ထိတ်သွားသည်။ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ မလှမ်းမကမ်းရှိ ကျောက်တုံးကြီးတစ်တုံးပေါ်ဝယ် လူတစ်ယောက် ကျကျနန ထိုင်နေသည်ကို တွေ့မြင်ရလေသည်။



'ဟင် လူဝကြီး'

ကျင်းဖုံး စိတ်ထဲမှ ရေရွတ်လိုက်သည်။

လူဝကြီးက သူ့အား ပြုံးပြရင်း

'ဘယ့်နှယ့်လဲ စိတ်ဝင်စားစရာ မကောင်းဘူးလားကွ'

မေးလာလေ၏။

မိမိနောက်ကျောဘက်၌ လူတစ်ယောက် ရောက်ရှိနေသည် ကိုပင် မသိခဲ့သည့်အဖြစ်ကို ကိုယ့်ကိုယ်ကို မကျေ မနပ် ဖြစ်နေမိတော့သည်။

လူဝကြီးကို ခပ်တည်တည်ပင် စိုက်ကြည့်လိုက်သည်။ လူဝကြီးက စိတ်ပျက်သလို ပြောလာသည်။

'ကောက်ကျင်းနယ်စားကြီးဟာ သိုင်းလောကရဲ့ အထင်ကရ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါပဲ၊ သူ လုပ်ကြံခံရလိုက်တာကို ဘယ်သူမှ မသိသေးဘူးကွ၊ ခုအတိုင်းဆိုရင် နေမင်းသူရိန် ကျင့်စဉ်အတွက် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြမှာပဲ'

ထိုစကားများကို ကျင်းဖုံး စိတ်မဝင်စားပါ။

ထိုလူ မည်သည့်အချိန်က သူ၏ နောက်ကျောဘက်၌ ရောက်ရှိနေသနည်း။

အဘယ်ကြောင့် အသံမပြု အန္တရာယ်မပြုဘဲ ထိုင်ကြည့်နေသနည်းဟု တွေးတော စဉ်းစားနေ၏။

လူဝကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေလိုက်၏။

လူဝကြီးက အေးအေးဆေးဆေး မေးမြန်းသည်။

'ချန်းစန်းက စိတ်ချရတာ မဟုတ်ဘူး၊ သခင်မလေးကို ကူညီ မလိုလိုနဲ့ နောက်ကျောကို ဓားနဲ့ ထိုးဖို့ ကြံစည်မှာ သေချာတယ်၊

မရဏစားနဲ့ တွေ့ရင် ရင်ဆိုင်နိုင်မယ့် အခြေအနေလည်း မရှိပါဘူး၊ လူထူးလူဆန်း ခုနစ်ယောက်က အစ်ကိုကြီးကိုတောင် နိုင်အောင် မတိုက်နိုင်တာ၊ အလကား လေကြွားနေတာ၊ မင်းကော ဘယ်လို သဘောရသလဲ'

ကျင်းဖုံး ဘာမျှ မပြောချေ။

လူဝကြီးကသက်ပြင်းချလိုက်၏။

'ကောင်းကွာ၊ ငါတော့ ဆွံ့အနားမကြာတစ်ယောက်နဲ့ တွေ့ပြီ ထင်တယ်၊ ထားပါတော့လေ၊ မင်းကို တစ်ခု ပြောထားရဦးမယ်၊ နေမင်းသူရိန်ကျင့်စဉ်နဲ့ ပတ်သက်မယ်လို့ စိတ်ကူးထားရင် ငါ့ကို ကပ်ထား၊ ဒီကိစ္စကို ဖြေရှင်းနိုင်မယ့်လူဟာ ငါတစ်ယောက်တည်းပဲ ရှိတယ်ကွ'

ကျင်းဖုံး ငြိမ်နေဆဲ။

လူဝကြီးက ပြုံးလိုက်သည်။

'မင်း ဘာမှ ပြန်မပြောတော့ ငါတစ်ယောက်တည်း စကားပြောရတာ ပျင်းလာပြီ၊ ငါသွားဦးမယ်'

စကားဆုံးလျှင် ကျောက်တုံးကြီးပေါ်မှ လျှောဆင်းသွားလိုက်၏။

ထို့နောက် ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင် သယ်ရင်း တောင်အောက်သို့ ဆင်းသွားလေတော့သည်။

ကျင်းဖုံး ဟန့်တားရန် ဟန်ပြင်လိုက်၏။

သို့သော် တကယ်တမ်း ဟန့်တားခြင်း မပြုမိပါ။ လူဝကြီးသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားသည်။



ကျင်းဖုံး သက်ပြင်းချလိုက်သည်။

သိုင်းလောက၌ ခြေချမိရုံရှိသေးသည်။

ထိပ်သီးသိုင်းသမားနှင့် ရင်ဆိုင်တွေ့ရသည်ဖြစ်ရာ စိတ်ထဲ ဘဝင်မကျ ဖြစ်လာသည်။

'မဖြစ်ဘူး၊ ငါ့လမ်းငါ ဆက်သွားမှပဲ'

တွေးကာ ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ထိုစဉ်မှာပင်

'ရပ်လိုက်စမ်း'

ဟန့်တားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျင်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေ၏။

ထိုအခါ အစိမ်းရောင်ဝတ်ဆင်ထားသူများ ဟိုမှ သည်မှ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

ရွှေအလံရဲတိုက်မှ သိုင်းသမားများ ဖြစ်ကြတော့သည်။

ထိုလူများသည် ကျင်းဖုံးအား ချက်ချင်းပင် ဝိုင်းရံထားလိုက်ကြသည်။

ကျင်းဖုံး စိတ်ပျက်သွားသည်။

လွယ်လွယ်ကူကူ ထွက်သွား၍ ရတော့မည်မဟုတ်မှန်း နားလည်သွားသည်။

သို့ပါသော်လည်း အချင်းမများလိုသဖြင့် ရှေ့သို့ လှမ်းထွက်လိုက်၏။

'ဟေ့ ရပ်လိုက်၊ ရပ်လိုက် ဆိုတာ မကြားဘူးလား'

အစိမ်းရောင်ဝတ်ဆင်ထားသူများ အော်ငေါက်ကာ ရှေ့တိုးလာသည်။

တစ်ယောက်က ခက်ထန်စွာ မေးလေ၏။

'မင်း ဘယ်သူလဲ၊ ဒီနေရာကို ဘာလာလုပ်တာလဲ'

ကျင်းဖုံးမှာ ဘာမှ ပြန်မပြောဘဲ ထွက်သွားရန်သာ ဟန်ပြင်လိုက်၏။

အစိမ်းရောင်ဝတ်ဆင်ထားသူများသည် ကျင်းဖုံး၏ မထုံတက်တေး အမူအရာကို တွေ့မြင်ရသောအခါ **လက်နက်များ** ပြင်ကြသည်။

'**ဒီကောင်ဟာ သခင်မလေးကို ခုက္ခပေးဖို့ လာတာပဲ ဖြစ်မယ်၊ ဝိုင်းပြီး ဆုံးမလိုက်ကြရအောင်**'

ပြောပြောဆိုဆို လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ပြေးဝင်လာကြသည်။

ကျင်းဖုံး၏ မျက်လုံးအစုံဝယ် အေးစက်မာကျောသည့် အရိပ်အယောင်များ ထွက်ပေါ်လာတော့သည်။

ထိုအခါ

'ဝုန်း'

'အား'

'အင့်'

'အမလေး'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာလေတော့သည်။

**အစိမ်း**ရောင်ဝတ်ဆင်**ထားသူ**များ ဖရိုဖရဲဖြင့် နောက်ဆုတ်



သွားကြလေ၏။

သုံးလေးယောက်မျှ ကျင်းဖုံး၏ လက်ချက်ဖြင့် ခြေကျိုးလက်ကျိုး ဖြစ်သွားကြသည်။

ထိုလူများ ထိတ်လန့်သွားကြသည်။

ကျင်းဖုံးမှာ ငယ်ပင်ငယ်ငြားသော်လည်း ကြောက်မက်ဖွယ်ကောင်းအောင် သိုင်းပညာ မြင့်မားသူဖြစ်ကြောင်း နားလည် သဘောပေါက်သွားကြလေ၏။

'ဟင် မင်း ဘယ်သူလဲ'

အစိမ်းရောင်ဝတ်ဆင်ထားသူတစ်ယောက်က ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးသည်။

ကျင်းဖုံး ဘာမှ မပြောဘဲ ထွက်သွားရန် ဟန်ပြင်လိုက်လေ၏။

အစိမ်းရောင်ဝတ်ဆင်ထားသူများမှာ ဟန့်တားလိုကြပါသော်လည်း မယှဉ်နိုင်သဖြင့် အခက်တွေ့ကြုံနေကြ၏။

ထိုအချိန်မှာပင်

'ဆူဆူညံညံနဲ့ ဘာတွေ ဖြစ်နေကြတာလဲဟေ့'

စကားသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရသည်။ ကျင်းဖုံး ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။

ဤတစ်ကြိမ်တွင် အမှန်တကယ် လွယ်လွယ်ကူကူ ထွက်သွား၍ ရတော့မည် မဟုတ်မှန်း နားလည်သဘောပေါက်သွားမိတော့သည်။

လူတစ်ယောက် ခပ်သွက်သွက် လျှောက်လာနေပါသည်။ ထိုလူမှာ ရွှေအလံရဲတိုက်မှ အိမ်ထိန်းကြီးချုပင် ဖြစ်သည်။

အိမ်ထိန်းကြီးချူသည် ဒဏ်ရာရထားသည့် သူ၏ လူများကို မြင်လျှင်

'ငါ့လူတွေကို စော်ကားဝံ့တာ နည်းတဲ့ သတ္တိမဟုတ်ဘူး'

ပြောရင်း ကျင်းဖုံးကို စိုက်ကြည့်လိုက်သည်။

အကြည့်ချင်း ဆုံလျှင် အိမ်ထိန်းကြီး ချူ၏ ရင်ထဲ အေးကနဲ ဖြစ်သွားသည်။

မျက်မှောင်ကြုတ်သွားပြီး မေးလိုက်မိလေ၏။

'မင်း ဘယ်သူလဲ'

ကျင်းဖုံးက ဘာမှ မပြောဘဲ စိုက်ကြည့်နေ၏။

အိမ်ထိန်းကြီးချူ မကျေမနပ် ဖြစ်သွားသည်။

'ဒါဟာ ရွှေအလံရဲတိုက်ရဲ့ နယ်မြေပဲ၊ ကျုပ်ရဲ့ ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်လာရင် အပြစ်ပေးရလိမ့်မယ်၊ မင်းက ကျုပ်လူတွေကို စော်ကားခဲ့သေးတယ်ဆိုတော့ ပိုပြီးတော့တောင် အပြစ်ရှိသေးတယ်၊ ကဲ ကျုပ်ရဲ့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ပါ'

ကျင်းဖုံးက တုတ်တုတ်မျှ မလှုပ်ပါ။

ကျင်းဖုံးအား လိုက်ခဲ့ဖို့ အမိန့်ပေးလိုက်သော်လည်း ကျင်းဖုံးက မလှုပ်မယှက် ရပ်နေသဖြင့် အိမ်ထိန်းကြီးချူ ဒေါသထွက်သွားသည်။

'မင်းက ကျုပ်ရဲ့စကားကို ဂရုမစိုက်ဘူးပေါ့ ဟုတ်လား၊ ကောင်းပြီ မင်း ဘယ်လောက် ခေါင်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် အိမ်ထိန်းကြီးချူက လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်၏။



လက်နှစ်ဖက် ဆန့်တန်းကာ ငှက်ကြီးတစ်ကောင် သဖွယ် ခုန်အုပ်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းဖုံး မလှုပ်မယှက် ရပ်နေဆဲ။

အိမ်ထိန်းကြီး သူ၏ အနီးသို့ ရောက်ရှိလာမှ မြေပေါ် ခြေဆောင့်ကာ အပေါ်ဘက် ရောက်သည်နှင့် ခုန်အုပ်လာသည့် အိမ်ထိန်းကြီးချူနှင့် ထိပ်တိုက်ရင်ဆိုင်ကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

နှစ်ယောက်သား ရင်ဆိုင်မိသည်နှင့်

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

'အင့်'

မသဲမကွဲ ညည်းညူသံတစ်ချက် ထွက်ပေါ်လာ၏။

အိမ်ထိန်းကြီးချူမှာ မြေပေါ်သို့ အရုပ်ကြိုးပြတ်ကာ ပုံလျက်သား ပြုတ်ကျသွား၏။

'ဟင်'

'ဟာ'

အစိမ်းရောင်ဝတ်ဆင်ထားသူများ အထိတ်တလန့် ရေရွတ်လိုက်၏။

ချက်ချင်းပင် အိမ်ထိန်းကြီးချူအား ပြေး၍ ပွေ့ဖက်လိုက်ကြသည်။

အိမ်ထိန်းကြီးချူမှာ သတိလစ်မေ့မြောနေပြီ ဖြစ်သည်။

ကျင်းဖုံးက ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ခပ်သွက်သွက် လှမ်းထွက်သွား၏။

အစိမ်းရောင်ဝတ်ဆင်ထားကြသူများသည် ကျင်းဖုံးအား

ဟန့်တားပုံခြင်း မရှိကြတော့ပါ။

ကျင်းဖုံးလည်း ကျောက်တုံးကျောက်ခဲ များကို ကွေ့ပတ်ကာ တောင်အောက်သို့ ဆင်းသွားလေတော့သည်။

နေရောင်ခြည် ဖြာကျနေသည်။

စီချွမ်းမြို့ကလေးမှာ စည်စည်ကားကား ရှိနေ၏။

ကျင်းဖုံးသည် နှစ်ရက်တိုင်တိုင် ခရီးနှင်လာပြီးမှ စီချွမ်းမြို့လေးသို့ ရောက်ရှိလာသည်။

မြို့သူမြို့သားများမှာ ဖော်ရွေပြီး သဘောကောင်းကြသည်။ အပေးအကမ်း ရက်ရောပြီး ကြင်ကြင်နာနာ ဆက်ဆံတတ်သည်။

မြို့ကလေးမှာ နေချင့်စဖွယ် ကောင်းလှသည်။

သို့သော် ကျင်းဖုံးမှာ ဤမြို့ကလေး၌ အချိန်ဖြုန်းနေနိုင်မည် မဟုတ်ချေ။

မြင်းတစ်ကောင်ဝယ်ကာ ခရီးထွက်ရန် ဆုံးဖြတ်ထားသည်။

မြို့ထဲ ဝင်မိသည်နှင့် ကံကောင်းထောက်မစွာပင် ပန်းပဲဖိုနှင့် မြင်းအရောင်းဆိုင် တွဲဖက်ဖွင့်လှစ်ထားသည့် ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။

ကျင်းဖုံးက ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့်

'ကြွပါဗျာ၊ ကြွပါ၊ ဘာများ အလိုရှိပါသလဲ'

ဆိုင်ရှင်က ထွက်လာပြီး ပျာပျာသလဲ ကြိုဆိုလေသည်။

ပန်းပဲဖိုဝယ် အလုပ်သမားများ ချွေးတစ်လုံးလုံးဖြင့် အလုပ်လုပ်နေကြသည်။

ဖားဖိုကြီးများ တရှူးရှူးမြည်ကာ လေမှုတ်ထုတ်ရင်း မီးတောက်မီးလျှံများ အားကောင်းလာအောင် အရှိန်ပေးရင်း သံထည်



များကို မီးဖုတ်သူက ဖုတ်နေကြ၏။

အချို့က ဖုတ်ပြီးသော သံထည်များကို တူဖြင့် တဒိုင်းဒိုင်း မြည်အောင် ထုနေကြသည်။

ကျင်းဖုံးက ပန်းပဲဖိုကို တစ်ချက် ဇေ့ကြည့်ကာ ပြောလိုက်လေ၏။

'မြင်းတစ်ကောင်လောက် ရောင်းဖို့ မရှိဘူးလား'

ဆိုင်ရှင် ခေါင်းညိတ်လိုက်သည်။

'ရှိပါတယ်ဗျာ၊ ရှိပါတယ်၊ ကျုပ်ရဲ့မြင်းဇောင်းမှာ မြင်းကောင်းတွေ ရောင်းဖို့ ရှိပါတယ်၊ ကျုပ်နောက် လိုက်ခဲ့ပါဗျာ'

မြင်းဇောင်းဆီသို့ ခေါ်သွား၏။

ကျင်းဖုံးလည်း လိုက်သွားလေသည်။

မြင်းဇောင်းသို့ ရောက်လျှင် မြင်း တစ်ဆယ့်လေးငါးကောင် ရှိနေသည်ကို တွေ့မြင်ရလေသည်။

ဆိုင်ရှင်က ဖော်ရွေစွာ ပြောသည်။

'ဟောဒီ မြင်းတွေဟာ ရောင်းဖို့ပါပဲ၊ မိတ်ဆွေလေး စိတ်ကြိုက် ရွေးယူနိုင်ပါတယ်ဗျာ'

ကျင်းဖုံးက မြင်းများကို စစ်ဆေးကြည့်လိုက်၏။

မြင်းအားလုံးလိုလို အသင့်အတင့် ကောင်းမွန်သော မြင်းများ ဖြစ်ကြသည်ကို တွေ့ရ၏။

မြင်းဇောင်းဘေး၌ တစ်ကောင်တည်း သီးသန့်ခွဲကာ ချည်နှောင်ထားသည့် မြင်းတစ်ကောင်ကိုလည်း တွေ့ရသည်။

ထိုမြင်းမှာ မြင်းညိုကြီးဖြစ်ပြီး မြင်းကောင်းတစ်ကောင်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံလှပေသည်။

ထိုမြင်းညိုကြီးကို မြင်လျှင်မြင်ချင်း ကျင်းဖုံး သဘောကျသွား၏။

'ဒီမြင်းကို ဘယ်လောက်ပေးရမလဲ'

သူက မေးလိုက်သည်။

ဆိုင်ရှင် ချက်ချင်းခေါင်းယမ်းလိုက်သည်။

'ဟာ ဒီမြင်းဟာ ရောင်းဖို့ မဟုတ်ပါဘူးဗျာ'

'ဘာဖြစ်လို့လဲ'

ကျင်းဖုံး အံ့သြသွားသည်။ ဆိုင်ရှင်က

'ဒါ ပိုင်ရှင် ရှိပြီးသားပါဗျာ၊ မြင်းခွာသံ တစ်ဖက်ပြုတ်သွားလို့ ပြန်ရိုက်ပေးဖို့ လာအပ်ထားတာပါဗျာ'

ကျင်းဖုံး သက်ပြင်းချလိုက်၏။

ထိုမြင်းညိုကြီးကို နှမြောတသစွာ ကြည့်မိသည်။ အခြားမြင်းများထက် ထိုမြင်းညိုကြီးကို ပိုလို့ချင်မိသည်။

ရှေ့ခရီးဆက်ရန် မိုင်ပေါင်းများစွာ ကျန်သေးသည် မဟုတ်ပါလား။

ရုတ်တရက် သူ၏ စိတ်ထဲ၌ တစ်စုံတစ်ခုကို သတိရလာသည်။

မြင်းညိုကြီးကို မျက်မှောင်ကြုတ်ကာ သေသေချာချာ ကြည့်မိလိုက်၏။

ဆိုင်ရှင်က

'တကယ်ကောင်းတဲ့ မြင်းကြီးတစ်ကောင်ပါပဲဗျာ၊ ကျုပ်ကိုင်တဲ့ မြင်းဆိုရင်တောင် ရောင်းမယ် မထင်ဘူး'

ချီးမွမ်း ပြောဆိုလာသည်။



ကျင်းဖုံးက မေးလိုက်သည်။

'မြင်းပိုင်ရှင် ဘယ်မှာလဲ'

ဆိုင်ရှင်က တိကျစွာ ပြောသည်။

'မြို့ထဲဘက်ကို ထွက်သွားတယ်၊ တစ်ခုခု သွားပြီး စားသောက်ပုံရတယ်၊ ကျုပ်က အကောင်းဆုံးဖြစ်အောင် လုပ်ပေးမှာမို့ နေ့ဝက်လောက် အချိန်ကုန်လိမ့်မယ်။ သူ မြို့ထဲမှာ လျှောက်သွားရင်း အချိန်ဖြုန်းနေမှာပေါ့'

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ကျေးဇူးပဲ'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်လာခဲ့သည်။

ဆိုင်ရှင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ဗျို့ ဆရာလေး မြင်းဝယ်မယ်ဆို၊ မဝယ်တော့ဘူးလား'

လှမ်းအော်မေးလိုက်သည်။ ကျင်းဖုံးက

'ဝယ်ပါ့မယ်ဗျာ၊ ကျုပ် ပြန်လာခဲ့မယ်'

သူသည် လှည့်မကြည့်ဘဲ ပြီးစလွယ်ပြောကာ ထွက်လာခဲ့သည်။

ဆိုင်ရှင် မကျေမနပ် ဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

ကျင်းဖုံး အခုလို မြင်းမဝယ်ဘဲ ထွက်ခဲ့သည်မှာ အကြောင်းရှိပါသည်။

သူတွေ့ခဲ့ရသည့် မြင်းညိုကြီးကို မှတ်မိလိုက်ခြင်းကြောင့် ဖြစ်ပေသည်။

မြင်းညိုကြီးသည် လမ်း၌ တွေ့ခဲ့ရသည့် ငွေရောင်ဝတ်ဆင်ထားသည့် လူငယ်၏ မြင်းဖြစ်သည်။

ထိုလူငယ်သည် လမ်းမဖယ်ပေးသည့်အတွက် သူ့ကို မြင်းနှင်တံဖြင့် ပစ်ခဲ့လေသည်။

ထို့နောက်ရွှေအလံရဲတိုက်အနောက်ဘက်ရှိ တောင်ကုန်းပေါ်၌ တွေ့မြင်ခဲ့သော်လည်း ပျောက်ကွယ်သွားပြန်သည်။

မမျှော်လင့်ဘဲ လူငယ် စီးနင်းလာသည့် မြင်းညိုကြီးကို တွေ့မြင်ရပြီ ဖြစ်ပါသည်။

'မင်း ဘယ်ပြေးမလဲ'

ကျင်းဖုံး စိတ်ထဲမှာ ကြုံးဝါးရင်း ခပ်သွက်သွက် လျှောက်သွားလေတော့သည်။

မြို့လည်တွင် စည်စည်ကားကား ရှိနေသည်။

ကျင်းဖုံးသည် ဟိုဟိုသည်သည်ကြည့်ကာ ခပ်သွက်သွက် လျှောက်သွားလေ၏။

မြင်းစီးလုလင်အား လိုက်လံရှာဖွေနေခြင်း ဖြစ်သည်။

မြင်းစီးလုလင်သည် သူ့အား မြင်းနှင်တံဖြင့် ပစ်ခဲ့ခြင်းကို မကျေနပ်နိုင်ပါ။

သူ၏ ဘဝတွင် သူ့အပေါ် စော်ကားလာသူများကို ဘယ်သောအခါမျှ ခေါင်းငုံ့မနေဘဲ လက်တုံ့ပြန်ခဲ့သည် မဟုတ်ပါလား။

သူသည် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ လက်တုံ့ပြန်စမြဲပင်။ စော်ကားမှုအကြွေးကို ပြန်တောင်းခဲ့သည်ချည်းပဲ။

မြို့ထဲ ရောက်ပြီဖြစ်သော်လည်း မြင်းစီးလုလင်အား ရှာမတွေ့သေးချေ။

ကျင်းဖုံး ခြေလှမ်းရပ်လိုက်သည်။

ရှေ့တွင် လမ်းဆုံလမ်းခွ တစ်ခု ဖြစ်နေ၍ မည်သည့်လမ်းသို့



သွားရမည်ကို တွေးတော စဉ်းစားနေခြင်းဖြစ်သည်။

ထိုစဉ်

'ဩော် မင်းလည်း ဒီမြို့ကို ရောက်လာတာကိုး'

စကားသံတစ်ချက် ထွက်ပေါ်လာ၏။

ထိုအခါ ပြုံးရွှင်သောမျက်နှာဖြင့် လှမ်းလာနေသည့် လူဝကြီးကို တွေ့မြင်လိုက်ရလေ၏။

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။

လူဝကြီးက မေးလာလေ၏။

'ရွှေအလံရဲတိုက်က လူတွေ မင်းကို လွှတ်ပေးလိုက်ကြတယ်ဟုတ်လား'

ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်၏။

'သူတို့ ကျုပ်ကို မတားဆီးနိုင်ပါဘူးဗျာ'

'ဟား ဟား ဟား သဘောကျသွားပြီဟေ့'

'ချန်းစန်းဟာ လူလိမ်လူကောက်တစ်ယောက်ကွ၊ သူက ကောက်ကျင်းနယ်စားသမီးကို ချဉ်းကပ်ပြီး နာမည်ကြီးဖို့ ကြိုးစားနေတာ၊ လူထူးလူဆန်း ခုနစ်ယောက် ဝင်ရှုပ်လိုက်တာ ခပ် ကောင်းကောင်းပဲ၊ ဒါထက် ကောက်ကျင်းနယ်စားကြီး လှုပ်ကြံခံရတဲ့ ကိစ္စကို မင်းဘယ်လိုသဘောရသလဲ'

ကျင်းဖုံး ငိုင်သွားသည်။

ထိုကိစ္စသည် သူနှင့်မဆိုင်ဟု ယူဆထားသဖြင့် စဉ်းစားတွေးတောခြင်း လုံးဝ မပြုခဲ့ပါချေ။

လူဝကြီးက

'နယ်စားကြီး လုပ်ကြံခံရလိုက်တာ အမှန်ပဲ၊ နေမင်းသူရိန်

ကျင့်စဉ်ကျမ်း ပျောက်ဆုံးသွားတာ အမှန်ပဲဆိုရင် သိုင်းလောက ကဲ ဆိုးမိုးမှောင်ကျမှာ အမှန်ပဲကွ၊ သိုင်းလောကသားတွေအတွက် အန္တရာယ် လမ်းကြောင်းပေါ် ရောက်နေပြီး အခြေအနေမှန်ကို မသိတဲ့ လူတွေ ဒုက္ခရောက်ကြမှာပဲ၊ သိုင်းလောကသားတွေ စည်းလုံးညီညွတ်မှု မရှိဘူးဆိုရင် သိုင်းလောကကြီး ပျက်စီးသွားမှာပဲ'

ယခုတစ်ကြိမ် တည်ကြည်လေးနက်စွာ ပြောလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။

ကျင်းဖုံးက လူဝကြီးအား မျက်ခြေမပျက် အကဲခတ် ကြည့်နေပါသည်။

လူဝကြီးက မေးလေ၏။

'ကောက်ကျင်းနယ်စားကြီးဟာ ပျော်စရာတောင်ကြားမှာ လုပ်ကြံခံရလိုက်တယ်ဆိုတဲ့ ကိစ္စကို ကျုပ် မသက်ာဘူး၊ အဲဒီဘက်ကို သွားမလို့၊ မင်းလိုက်ဦးမလား'

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော့်မှာ ကိစ္စလေးတွေ ရှိနေသေးလို့ မလိုက်သေးပါဘူး'

လူဝကြီး မျက်မှောင်ကြုတ်သွားသည်။

'မင်းက နယ်စားကြီး လုပ်ကြံခံရတဲ့ ကိစ္စကို စိတ်မဝင်စားဘူး ဟုတ်သလား'

'ဟုတ်ပါတယ်၊ ဒီကိစ္စ ကျွန်တော်နဲ့ မဆိုင်ပါဘူး'

ကျင်းဖုံး အေးစက်စက် အဖြေပေးလိုက်သည်။

လူဝကြီး စိတ်ပျက်သွားပုံရသည်။

'ဒါဖြင့် မင်းနဲ့ ဘယ်လိုကိစ္စက သက်ဆိုင်တယ်လို့ ယူဆသလဲ'



'ဒါ ကျုပ်ရဲ့ ကိုယ်ပိုင်ကိစ္စပါ'

လူဝကြီး ခေါင်းယမ်းလိုက်သည်။

'မင်းကို ငါဟာ ရွှေအလံရဲတိုက်မှာ တွေ့ရလို့ သိုင်းလောကသားတစ်ယောက်လို့ ထင်မိတာ၊ အေးလေ မင်းစိတ်မဝင်စားဘူးဆိုရင်လည်း ပြီးတာပါပဲ၊ ကဲ ငါ သွားတော့မယ်'

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်သွားလေတော့သည်။ ကျင်းဖုံးက တားမြစ်ခြင်း မရှိပါ။

လူဝကြီး ပြောချင်ရာပြောပြီး ထွက်သွားသည်ကို ငေးကြည့်နေမိသည်။

လူဝကြီးသည် ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင် သယ်ကာ တလှုပ်လှုပ်ဖြင့် ထွက်သွားလေသည်။

သို့သော် သွက်သွက်လက်လက်ရှိသူတစ်ယောက် လမ်းလျှောက်သွားသည်ထက်ပင် မြန်နေ၏။

တစ်ခဏအတွင်းပင် အဝေးသို့ ရောက်ရှိသွားလေသည်။

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

လူဝကြီးအား ကျောခိုင်းကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် စားသောက်ဆိုင်တစ်ဆိုင်မှ လှမ်းထွက်လာသည့် သူလိုက်ရှာနေသော မြင်းစီးလုလင်ကို တွေ့မြင်လိုက်ရလေတော့သည်။

မြင်းစီးလုလင်သည် စားသောက်ဆိုင်တစ်ဆိုင်တွင်းမှ လှမ်းထွက်လာသည်။

ဟိုဟိုသည်သည် တစ်ချက် ကြည့်လိုက်ပြီး ခပ်သွက်သွက်

လှမ်းထွက်သွား၏။

ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

'မင်း ဘယ်ပြေးမလဲ'

စိတ်ထဲမှ ကြုံးဝါးရင်း ပြေးလိုက်သွား၏။

မြင်းစီးသမားကား ကျင်းဖုံးကို သတိမထားမိဘဲ ရှေ့ဆက်လျှောက်သွား၏။

ကျင်းဖုံးက ထက်ကြပ်မကွာ လိုက်သွားသည်။

မြင်းစီးသမားကို တဖြည်းဖြည်း မှီလာသည်။

ကျင်းဖုံး ပြုံးလိုက်သည်။

**'သိကြသေးတာပေါ့ကွာ'**

စိတ်ထဲ၌ ရေရွတ်ကာ **မြင်းစီးသမားထံ** ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်

'လိုက်ဟေ့ လိုက်ဟ'

'မလွှတ်စေနဲ့'

အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လမ်းသွားလမ်းလာ များ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး ရှေ့တူရူမှ လူတစ်ယောက် ပြေးလာသည်ကို တွေ့ရလေသည်။

ထိုလူ၏ နောက်မှ လူတစ်စု အော်ဟစ်ကြိမ်းမောင်းရင်း လိုက်လာကြလေသည်။

ကျင်းဖုံးမှာ မြင်းစီးသမားကို တိုက်ခိုက်ရန် ဟန်ပြင်ပြီးမှ မတိုက်ခိုက်ဖြစ်သေးဘဲ ထိုလူများကို ငေးကြည့်နေမိလေသည်။

**'လက်စသတ်တော့ ခင်ဗျားလည်း ဒီမြို့ကို ရောက်နေတာကိုး'**



ကြည်လင်သော စကားသံ ထွက်ပေါ်လာလေသည်။

ကျင်းဖုံး သတိဝင်လာပြီး ကြည့်လိုက်သောအခါ မြင်းစီးလုလင်က သူ့အား လှည့်ကြည့်ပြီး ပြောလာသည်ကို တွေ့မြင်ရသည်။

'ဟင် မင်း မင်း'

မြင်းစီးလုလင် ပြုံးလိုက်သည်။

'ခင်ဗျား မဆိုးဘူး၊ တောလမ်းကလေးမှာ ကျုပ်ရဲ့ မြင်းနှင်တံကို လွှတ်အောင် ရှောင်နိုင်ခဲ့တာ မဆိုးဘူးပေါ့၊ ရွှေအလံရဲတိုက်အနောက်ဘက် တောင်ကုန်းပေါ်မှာ တွေ့ခဲ့တုန်းကလည်း သိုင်းရာဇာကြီး ရှိနေလို့ ကျုပ်က ခင်ဗျားကို မတွေ့ဘဲ ရှောင်ထွက်သွားတာဗျ'

'ဘာ ဘာပြောတယ်'

ကျင်းဖုံးသည် မြင်းစီးသမားပြောသည့်စကားကို မည်သို့နားလည်ရမှန်း မသိ ဖြစ်နေသည်။

မြင်းစီးသမားက မေးလာလေ၏။

**'ခင်ဗျားကလည်း နေမင်းသူရိန်ကျင့်စဉ်နောက်ကို လိုက်နေတာပဲလားဗျ'**

ကျင်းဖုံး ခေါင်းယမ်းလိုက်သည်။

'မဟုတ်ဘူး'

'ဒါဆို ခင်ဗျားက

'မင်းနောက်ကို လိုက်လာတာ'

'ဗျာ'

မြင်းစီးလုလင် အံ့ဩသွားသည်။

ကျင်းဖုံးက ခပ်မာမာ မေးလိုက်လေ၏။

**တောလမ်းမှာ မြင်းနဲ့ အတင်းတိုက်ပြီး မြင်းနှင်တံနဲ့**

ပစ်သွားတဲ့ ကိစ္စကို မင်း ဘယ်လို ဖြေရှင်းမလဲ'

မြင်းစီးလုလင်မှာ ယခုမှ အဖြစ်မှန်ကို နားလည်သဘော ပေါက်သွားဟန် ရှိ၏။

သူသည် သဘောကျစွာ ရယ်လိုက်ပြီး

'လက်စသတ်တော့ ဒီကိစ္စကို မကျေမနပ် ဖြစ်နေတာကိုး'

ကျင်းဖုံးက

'မင်း ဘယ်လို ဖြေရှင်းမလဲ၊ ဒီတစ်ခါတော့ မင်းအလှည့်ပဲ'

ကျင်းဖုံး ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

မြင်းစီးလုလင် မျက်လုံး ပြူးသွားသည်။

'ကျုပ်က ရွှေအလံရဲတိုက်ကို သွားဖို့ အရေးကြီးနေတာကြောင့် မိတ်ဆွေအပေါ် ရိုင်းပျသလို ဖြစ်သွားတာ တောင်းပန်ပါတယ်ဗျာ'

ကျင်းဖုံး ငိုင်သွား၏။

မြင်းစီးလုလင်က ယခုလို တောင်းပန်လာမည်ဟု မထင်မိချေ။

ထို့ကြောင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြီးမှ တကယ်တမ်း မတိုက်ခိုက်ဖြစ်ဘဲ ငေးကြည့်နေမိခြင်း ဖြစ်သည်။

ထိုအချိန်မှာပင်

'ကယ်ကြပါဦးဗျာ'

လူတစ်စု၏ လက်မှ လွတ်အောင် ထွက်ပြေးလာသူသည် သူတို့အနီးသို့ ရောက်ရှိလာပြီး အကူအညီ တောင်းနေလေတော့သည်။

ထိုလူမှာ ဖာထေးရာ ဗရပွရှိသည့် အဝတ်အစားများ



ဝတ်ဆင်ထားသည်။

ခြေသလုံး အိမ်တိုင်၊ သူတောင်းစားတစ်ယောက်နှင့် တူလှသည်။

အသက် လေးဆယ်ခန့်ရှိပြီး ပါးစပ်ပြဲပြဲ မျက်လုံးမြူးမြူးရှိသူ ဖြစ်ပေသည်။

မြင်းစီးလုလင်က

'ဘယ်လိုဖြစ်တာလဲဗျ'

မေးလိုက်၏။ ထိုလူက

'ဟိုဟို လူတွေ ကျုပ်ကို တမင်သက်သက်လိုက်ပြီး ဒုက္ခပေးနေကြပါတယ်ဗျာ၊ ကျုပ်ကို ကယ်ပါဦး'

ခြေသလုံးဖက်မတတ် တောင်းပန်တိုးလျှိုးလာလေ၏။

မြင်းစီးလုလင်သည် အော်ဟစ်ကာ ပြေးလိုက်လာကြသည့် လူများကို ကြည့်လိုက်၏။

ထိုလူများမှာ တစ်စထက်တစ်စ နီးကပ်လာပြီ ဖြစ်ပါသည်။

ကျင်းဖုံးသည် မြင်းစီးလုလင်အား တိုက်ခိုက်ခြင်း မပြုနိုင်တော့ဘဲ ကြားဝင်လာသည့် သူတောင်းစားကို ငေးကြည့်နေမိသည်။ ထိုစဉ်

'လုပ်ကြပါဦးဗျာ'

သူတောင်းစားက ကျင်းဖုံး၏ လက်ကို လှမ်းဆွဲလိုက်ရာ ကျင်းဖုံး ရင်ထိတ်ပြီ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ဤတွင် သူတောင်းစားအား ဖမ်းဆီးရန် ပြေးဝင်လာကြသူများနှင့် ဝင်တိုက်မိလေတော့သည်။

'ဟေ့ ဟေ့'

ပြေးဝင်လာသူ လူတစ်ယောက် အော်ဟစ်ရင်း တွန်းထုတ်လိုက်
၏။

ကျင်းဖုံးလည်း အမှတ်မထင် သူ့လက်ကို ဝှေ့ယမ်းလိုက်မိ
လေ၏။

'ဝုန်း'

ကျယ်လောင်သော အသံထွက်ပေါ်လာသည်။

ကျင်းဖုံးနှင့် ဝင်တိုက်မိသူမှာ လွင့်စင်သွားသည်။

ထိုအထဲမှ လူတစ်ယောက်က ဟစ်အော်သည်။

'သူ့မှာ အဖော်တွေ ရှိနေတာပဲ၊ မလွတ်စေနဲ့'

ပြေးလိုက်လာသူများသည် ကျင်းဖုံးတို့အား သူတောင်းစား
မိတ်ဆွေများဟု ထင်မှတ်သွားကြတော့သည်။

ချက်ချင်းပင် တိုက်ခိုက်ရန် ဝန်းရံလာကြသည်။

ယခုမှ ထိုလူများကို ကျင်းဖုံး သေသေချာချာ ကြည့်မိလိုက်
ပါ၏။

'ဟင် လူထူးလူဆန်း ခုနစ်ယောက်ပါလား'

လွှတ်ခနဲ ရေရွတ်မိလိုက်၏။

မှန်ပေသည်။ ထိုလူများမှာ လူထူးလူဆန်း ခုနစ်ယောက်
ဖြစ်ကြသည်။

လူထူးလူဆန်း ခုနစ်ယောက်အနက် မြွေစိမ်းနှင့် လက်
သမားတို့က ရှေ့တိုးလာပြီး ကျင်းဖုံးအား တိုက်ခိုက်လိုက်ကြ၏။

ကျင်းဖုံးလည်း ရင်ထိတ်သွားပြီး ကပျာကယာ ပြန်လည်
တိုက်ခိုက်လိုက်သည်။

လက်သမားက



'ဟ သူလည်း မဆိုးဘူးသတိထား'

သူသည် အော်ပြောပြီး နောက်သို့ ကပျာကယာ ဆုတ်သွား
သည်။

မြွေစိမ်းလည်းနောက်ဆုတ်လိုက်သည်။

ကျင်းဖုံး၏ သိုင်းကွက်ကို တွေ့သည်နှင့် သိုင်းပညာ မခေမှန်း
ချက်ချင်း ရိပ်မိသွားကြသည်။

လူထူးလူဆန်း ခုနစ်ယောက်အနက် အသက်အကြီးဆုံး
ယောက်က ရှေ့သို့ လှမ်းလာပြီး မေးလာလေ၏။

'မင်းက ပျော်စရာတောင်ကြားက လူလား'

ကျင်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ပျော်စရာတောင်ကြား ဟုတ်လား'

'ဟုတ်တယ်လေ'

ကျင်းဖုံးသည် မြင်းစီးလုလင်နှင့် သူတောင်းစားတို့ကို လှမ်း
ကြည့်လိုက်၏။

မြင်းစီးလုလင်က အဖြစ်အပျက်များမှာ သူနှင့်မဆိုင်သလို
အေးအေးဆေးဆေး လက်ပိုက်ကြည့်နေပါ၏။

သူတောင်းစားက လှမ်းအမိန့်ပေးသည်။

'မင်းဘာလုပ်နေတာလဲ သူတို့ကို ဆုံးမလိုက်စမ်း'

ကျင်းဖုံး ဒေါပွသွားသည်။

'ခင် ခင်ဗျား'

သူတောင်းစားက

'ဘာလဲ မင်းက အမိန့်ကို ငြင်းဆန်တာလား။ ပျော်စရာ
တောင်ကြားထဲက လူတွေဟာ အမိန့်မနာခံရင် ဘယ်လို အပြစ်ပေး

ခံရတယ်ဆိုတာ မေ့နေပြီလား'

ခပ်ငေါက်ငေါက် ပြောပြန်သည်။

သူ၏ စကားကြောင့် ကျင်းဖုံးမှာ ပျော်စရာ တောင်ကြား[မှ] လူဖြစ်သည်ဟု အထင်မှားသွား ကြလေတော့သည်။

လူထူးလူဆန်း ခုနစ်ယောက်သည် ကျင်းဖုံးအား အမှ[န်] တကယ် ပျော်စရာ တောင်ကြားမှ လူဖြစ်သည်ဟု ထင်မှတ်သွားကြ ၏။

ခမောက်က

'အစ်ကိုကြီး မင်းက ဟိုကောင်လေးကို တာဝန်ယူ'

ငါက ကျီးကန်းကို တာဝန်ယူမယ်'

သူစကားဆုံးသည်နှင့် အစ်ကိုကြီးက ခေါင်းညိတ်လိုက် သည်။

'ကောင်းပြီ'

ခမောက်က သူတောင်းစားနှင့် မြင်းစီးလုလင်တို့ထံ လှမ်းသွား ပြီး အစ်ကိုကြီးက ကျင်းဖုံးထံ လှမ်းလာသည်။ မြင်းစီးလုလင်က

'ဒီကိစ္စ ကျုပ်နဲ့ မဆိုင်ဘူးဗျ'

ပြောပြီး မြေပေါ်ကို ခြေဆောင့်လိုက်၏။

သူ၏ ခန္ဓာကိုယ် မှာ မြားတစ်စင်းပမာ အပေါ်သို့ တစ်ရှိန်ထို တက်သွားသည်။

မြင်းစီး လုလင်သည် တဒင်္ဂအချိန်တွင်းမှာပင် လမ်းဘေး[ရှိ] အိမ်တစ်လုံး၏ ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေတော့သည်။

'ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ'

ခမောက်လွှတ်ခနဲ ချီးကျူးလိုက်၏။



သူတောင်းစားသည်လည်း အခြေအနေမဟန်မှန်းသိလျှင် ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

ခမောက်က သူ၏ရှေ့မှ လမ်းပိတ်ထားလိုက်ပြီး

'မင်း ပြေးလို့ မလွတ်နိုင်ပါဘူးကွာ၊ စကားဆုံးလျှင် လက်ဝါး နှစ်ဖက်ဖြင့် စတင်တိုက်ခိုက်လိုက်လေ၏။

သူတောင်းစားမှာ မတတ်သာတော့ပါ။

ချက်ချင်း ပြန်လည် တိုက်ခိုက်ရလေတော့သည်။

ထိုအချိန်တွင် အစ်ကိုကြီးနှင့် ကျင်းဖုံးတို့လည်း မျက်နှာချင်း ဆိုင် ကြည့်လိုက်ကြပြီး ဖြစ်ပါသည်။

အစ်ကိုကြီးက ခက်ထန်စွာ မေးလာလေ၏။

'ပျော်စရာ တောင်ကြားက လူတွေဟာ ကောက်ကျစ်နယ်စား ကြီး လုပ်ကြံခံရတဲ့ ကိစ္စနဲ့ ပတ်သက်နေတယ် ဆိုတာ ငါတို့ ရိပ်မိ တယ်၊ ကဲ ဘယ်သူ့လက်ချက်လည်းဆိုတာ ပြောစမ်း'

ကျင်းဖုံး မကျေမနပ်ဖြစ်သွား၏။

ထို့ကြောင့် သူတောင်းစားကို ခပ်တည်တည် စိုက်ကြည့်ကာ ဘာမှ မပြောဘဲ နေလိုက်၏။

အစ်ကိုကြီး မဲ့ပြုံးပြုံးလိုက်သည်။

'ကောင်းပြီ၊ မင်း ဘယ်လောက် ခေါင်းမာနိုင်မလဲကြည့်ရသေး တာပေါ့'

စကားဆုံးလျှင် စတင် တိုက်ခိုက်လိုက်လေသည်။

လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ် သည်။

သူ၏ လက်ဝါးများသည် သာမန်လူတစ်ယောက်၏ လက်

ဝါးထက် ပိုကြီးသည်။

လက်နှစ်ဖက် ဖော့ယမ်းလိုက်သောအခါ လေတိုးသံ တဟူးဟူး မြည်လာ၏။

ပြင်းထန်သော အင်အားတစ်ခု တိုးဝင်လာသည်ဟု ခံစားသိရှိလိုက်ရလျှင် ကျင်းဖုံး မပေါ့ဆဝံ့တော့ချေ။

ခြေနှစ်ဖက်ကို မြေပေါ် မြဲမြဲစွာ ရပ်ကာ ခန္ဓာကိုယ် ရှေ့သို့ ငိုက်ရင်း လက်ဝါးနှစ်ဖက်ကို ပူး၍ လက်အုပ်ချီသည့်ပုံစံဖြင့် အပေါ်သို့ ပင့်ကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

သူ၏ သိုင်းကွက်သည် အစ်ကိုကြီး၏ တိုက်ခိုက်မှုကို ချေဖျက်ကာ တိုက်ချက်ကို ပြန်လည် ရယူနိုင်သည့် အကောင်းဆုံး ဝိုက်ကွက်ဖြစ်နေသည်။

ကျင်းဖုံး ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာလေသည်။

အစ်ကိုကြီးထံမှ မသဲမကွဲ ညည်းညူသံလည်း ထွက်ပေါ်လာ၏။

အစ်ကိုကြီးမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေတော့သည်။

'ဟင်'

'ဟာ'

ရပ်ကြည့်နေသည့် အစ်ကိုကြီး၏ အဖော်များ တအံ့တသြ ဖြစ်သွားကြသည်။

ပြေး၍ မေးမလိုက်ကြသည်။



အစ်ကိုကြီးသည် မျက်နှာ ရှုံ့မဲ့သွားပြီး

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

ကျင်းဖုံး၏ လက်ချက်ကြောင့် အတွင်းဒဏ်ရာ ရသွားပြီဖြစ်ကြောင်း သိနိုင်သည်။

အစ်ကိုကြီးသည် ကျင်းဖုံးကို ကြည့်ရင်း

'မင်း မင်း အသုံးပြုလိုက်တဲ့ သိုင်းကွက်က 'ငွေလွှန်းပျံ' သိုင်းကွက် မဟုတ်လား'

မေးလိုက်၏။

'ငွေလွှန်းပျံ'သိုင်းကွက်အမည်ကို ကြားလျှင် ကျန်လူများ မျက်နှာပျက်သွားကြသည်။

ဒေါသဖြစ်သည့် အရိပ်အယောင်များလည်း ထင်ရှားစွာ ပေါ်လွင်လာသည်။

ခမောက်သည် သူတောင်းစားကို တိုက်ခိုက်ခြင်း မပြုတော့ချေ။

'ဒါဟာ 'နေမင်းသူရိန်' ကျင့်စဉ်သိုင်းကွက်ပဲ'

သူက အော်ပြောလိုက်သည်။

ကျင်းဖုံး အံ့သြသွားသည်။

သူအသုံးပြုလိုက်သည့် သိုင်းကွက်မှာ ရှဲ့တောင်းသင်ကြားပေးလိုက်သည့် သိုင်းကွက်ဖြစ်သည်။

ငွေလွှန်းပျံသိုင်းကွက် ဆိုသည် မှာလည်း မှန်၏။

သို့သော် 'နေမင်းသူရိန်' ကျင့်စဉ်သိုင်းကွက် ဖြစ်သည်ကို သူ မသိပါ။

အစ်ကိုကြီးက

'နယ်စားကြီး လုပ်ကြံခံရတဲ့ ကိစ္စဟာ မင်းရဲ့ လက်ချက်ပဲ ဖြစ်မယ်'

စွပ်စွဲပြောဆိုလာသည်။

ကျင်းဖုံး မျက်လုံးပြူးသွားသည်။

သူတောင်းစားက ထောက်ခံလိုက်၏။

'ဟုတ်တယ် သူ့လက်ချက်ပဲ'

လူထူးလူဆန်းခုနစ်ယောက်တို့မှာ မကျေမနပ် ဖြစ်သွားကြလေတော့သည်။

ကြိမ်တုတ်က အော်လိုက်၏။

'သူ့ကို မလွတ်စေနဲ့၊ သူဟာ အရေးကြီးတဲ့လူပဲ'

လူထူးလူဆန်း ခုနစ်ယောက်တို့သည် ကျင်းဖုံးအား တိုက်ခိုက်ရန် ပြင်လိုက်ကြ၏။

ကျင်းဖုံး စိတ်ပျက်သွားသည်။

ဆက်နေ၍လည်း အကြောင်းထူးမည် မဟုတ်သည်ကို ရိပ်မိသဖြင့် မြေပေါ် ခြေဆောင့်ခုန်လိုက်သည်။

သူ၏ ခန္ဓာကိုယ် အပေါ်သို့ မြောက်တက်သွားသည်။

သုံးလေးပတ်မျှ ကျွမ်းထိုးလိုက်ရာ အိမ်တစ်လုံး၏ ခေါင်မိုးပေါ်သို့ ရောက်သွား၏။

လက်ဘသမားက လက်ညှိုးထိုး၍ အော်လိုက်၏။

'ပြေးပြီ၊ ပြေးပြီ၊ လိုက်ဟ'

သူသည် အော်ဟစ်ရင်း ဒေါက်ထဲမှ စုတ်တံကို ဝှေ့ယမ်းလိုက်သည်။



လက်နက်ပုန်းများ ကျင်းဖုံးထံ ပြေးဝင်သွား၏။

'ဝှစ် ဝှစ် ဝှစ်'

ကျင်းဖုံးက ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက်သည်။

သို့သော် ဝဲဘက်ပေါင်၌ ဆစ်ခနဲ နာကျင်သွား၏။

ဒဏ်ရာကို အမှုမထားဘဲ တစ်ဖက်သို့ ခုန်ဆင်းလိုက်သည်။

တစ်ခဏအတွင်းမှာပင် ကျင်းဖုံး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

လူထူးလူဆန်း ခုနစ်ယောက်သည် ကျင်းဖုံးကို အာရုံစိုက်နေချိန်၌ ကျင်းဖုံးအား ချောက်ချခဲ့သည့် သူတောင်းစားသည် ထွက်ပြေးလွတ်မြောက်သွားခဲ့လေတော့သည်။

* * *

# အခန်း (၇)
## သိုင်းအဆက်အနွယ်

လမ်းပေါ်၌ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကျင်းဖုံးက မြေပြင်ပေါ် ခုန်ဆင်းပြီးသည်နှင့် ရှေ့သို့ လျှင်မြန်စွာ ပြေးလွှား ထွက်သွားသည်။

အော်ဟစ်သံများ တစ်စထက်တစ်စ ဝေးသွားသည်။

လူထူးလူဆန်းခုနှစ်ယောက်မှာ အနောက်ဘက်တွင် မျက်ခြည်ပြတ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

ကျင်းဖုံးသည် အတန်ကြာ ပြေးလွှားလာပြီးသော် မြို့စွန်တစ်နေရာသို့ ရောက်မှန်းမသိ ရောက်ရှိသွား၏။

နောက်လှည့်ကြည့်လိုက်သောအခါ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

အရိပ်ကောင်းသည့် သစ်ပင်တစ်ပင်အောက်၌ ထိုင်ချလိုက်လေသည်။

သူသည် သူ့အား ချောက်တွန်းခဲ့သည့် သူတောင်းစားကို



မကျေမနပ်ဖြစ်နေသည်။

သူ၏ စိတ်သဘောထားအတိုင်းဆိုလျှင် လူထူးလူဆန်းခုနှစ်ယောက်နှင့် ပြတ်ပြတ်သားသား ရင်ဆိုင်ပစ်လိုက်မည်ဖြစ်ပါသည်။

ယခုလို ရှောင်ထွက်လာမည် မဟုတ်ချေ။

သို့သော် သူက ရှောင်တိမ်းလာခဲ့သည်မှာ အကြောင်းရှိသည်။

ရှဲ့တောင်းသင်ပေးလိုက်သည့် သိုင်းကွက်ကို လူထူးလူဆန်းခုနှစ်ယောက်က 'ငွေလွန်းပျံ' သိုင်းကွက်ဖြစ်ကြောင်း သိနေခြင်းကြောင့်ပင်။

ထိုသိုင်းကွက်သည် 'နေမင်းသူရိန်' ကျင့်စဉ်တွင် ပါဝင်သည့် သိုင်းကွက်တစ်ကွက် ဖြစ်သည်ဟု ပြောကြသည်။

'နေမင်းသူရိန်' ကျင့်စဉ်နှင့် ပတ်သက်ပြီး သိုင်းလောကသားများ စိတ်ဝင်စားနေကြမှန်း သူသိခဲ့ရသည်။

ထိုအတွက် နယ်စားလည်း လုပ်ကြံခံခဲ့ရသည်။

သိုင်းလောက၌ မွှေနှောက် ဒုက္ခပေးနေသည်ဆိုသော မရဏစားလည်း ပါဝင်ပတ်သက်နေပြန်သည်။

သူသည် ရှုပ်ထွေးနေသည့် ပြဿနာတစ်ခုအတွင်း ပါဝင်ပတ်သက်မိကြောင်း တွေးလာမိသည်။

သို့ဖြစ်၍ ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ရှောင်ထွက်လာခဲ့ခြင်း ဖြစ်သည်။

သစ်ပင်ခြေရင်း၌ ထိုင်ကာ အမောဖြေရင်း ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များ ပြန်ပြောင်းစဉ်းစားနေရာ ပေါင်၌ ဆစ်ခနဲ နာကျင်ခဲ့သည့်အဖြစ်ကို မေ့လျော့သွားခဲ့သည်။

အတန်ကြာလိုင်ကာ တွေးတော စဉ်းစားပြီး စိတ်ထဲမှာ ပြောမိသည်။

'မဖြစ်ပါဘူး။ ငါသွားစရာရှိတဲ့လမ်းကို သွားမယ်၊ ဦးလေးရဲ့တောင်း ခိုင်းလိုက်တဲ့ ကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ပြီးမှ ငါလုပ်ချင်ရာ လုပ်တော့မယ်'

သူသည် ထိုင်ရာမှ ထလိုက်သည်။

ရုတ်တရက် ဦးခေါင်းထဲ မိုက်ခနဲ ဖြစ်သွား၍ သစ်ပင်ကို လက်ဖြင့် ဖမ်းဆွဲကိုင်ကာ ယိုင်လဲကျမသွားရလေအောင် ထိန်းထားလိုက်ရ၏။

ကျင်းဖုံး ရင်ထိတ်သွားသည်။

'ငါ ဘယ်လို ဖြစ်သွားတာပါလိမ့်'

သူ၏ ဝဲဘက်ခြေထောက်မှာ ထုံကျင်လာသည်။

အသက်ရှူ ကျပ်လာသလို ဦးနှောက်လည်း မူးနောက်ရီဝေလာသည်။

အဖြစ်မှန်ကို ကျင်းဖုံး ရိပ်စားမိလိုက်ချေပြီ။

'ငါ အဆိပ်မိသွားတာပဲ'

ဝဲဘက်ပေါင်ကို စစ်ဆေးကြည့်လိုက်၏။

ထိုအခါ အပ်ကလေးတစ်ချောင်း အမြီးဖျားအထိ စိုက်ဝင်နေသည်ကို တွေ့မြင်ရလေတော့သည်။

ကျင်းဖုံးက အပ်ကို ဆွဲနှုတ်ပစ်လိုက်၏။

သိုင်းလောက၌ ကျင်လည်ကျက်စားမည်ဆိုလျှင် တွေ့ကြုံနိုင်သည့် အန္တရာယ်များကို ရှဲ့တောင်းက ကြိုတင်ပြောပြထားခဲ့ပါသည်။



အဆိပ်အပ်ထိလျှင် မည်သို့ ပြုလုပ်ရမည်ဆိုသည်ကို ကျင်းဖုံး သိခဲ့သည်။

ထို့ကြောင့် ပေါင်မှ အပ်စိုက်ဝင်နေသည့် ဒဏ်ရာတစ်ဝိုက်ရှိ အဆိပ်များကို အချိန်မီ စုတ်ထုတ်ပစ်ရန် ကြိုးစားလိုက်၏။

ခါး၌ ဆောင်ထားသည့် ဓားကို ဆွဲထုတ်ကာ ဒဏ်ရာ အဝကျယ်လာအောင် ဓားသွားဖြင့် ဖိခွဲလိုက်၏။

ညိုမည်းသော သွေးများ ပန်းထွက်လာပါသည်။ သွေးမည်းများကို ညှစ်ထုတ်နေစဉ် သူ၏ လက်များ လေးလံ ထုံထိုင်းလာ၏။

အသက်ရှူ ပိုပြီး မွန်းကျပ်လာသည်။

ကျင်းဖုံးမှာ ဒဏ်ရာကို ဂရုမစိုက်နိုင်တော့ပါ။ အင်္ကျီအိတ်ထဲမှ ဆေးဘူးကလေးတစ်လုံးထုတ် ယူကာ အသက်ကယ်ဆေးတစ်လုံး ထုတ်ယူလိုက်၏။

အသက်ကယ်ဆေးသောက်ရန် ဟန်ပြင်လိုက်ချိန်မှာပင် အဆိပ်တန်ခိုး ပြလာတော့သည်။

သူ၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာသည်။

အသက်ကယ်ဆေးကို ပါးစပ်ထဲ ရောက်အောင်ပင် မသွင်းနိုင်တော့ပါ။

ဆေးလုံးက မြေပေါ် ပြုတ်ကျသွား၏။

ကျင်းဖုံးက ကောက်ယူရန် ကြိုးစားပါသော်လည်း မျက်လုံးများ ပြာဝေလာသည်။

အာခေါင်ခြောက်သွေ့လာသလို ရင်ထဲ မခံမရပ်နိုင်အောင် ပူလောင်လာ၏။

ထိုနေရာမှ ထွက်ပြေးလိုစိတ် မြေပေါ် လူးလိမ့်လို စိတ်တို့ပင်

ဖြစ်ပေါ်လာ၏။

ကျင်းဖုံးဒုက္ခရောက်နေချိန်မှာပင်

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျင်းဖုံး၏ မြင်ကွင်းထဲ ဒုန်းစိုင်းမောင်းနှင်လာသည့် မြင်းလှည်းတစ်စီး ဝင်ရောက်လာသည်ကို တွေ့ရလေသည်။

ထို့နောက် တစ်ကိုယ်လုံး ပျော့ခွေကာ မြေပေါ်လဲကျသွားလေတော့သည်။

အချိန်မည်မျှ ကြာသွားမှန်း မသိပါ။

'အင်း အင်း'

ညည်းညူသံနှင့်အတူ ကျင်းဖုံး သတိရလာလေ၏။

မျက်လုံး ဖွင့်လိုက်လျှင် ဖြူဖွေးသော ခေါင်မိုးမျက်နှာကျက်ကို တွေ့မြင်ရ၏။

'ငါ ငါ ဘယ်ရောက်နေပါလိမ့်'

ချက်ချင်းပင် လူးလိမ့်ထလိုက်သည်။

ထိုအခါ အိစက်ညက်ညောသော မွေ့ရာခင်းပေါ်ဝယ်အိပ်စက်နေခဲ့သည့်အဖြစ်ကို တွေ့မြင်ရ၏။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သောအခါ သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခုအတွင်း ရောက်နေသည်ကို တွေ့ရပြန်သည်။

ကျင်းဖုံး အံ့ဩသွားသည်။

သူသည် လူထူးလူဆန်း ခုနစ်ယောက်တွင် ပါဝင်သည့် လက်ဘသမားဆိုသူက လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်ခြင်း ခံရ၍ မြို့စွန်သစ်ပင်အောက်၌ သတိလစ်မေ့မျောခဲ့သည့်အဖြစ်ကို အမှတ်



ရလာမိသည်။

သူတွေးတောစဉ်းစားနေစဉ်မှာပင် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကျင်းဖုံးလှမ်းကြည့်လိုက်သောအခါ လူတစ်ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ အိမ်ဖော်တစ်ယောက်ဖြစ်ဟန်ရှိပေသည်။

ကျင်းဖုံး သတိရနေသည်ကို မြင်လျှင် ဦးညွှတ် ဂါရဝပြုကာ ရိုသေစွာ ပြောလေ၏။

'မိတ်ဆွေလေးကို အစ်ကိုကြီး ယို့စွမ်း စောင့်နေပါတယ်'

ကျင်းဖုံး ထရပ်လိုက်၏။

သူ၏ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေသည်။

ဝေဒနာ ခံစားရသည့်အသွင် လုံးဝ မရှိချေ။

'ကျုပ်နောက်လိုက်ခဲ့ပါဗျာ'

လူရွယ်က ပြောပြီး လမ်းပြခေါ်ဆောင်သွား၏။

ကျင်းဖုံး ရှည်ရှည်ဝေးဝေး တွေးတော စဉ်းစားမနေတော့ဘဲ လူရွယ်နောက်သို့ လိုက်သွားသည်။

မကြာပါချေ။

ကျယ်ဝန်းသော ခန်းမတစ်ခုသို့ ရောက်ရှိသွား၏။ ခန်းမအတွင်းဝယ် စားပွဲတစ်လုံးခင်းကျင်းထားပြီး စားသောက်ဖွယ်ရာများ အဆင်သင့် ရှိနေသည်။

လူတစ်ယောက် ထိုင်စောင့်နေသည်ကို တွေ့ရ၏။

ထိုလူမှာ သူ့အား ချောက်တွန်းခဲ့သည့် သူတောင်းစားဖြစ်ကြောင်း ကျင်းဖုံး ချက်ချင်းမှတ်မိလိုက်၏။

'ဟင် ခင် ခင်ဗျား'

သူတောင်းစားသည် ညစ်ပတ်စုတ်ပြဲနေသည့် အဝတ်အစားများကို အပြာရောင်ဖဲသားအင်္ကျီဖြင့် လဲလှယ်ပတ်ဆင်ထားပြီ ဖြစ်ပါသည်။

ထိုလူထိုင်ရာမှ ထရပ်လိုက်ပြီး သူကိုယ့်သူ မိတ်ဆက်လေ၏။

'ကျုပ်က ယို့စွမ်းပါဗျာ'

ကျင်းဖုံး ဒေါပွသွားသည်။

'ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို ချောက်တွန်းရတာလဲ'

သူက ဒေါသဖြင့် မေးလိုက်မိလေသည်။

ယို့စွမ်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ယို့စွမ်း လက်ကာပြလိုက်သည်။

'ဒီအတွက် ကျုပ် အနူးအညွတ်တောင်းပန်ပါတယ်၊ ကျုပ် ရှင်းပြတာကို နားထောင်စေချင်ပါတယ်၊ ကဲ ထိုင်ပါဦး မင်းလည်း ဗိုက်ဆာနေရောပေါ့၊ စားစရာရှိတာ စားလိုက်ပါဦး'

သူသည် လောကဝတ်ပြုလေ၏။

ကျင်းဖုံး မတ်တပ်ရပ်မြဲ ရပ်နေလိုက်၏။

ယို့စွမ်းကိုသာ စိုက်ကြည့်နေသည်။ သူ၏ ဒေါသမှာ မပြေသေးပါ။

ယို့စွမ်းက

'ထိုင်ပါဦးကွာ၊ ဖြစ်ပျက်ခဲ့တာတွေအတွက် ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်၊ ကျုပ် ရှင်းပြပါရစေ ထိုင်ပါဦး

ထပ်မံ၍ တောင်းတောင်းပန်ပန် ပြောလာသည်။

ကျင်းဖုံးက



'ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို ချောက်တွန်းရတာလဲဗျ၊ ကဲ ါပဲ သိချင်တယ်'

ယို့စွမ်းသက်ပြင်းချလိုက်သည်။

'ကျုပ်ရှင်းပြရမယ်ဆိုရင် 'နေမင်းသူရိန်' ကျင့်စဉ်ကစပြီး ပြောပြမှ ဖြစ်မယ်၊ သိုင်းလောကသားတွေ သိထားတဲ့အတိုင်းပဲ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်လောက်က သိုင်းလောကမှာ ပြိုင်ဘက် ကင်း သိုင်းသမားကြီးတစ်ယောက် ထွက်ပေါ်လာခဲ့ဖူးတယ်၊ သူ့နာမည် သူရိယ သိုင်းသမားလို့ ခေါ်တယ်'

ကျင်းဖုံး စိတ်ဝင်စားသွားသည်။ သိုင်းလောကသို့ ခြေချ မိသည်နှင့် စိတ်ဝင်စားစရာ ကိစ္စများ ဆက်တိုက် ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလား။

'နေမင်းသူရိန်'ကျင့်စဉ်သည် သူနှင့် ပတ်သက်နေပြီ ဖြစ်ပါသည်။

ထို့ကြောင့် သူရိယ သိုင်းသမားနှင့် ပတ်သက်သည့် အကြောင်းချင်းရာများကို စိတ်ဝင်စားစွာ နားစွင့်နေလိုက်မိသည်။ ယို့စွမ်းက ဆက်ပြောလေ၏။

'သူရိယသိုင်းသမားဟာ မကောင်းသူပယ်၊ ကောင်းသူကယ် တဲ့ အဖြူရောင်သိုင်းသမားကြီးတစ်ယောက်ပဲ၊ သိုင်းလောကမှာ ကျင်လည်ကျက်စားနေတဲ့ အချိန်မှာ လူချစ်လူခင်ပေါများခဲ့တယ်၊ တပည့်တပန်းတွေ အများကြီးရှိခဲ့တယ်၊ သူ့ တပည့်တွေထဲမှာ ဆင့်လုံ ဆိုတာ အတော် ထင်ရှားခဲ့တယ်၊ သူရိယသိုင်းသမား ကွယ်လွန်သွား ချိန်မှာ သူကိုယ်တိုင် တီထွင်ခဲ့တဲ့ 'နေမင်းသူရိန်' ကျင့်စဉ်ကို ဆင့်လုံ က ဆက်ခံရရှိခဲ့တယ်'

ကျင်းဖုံး မနေနိုင်တော့ဘဲ မေးလိုက်မိသည်။

'ဆင့်လုံဆိုတာ ကောက်ကျင်းနယ်စားကို ပြောတာလား'

ယို့စွမ်း ခေါင်းညိတ်လိုက်လေ၏။

'ဟုတ်တယ် ဆင့်လုံဟာ နေမင်းသူရိန်ကျင့်စဉ်ကို လေ့ကျင့်ပြီး သူရိယသိုင်းသမားလိုပဲ မကောင်းသူပယ်၊ ကောင်းသူကယ်အဖြစ်နဲ့ သိုင်းလောကမှာ ရပ်တည်ခဲ့တယ်၊ ဒါပေမယ့် ပြဿနာတစ်ခု ပေါ်လာတယ်၊ မပြည့်စုံတဲ့ နေမင်းသူရိန်သိုင်းကျင့်စဉ်တစ်ခုဟာ သိုင်းလောကထဲမှာ ပေါ်လာခဲ့တယ် ဆိုတာပဲ'

'နေမင်းသူရိန်' ကျင့်စဉ်နောက်တစ်ပိုင်းရှိသေးတဲ့ သဘောပေါ့'

'ဟုတ်တယ် နယ်စားကြီးဟာ ကျန်တဲ့ 'နေမင်းသူရိန်' ကျင့်စဉ်တစ်ပိုင်းကို လိုက်ရှာခဲ့တယ်၊ ရှာလို့ မတွေ့တဲ့ အဆုံး သူ့မှာရှိတာကိုတောင် ဖျက်ဆီးပစ်မယ်ဆိုပြီး ရောင်လင်ကျောင်းကို သူအသွား လမ်းမှာ လုပ်ကြံခံလိုက်ရတာပဲ'

ရွှေအလံရဲတိုက် အနောက်ဘက်ရှိ တောင်ကုန်းတွင် သခင်မလေး ဆင့်ဆင့်က လူထူးလူဆန်း ခုနစ်ယောက်အား ရှင်းလင်းပြောပြခဲ့သည်ကို ကျင်းဖုံး ကြားသိထားပြီး ဖြစ်ပါသည်။

ယို့စွမ်းက

'သိုင်းလောကသားတွေ မသိကြသေးတဲ့ ကိစ္စတစ်ခုကို ကျုပ်သိထားတယ်၊ မင်းဘယ်သူ ဘယ်ဝါဖြစ်တယ်၊ 'နေမင်းသူရိန်' ကျင့်စဉ်နဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ သိရမှ ကျုပ် ပြောပြနိုင်မယ်'

ယို့စွမ်းသည် ကျင်းဖုံးစိတ်ဝင်စားလာအောင် သိုင်းလောက၏ ရှေးဟောင်းနှောင်းဖြစ်များအနက် အရေးမပါသည့် ကိစ္စကိုသာ



ရွေးပြောပြီး အရေးကြီးသည့် ကိစ္စများကို လျှို့ဝှက်ထားသည်ဟု ကျင်းဖုံး တွေးဆဆင်ခြင်မိလေ၏။

ပွင့်ပွင့်လင်းလင်းမရှိသည့် ယို့စွမ်းနှင့် စကား မပြောလိုတော့ချေ။

'ကျုပ်ကို ကူညီတဲ့အတွက် ကျုပ်အပေါ်မှာ အကြွေးတင်နေပြီလို့ မှတ်ထားပါ၊ တစ်ချိန်မှာ ခင်ဗျား အကြွေး ကျုပ် ပြန်ဆပ်ပါ့မယ်'

စကားဆုံးလျှင် ထွက်သွားရန် ပြင်လိုက်၏။

ယို့စွမ်းကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် ကျင်းဖုံးသည် လက်ာသမား၏ အဆိပ်အပ်ထိခဲ့ရာ သူက ကယ်တင်ခဲ့သဖြင့် အသက်ချမ်းသာရသည်ဟု ယူဆထားပုံ ရကြောင်း ယို့စွမ်း သိလိုက်လေ၏။

အမှန်တော့ ကျင်းဖုံးသည် အဆိပ်ဒဏ်ကြောင့် သတိလစ်မေ့မျောသွားသော်လည်း သူက ဘာဆေးမျှ တိုက်ကျွေးခြင်းမရှိဘဲ ပြန်လည် ကောင်းမွန်လာခြင်း ဖြစ်သည်။

ကျင်းဖုံး၏ ခန္ဓာကိုယ်အတွင်း၌ အဆိပ်ဒဏ်ကို ခံနိုင်သော စွမ်းအားများ ရှိနေကြောင်း သူစစ်ဆေး တွေ့ရှိထားသည်။

ကျင်းဖုံး လဲကျနေသည်ကို တွေ့ရသဖြင့် ခေါ်ဆောင်လာပြီး သမားတော်တစ်ယောက်အား ကုသစေခဲ့ရာ ထိုသမားတော်ပြောသည့် စကားများကို ပြန်လည် ကြားယောင်မိလေ၏။

သမားတော်က

'သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ရောဂါဝေဒနာကို ခံနိုင်တဲ့ စွမ်းအားတစ်မျိုး ရှိနေတယ်၊ ဘာဆေးမှ တိုက်စရာ မလိုဘူး၊ တစ်ရက်လောက်ကြာရင် သူ့အလိုလို ပြန်ကောင်းသွားလိမ့်မယ်'

အထူးတလည် ကုသစရာ မလိုဘဲ အဆိပ်ဒဏ်ခံနိုင်ရည် ရှိသည်ကို ယို့စွမ်း အံ့ဩခဲ့ရပါသည်။

ကျင်းဖုံးအား သူဆေးကုပေး၍ ပြန်ကောင်းလာရသည်ဟု ထင်မှတ်နေချေပြီ။

ယို့စွမ်းက ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ သူ့ကိုယ်သူ ဂုဏ်တင်ပြောလိုက်လေ၏။

'ကျုပ်က ဆေးကုမပေးဘူးဆိုရင် ခုချိန်လောက်ဆို မင်း သေသွားလောက်ပြီ'

ကျင်းဖုံး ခေါင်းလှုပ်ရမ်းရပ်သွားသည်။

ယို့စွမ်းကို လှည့်ကြည့်လိုက်သည်။ ယို့စွမ်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

'ကျုပ်ဟာ ကိစ္စတစ်ခုကြောင့် သေရေးရှင်ရေး ကိစ္စနဲ့ ကြုံတွေ့နေရတယ်၊ မင်းကူညီမှ ဖြစ်မယ်'

ကျင်းဖုံး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့၏။

'ခင်ဗျားက'

'တို့နှစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောဖို့ လာပြီထင်တယ် ရှင်းရှင်းပြောရရင် 'နေမင်းသူရိန်' ကျင့်စဉ်ကို တီထွင်ခဲ့တဲ့ သူရိယ သိုင်းသမားမှာ တပည့်တစ်ပန်း အများကြီး ရှိခဲ့တယ်လို့ ကျုပ်ပြော ခဲ့တယ် မဟုတ်လား၊ နယ်စားကြီးတစ်ယောက်သာ ထင်ပေါ်ခဲ့ပေမယ့် သွေးဓားရယ်၊ ပုလီရယ် နှစ်ယောက်ကိုတော့ မေ့ထားလို့ မဖြစ်ဘူး သူတို့ကိုတော့ သိုင်းလောကသားတွေ လူဆိုးစာရင်း သွင်းထားတော့ နယ်စားကြီးလောက် မထင်ပေါ်ခဲ့ဘူးပေါ့'

'သွေးဓား'



ကျင်းဖုံး တီးတိုးရေရွတ်လိုက်၏။

သွေးဓားဆိုသည့် အမည်ကိုမကြာခဏ ကြားခဲ့ရသည် မဟုတ်ပါလား။

ယို့စွမ်းက ဆက်ပြောပြန်သည်။

'သူရိယ သိုင်းသမားရဲ့ 'နေမင်းသူရိန်' ကျင့်စဉ်ကို နယ်စား တစ်ယောက်တည်းကသာ ရခဲ့တာ မဟုတ်ဘူး၊ သွေးဓားနဲ့ ပုလီတို့ ကလည်း ရခဲ့ကြသေးတယ်'

ကျင်းဖုံး စိတ်ရှုပ်သွား၏။

သူတွေ့ခဲ့ရသူတိုင်းသည် အမှန် အတိုင်း မပြောဘဲ ထိမ်ချန် လိမ်ညာပြောဆိုနေကြသည်ဟု ခိုင်မာစွာ ယုံကြည်မိသည်။

ငယ်စဉ်ကပင် မည်သူ့ကိုမျှ မယုံကြည်နိုင်သည့် အကျင့်သည် အရိုးစွဲအောင် ကိန်းအောင်းနေခဲ့ပါသည်။

ယို့စွမ်းက မေးလာလေ၏။

'မင်း အသုံးပြုလိုက်တဲ့ သိုင်းကွက်ဟာ နေမင်းသူရိန်ကျင့်စဉ် မှာ ပါဝင်တဲ့ သိုင်းကွက်ပဲ၊ ဒါကြောင့် မင်းကို ဘယ်သူ သင်ပေးတာ လဲ၊ ဘယ်က တတ်မြောက်လာတယ်ဆိုတာ ကျုပ်ကို ပြောပြပါလား'

ကျင်းဖုံးက

'ကျုပ်က မပြောပြနိုင်ဘူးဆိုရင်ကော'

ယို့စွမ်း ခေါင်းယမ်းလိုက်သည်။

'မင်းက ငါ့ကို ကျေးဇူးဆပ်မယ်ဆိုတဲ့ စကားကို မေ့သွား ပြီလား'

'ခင်ဗျား ဒုက္ခဖြစ်တဲ့အခါ ကျုပ် ပြန်ပြီး ဆေးကုပေးပါ့မယ်၊ ကူညီတယ်ဆိုတာ တူညီသော ကူညီခြင်းမျိုး ဖြစ်ရမှာပေါ့၊ ခင်ဗျား

က နည်းနည်းပေးပြီး အများကြီး လိုချင်လို့တော့ မရဘူး'

ကျောင်းဖုံးက ခပ်တည်တည် ပြောလိုက်၏။

ယို့စွမ်း၏ စိတ်သဘောထားကို သဘောမကျသဖြင့် တမင် ပြောလိုက်ခြင်း ဖြစ်သည်။

ယို့စွမ်း မကျေမနပ် ဖြစ်သွားသည်။

'မင်းကို နေမင်းသူရိန်ကျင့်စဉ် ဘယ်သူ သင်ပေးသလဲ'

ကျောင်းဖုံး ဘာမျှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားလေ၏။

ယို့စွမ်း အံကြိတ်လိုက်သည်။

'ပျော်စရာ တောင်ကြားက မင်းထွက်သွားနိုင်တယ်ဆိုရင် သွားပေါ့ကွာ'

စိတ်ထဲမှ ကြုံးဝါးလိုက်၏။

ကျောင်းဖုံးက အရေးမစိုက်ဘဲ ထွက်သွားပြီ ဖြစ်လေတော့သည်။

ကျောင်းဖုံး ကွယ်ပျောက်သွားသည်နှင့် လူတစ်ယောက် အခန်းထဲသို့ ဝင်ရောက်လာသည်။

ထိုလူမှာ အသက် ငါးဆယ်ကျော်ခန့် ရှိသည်။

ထိုလူ၏ ခါး၌ ဓားတစ်လက် ချိတ်ထားသည်။

ဓား၌ အေးစက်သော အငွေ့အသက် လွှင့်ပျံ့နေ၏။

ထိုလူကို မြင်လျှင် ယို့စွမ်း၏ မျက်နှာတွင် ကြောက်ရွံ့ရှိသေသည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်။

ထိုလူကား မရဏဓားပေတည်း။

သူသည် ချက်ချင်းပင် ဒူးထောက်ချလိုက်ပြီး ဂါရဝပြုလိုက်၏။



'ဆရာကြီးကို ဂါရဝပြုပါတယ်'

မရဏဓားက အေးစက်စွာ ပြောလေ၏။

'ယို့စွမ်း မင်းလူတွေ မပိရိလို့ ဆင့်လုံဟာ ပျော်စရာ တောင်ကြားမှာ လုပ်ကြံခံလိုက်ရတဲ့သတင်း သိုင်းလောကမှာ ပျံ့သွားပြီ'

ထိုစကားကြားလျှင် ယို့စွမ်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

'ဒီ ဒီကိစ္စကို'

သူ၏ စကားမဆုံးမီ မရဏဓားက ကြားဖြတ်ပြောလိုက်သည်။

'ဆင့်လုံ လုပ်ကြံခံရတဲ့ကိစ္စကြောင့် သိုင်းလောကသားတွေ ပျော်စရာ တောင်ကြားကို ရောက်လာကြလိမ့်မယ်၊ ဒီကိစ္စကို မင်း ဘယ်လို ဖြေရှင်းမလဲ'

'ကျုပ် ကျုပ်'

'မင်းတို့အားလုံး ပျော်စရာတောင်ကြားက ထွက်သွားကြပေတော့၊ ကျုပ်ဆီက အမိန့်မရမချင်း ဘာမှ မလုပ်ဘဲ ဓာတ်မြုပ်နေရမယ်၊ ကျုပ်ပြောတာ နားလည်ရဲ့လား'

'ဟုတ် ဟုတ်ကဲ့'

'ကောင်းပြီ၊ ကျုပ်အမိန့်မရဘဲ မင်းတစ်ခုခု လုပ်မယ်ဆိုရင် မင်း သေဖို့သာ ပြင်ထား'

စကားဆုံးလျှင် မရဏဓား ချာခနဲ လှည့်ထွက်သွားတော့သည်။

ယို့စွမ်းမှာ ကြမ်းပြင်ပေါ်ဝယ် ဒူးထောက်လျက် ကျန်ရစ်ခဲ့

သည်။

သူသည် ကျင်းဖုံးအကြောင်း ပြောပြလိုပါသည်။

သို့သော် မရဏာစားအား အလွန်အကြူး ကြောက်ရွံ့နေသဖြင့် ပြောမပြဖြစ်ခဲ့ပါချေ။

သိုင်းကျင့်စဉ်နှင့် ပတ်သက်ပြီး သိုင်းလောက သားများ မသိကြသေးသည့် လျှို့ဝှက်ချက်များ ရှိနေသည်။

မရဏာစားသည် သိုင်းလောကအား ဖျက်ဆီးပစ်မည့်သူ ဖြစ်ပေသည်။

သူက မရဏာစာအား သစ္စာခံထားခြင်းဖြင့် နောင်တစ်ချိန် ဝယ် လက်မထောင်လာနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ကျင်းဖုံးနှင့် ပတ်သက်ပြီး သူသိထားသည်ကို ပြောပြရန် စိတ်မကူးတော့ပါ။

မရဏာစား ထွက်သွားသည်နှင့် သူ၏ လူများကိုခေါ်ဆောင် ကာ ထွက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

နေခြည်ဖြာကျနေသည်။

လေပြည်လေညှင်း ဝေ့ယမ်း တိုက်ခိုက်နေ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ကျင်းဖုံးသည် အိမ်ကလေးအပြင်ဘက် လှမ်းထွက်မိသည်နှင့် သာယာလှပသည့် တောင်ကြားတစ်ခုအတွင်း ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

ပျော်စရာ တောင်ကြားအတွင်းသို့ သူ ရောက်ရှိနေသည်ကို သူ မသိခဲ့ချေ။

ကျင်းဖုံး ခပ်သွက်သွက် လှမ်းသွား၏။



ယို့စွမ်း၏ အိမ်ကလေးသည် အနောက်ဘက်၌ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့သည်။

ကျင်းဖုံးသည် ကျယ်ပြန့်သော တောင်ကြားတစ်ခုအတွင်း ရောက်ရှိလာ၏။

တောင်နံရံနှင့် ကပ်လျက် အိမ်ကလေးတစ်လုံး ဆောက်လုပ်ထားသည်ကို တွေ့မြင်ရသည်။

တောင်ကြားမြို့ကလေးတစ်မြို့ ဖြစ်သည်။

ကျင်းဖုံး စိတ်ဝင်စားသွားသည်။

ထိုမြို့လေးဆီသို့ ဦးတည် လျှောက်သွားသည်။

မြို့အဝင်လမ်းမှာ လူသူ ကင်းမဲ့နေသည်။

လူရိပ်လူယောင် မတွေ့ရသလို ခွေးတစ်ကောင် ကြောင် တစ်မြီးမျှပင် မတွေ့မမြင်ရချေ။

ကျင်းဖုံး ခပ်သွက်သွက် လျှောက်သွားသည်။

မြို့ထဲ လှမ်း ဝင်မိသည်နှင့် ဟိုဟိုသည်သည် ကြည့်လိုက်၏။

လူရှင်းပြီး တိတ်ဆိတ်မှု မင်းမူနေခြင်းကြောင့် မျက်မှောင် ကြုတ်သွား၏။

'ဘယ်လိုဖြစ်တာလဲ၊ လူတစ်ယောက်မှလည်း မရှိပါလား'

ကျင်းဖုံး တီးတိုး ရေရွတ်မိသည်။

ယို့စွမ်းနှင့် သူ၏ လူများ မရဏာစား၏ အမိန့်ကြောင့် ထွက်ခွာသွားကြသည်ကို သူမသိချေ။

အိမ်တံခါးများ ဟာလာဟင်းလင်း ပွင့်နေသည်။ မြို့ထဲဝယ် စားသောက်ဆိုင်၊ ဈေးဆိုင်၊ တည်းခိုခန်း စသည်ဖြင့် ဆိုင်များစုံစုံလင် လင် ရှိနေသည်ကို တွေ့ရ၏။

ယို့စွမ်းတို့ လူစုသည် ဤကောင်ကြား၌ မိုတင်းနေထိုင်ကြပြီး မြို့ကလေးတစ်မြို့အသွင် ဖန်တီးထားခြင်း ဖြစ်သည်။

ပျော်စရာတောင်ကြားသည် အများအမြင်တွင် ပျော်စရာကောင်းသည့် အရပ်ဒေသတစ်ခု ဖြစ်သော်လည်း အမှန်တကယ်မှာမူ လူဆိုးဓားပြများ ခိုအောင်းနေသည့် နေရာတစ်ခုပင် ဖြစ်ပေတော့သည်။

ကျင်းဖုံးသည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ခြေလှမ်းရပ်လိုက်၏။ ဟင်းအိုးတူးခြစ်သည့် အနံ့များ ထွက်ပေါ်နေသည်။

ဆိုင်ထဲ၌ လူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

ကျင်းဖုံး အံ့ဩသွားသည်။

လှေကားထစ်များကို နင်းကာ ဆိုင်ပေါ် လှမ်းတက်လိုက်သည်။

ဆိုင်ထဲရောက်သည်နှင့် စားပွဲ ကုလားထိုင်များ ခင်းကျင်းထားပြီး အချို့သော စားပွဲများ၌ စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသည်ကို လည်းကောင်း။ အချို့စားပွဲများ၌ စားလက်စ သောက်လက်စ ပန်းကန်ခွက်ယောက်များ ရှိနေသည်ကိုလည်းကောင်း တွေ့မြင်ရ၏။

စားသောက်ဆိုင်ထဲ၌ စားသောက်နေသူများသည် မကြာသေးမီကမှ ကတိုက်ကရိုက် ထွက်သွားကြခြင်းဖြစ်ကြောင်း သိနိုင်သည်။

ကျင်းဖုံးသည် ဟိုဟိုသည်သည် အကဲခတ်ကြည့်ရင်း မီးဖိုဆောင်ဘက်သို့ ဝင်ခဲ့မိ၏။

မီးဖိုဆောင်ဝယ် ချက်ပြုတ်ရန် အဆင်သင့် ပြင်ထားသည့် အသားငါးများကို တွေ့မြင်ရသည်။

မီးခိုးတစ်ငွေ့ငွေ့ ထွက်နေသည့် မီးဖိုပေါ်ဝယ် အသားဟင်း



တစ်အိုး တင်ထား၏။

ထိုအသားဟင်းအိုးမှာ ရေခန်းကာ တူးခြစ်နေပြီ။

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

ဆိုင်အပြင်ဘက်ထွက်ကာ အနီးအနားရှိ အိမ်များကို စစ်ဆေးကြည့်လိုက်သည်။ အိမ်တိုင်းလိုလိုတွင် နေထိုင်သူများသည် ရနိုင်သည့် ပစ္စည်း သိမ်းကြုံးယူကာ ကတိုက်ကရိုက် ထွက်ခွာသွားကြပုံရှိသည်ကို တွေ့မြင်ရသည်။

'ဒီမြို့က လူတွေ ဘာကြောင့်များထွက်ပြေးသွားကြပါလိမ့်'

သူ တွေးတော စဉ်းစားနေစဉ်မှာပင်

'ခွပ်ခွပ် ခွပ်ခွပ်'

အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။

ကျင်းဖုံးစိတ်လှုပ်ရှားသွားသည်။

ကပျာကယာ အပြင်ထွက် ကာ မြင်းခွာသံများ ထွက်ပေါ်လာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

ထိုအခါ အဝေးမှ ဖုန်တထောင်းထောင်းထွက်ပေါ်လာပြီး မြင်းစီးသမားတစ်စု ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်ရလေ၏။

'ဘယ်သူတွေပါလိမ့်'

ကျင်းဖုံး တွေးတော စဉ်းစားနေစဉ်မှာပင် မြင်းစီးသမားများသည် တစ်စထက် တစ်စ နီးကပ်လာလေတော့သည်။

မြင်းစီးသမားများအား တွေ့မြင်လိုက်ရသော ကျင်းဖုံးမှာ လွန်စွာ ထိတ်လန့်သွားလေ၏။

'ဟင်၊ လူထူးလူဆန်း ခုနစ်ယောက်ပါလား'

သူသည် လွတ်ခနဲ ရေရွတ်မိလိုက်၏။

မှန်ပေသည်။

မြင်းဒုန်းစိုင်း နှင်လာနေကြသူများမှာ ရောက်လေရာ အရပ်တိုင်းတွင် ပြဿနာရှာတတ်သည်ဟူသော လူထူးလူဆန်း ခုနစ်ယောက်ပင် ဖြစ်ပေတော့သည်။

ကျင်းဖုံး စိတ်ပျက်သွားသည်။

ချက်ချင်းပင် ရှောင်တိမ်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်

'ဟိုမှာ တွေ့ပြီဟေ့'

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာ၏။

လူထူးလူဆန်း ခုနစ်ယောက်သည် ချက်ချင်းပင် ကျင်းဖုံးထံဦးတည်ကာ မြင်း ဒုန်းစိုင်းလာကြ၏။

ကျင်းဖုံး ရှောင်တိမ်းသွားလိုပါသော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။

'မင်း ဘယ်ပြေးမလဲ'

လူထူးလူဆန်း ခုနစ်ယောက်သည် ချက်ချင်းပင် ကျင်းဖုံးအား ဝိုင်းရံထားလိုက်ကြသည်။

ကျင်းဖုံးက မလှုပ်မယှက် ရပ်နေလိုက်၏။

လူထူးဆန်းခုနစ်ယောက်သည် မြင်းပေါ်မှ အသီးသီး ခုန်ဆင်းလာကြသည်။

အစ်ကိုကြီးဖြစ်သူသည် ထူထဲသော အကျီရှည်တစ်ထည်ဝတ်ဆင်ထားကာ လူမမာပုံ ပေါက်နေပါပြီ။

ကျင်းဖုံး၏ လက်ချက်ကြောင့် အတွင်းဒဏ်ရာ ရထားမှန်း



သိသာသည်။

လက်ဘသမားသည် ကျင်းဖုံးအား တအံ့တဩ ကြည့်နေ၏။

'မင်း မင်း ဘာမှ မဖြစ်ဘူး ဟုတ်လား'

တအံ့တဩ မေးသည်။ သူ၏ လက်နက်ပုန်းကြောင့် ကျင်းဖုံးမရှုမလှ ခံသွားရသည်ဟု ယုံကြည်ထားသည်။

ကျင်းဖုံးကို ကြည့်ရသည်မှာ ဘာမှ မဖြစ်သလို ရှိနေ၏။ မယုံကြည်နိုင်အောင် ဖြစ်နေမိတော့သည်။

ကျင်းဖုံးက လက်ဘသမားကို စိုက်ကြည့်ကာ

'ဒီတစ်ခါတော့ မင်းအလှည့်ပဲ'

လက်ဘသမား အံကြိတ်လိုက်သည်။

'ကြည့်ကြသေးတာပေါ့'

ပြောရင်း ရှေ့သို့ လျှပ်တစ်ပြက် ခုန်ဝင်လာသည်။

အစ်ကိုကြီးက

'သတိထား'

လှမ်းပြီး သတိပေးလိုက်၏။

ကျန်လူများသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ကျင်းဖုံးသည် လက်ဘသမားက ခုန်ဝင်တိုက်ခိုက်လာသည်နှင့် ချက်ချင်းပင် ပြန်လည် တိုက်ခိုက်လိုက်သည်။

ဝဲဘက်လက်ကို စက်ဝိုင်းပုံ ဝှေ့ယမ်းလိုက်ပြီး လက်ဘသမား၏ တိုက်ကွက်ကို ဖယ်ရှားပယ်လိုက်သည်။ တစ်ဆက်တည်းမှာပင် ညာဘက်လက်ဖြင့် လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

'ဝုန်း'

'အင့်'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။ မသဲမကွဲ ညည်းညူသံနှင့်အတူ လက်ာသမားမှာ အနောက်ဘက်သို့ လွင့်စင်ထွက်သွားသည်။

'ဟာ'

အစ်ကိုကြီးတို့ လူစု လွတ်ခနဲ အော်လိုက်ကြသည်။ ကြိမ်တုတ်က လက်ာသမားကို ပြေး၍ ပွေ့ထူလိုက်ရသည်။

လက်ာသမား၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေပါ၏။ လက်ာသမားမှာ မျက်လုံးပင် မဖွင့်နိုင်တော့ဘဲ အသက်မှျင်းမှျင်း ရှူရှိုက်နေသည်။

**ကျောင်းဖုံးက ယခုလို** ပြင်းပြင်းထန်ထန် တိုက်ခိုက်လာလိမ့်မည်ဟု ကြိမ်**တုတ် မထင်မိချေ**။ လက်ာသမားကိုတစ်လှည့်၊ ကျောင်းဖုံးကိုတစ်လှည့် **တအံ့တသြဖြင့်** ကြည့်နေမိတော့သည်။

ထိုစဉ် **မြွေစိမ်းက**

'သူ့ကို **မလွတ်စေနဲ့**'

အော်ပြောရင်း ကျောင်းဖုံးထံ ခုန်ဝင်သွားသည်။

'သတိထား'

အစ်ကိုကြီးက သတိပေးရင်း လိုက်လာသည်။

စောင်းသမား၊ အရက်အိုးနှင့် ခမောက်တို့လည်း ခုန်ဝင်လာကြသည်။ သူတို့သည် သိုင်းလောကတွင် နာမည်ကြီးသိုင်းသမားများဖြစ်သော်လည်း ကျောင်းဖုံးမှာ မခေမှန်း သိသဖြင့် မပေါ့ဆဝံ့ဘဲ စုပေါင်းတိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ကျောင်းဖုံး အသက်ပြင်းပြင်း ရှူလိုက်သည်။ နောက်ဆုတ်ရှောင်တိမ်းသွားရန် လုံးဝ စိတ်မကူးချေ။



ရှဲ့တောင်း သင်ကြားပေးလိုက်သည့် သိုင်းကွက်များ အသုံးပြုကာ ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

မြေတလင်းပေါ်ဝယ် ပြင်းထန်သော တိုက်ပွဲတစ်ခု ပေါ်ပေါက်လာလေသည်။ ရှေ့ဆုံးမှ ပြေးဝင်လာသည့် မြွေစိမ်း၏ တိုက်ကွက်ကို ရှောင်တိမ်းလိုက်ပြီး ကပ်လျက်ပါလာသည့် အစ်ကိုကြီးထံ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

တဖန် ခန္ဓာကိုယ် ချာခနဲ လှည့်ကာ စောင်းသမားနှင့် ရင်ဆိုင်လိုက်၏။ စောင်းသမားက လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည် တိုက်ခိုက်လိုက်သည်။

ကျောင်းဖုံးက စောင်းသမားနှင့် တိုက်ခိုက်ရင်း ခမောက်အား ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။ ခမောက်တို့ လူစုသည် လူစုလူဝေးဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်ပါသော်လည်း ကျောင်းဖုံး မြေပေါ် လဲကျသွားစေရန် မတတ်နိုင်ခဲ့ကြချေ။

ကျောင်းဖုံး၏ ပြန်လည်တုံ့ပြန်မှုကို ခံလိုက်ရသောအခါ တခဏအတွင်း ဖရိုဖရဲ ဖြစ်သွားကြရလေတော့သည်။

'နောက်ဆုတ်စမ်း'

**အစ်ကိုကြီး**၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကျန်လူများ ကပျာကယာ နောက်ဆုတ်လိုက်သည်။ ကျောင်းဖုံးအား ဝိုင်းရံထားသည့် အနေအထားမှ အစ်ကိုကြီးက

'ဒီကောင်လေးဟာ နေမင်းသူရိန်ကျင့်စဉ်ကို တတ်မြောက်ထားတယ်ကွ၊ သူ့ကို ဒီအတိုင်း တိုက်ခိုက်လို့ မဖြစ်ဘူး၊ လက်နက်တွေ ထုတ်ကြဟေ့'

**ထိုအခါ ကျန်လူများသည် လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်**

ကြသည်။ စောင်းသမားသည် ကျော၌ လွယ်ထားသော စောင်းကို ထုတ်ယူကာ မြေပေါ် ထိုင်ချလိုက်၏။

ခမောက်နှင့် အရက်အိုးတို့ကလည်း သူတို့၏ လက်နက် သဖွယ်ဖြစ်သော ခမောက်နှင့် အရက်အိုးတို့ကို ကိုင်ကာ ရှေ့သို့ လှမ်း ထွက်လာ၏။ အစ်ကိုကြီးနှင့် မြွေစိမ်းကလည်း ကျင်းဖုံး၏ ဝဲဘက် တစ်ဖက်တစ်ချက်မှ ချဉ်းကပ်လာကြသည်။

အစ်ကိုကြီးက

'အားလုံး အသင့်ပြင်'

အမိန့်ပေးလိုက်လေသည်။ မြွေစိမ်းကို မျက်ရိပ်ပြလိုက်ပြီး

'တိုက်ကြပော့'

အော်ပြောရင်း ကျင်းဖုံးထံ ပြေးဝင် တိုက်ခိုက်လိုက်ကြ လေ၏။ မြွေစိမ်းသည် သီချင်းတစ်ပုဒ် စ၍ ဆိုလေသည်။

သူမ၏ အသံမှာ ချိုသာသည်။ နားဝင်ပီယံရှိသည်။ သို့သော် အတန်ကြာသောအခါ မြွေတွန်သံကဲ့သို့ပင် စူးရှသေးငယ်သောအသံ ထွက်ပေါ်လာသည်။

သံစဉ်အနိမ့်အမြင့်မရှိ မရပ်မနား တရစပ် ထွက်ပေါ်လာခြင်း ဖြစ်လေတော့သည်။

ရုတ်တရက်မို့ ကျင်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။ နားထဲ သံချွန်ဖြင့် အထိုးခံရသလို မခံမရပ်နိုင် ဖြစ်သွားရသည်။

ထိုစဉ်မှာပင် စောင်းသမားကလည်း စတင် လှုပ်ရှားလာ သည်။ စောင်းကို အားပါးတရ တီးခတ်လိုက်သည်။

ဆူဆူညံညံအသံများ ရုတ်ချည်း ထွက်ပေါ်လာသည်။ စား သောက်ဆိုင်များ အခန်းအနားများ၌ သီဆိုတီးမှုတ်သည့် သာယာ



နာပျော်ဖွယ်ကောင်းသည့် တူရိယာအသံမျိုး မဟုတ်ဘဲ အသုဘအခမ်း အနားတစ်ခုတွင် တီးမှုတ်သည့် ဆူဆူညံညံ အသံများ ဖြစ်နေသည်။

သို့တစေ ဝမ်းနည်းကြေကွဲစရာ ကောင်းသည့် အသံမျိုးလည်း မဟုတ်ပါ။ ရူးသွပ်နေသူများ စုပေါင်းကာ တီးချင်ရာ တီးခတ်နေ သည့်သဘောမျိုး ဖြစ်နေပေတော့သည်။

ကျင်းဖုံး၏ မျက်နှာ ရှုံ့မဲ့သွားသည်။ ဆူဆူညံညံအသံများ နားမခံသာအောင် ထွက်ပေါ်လာခြင်းကြောင့် လက်ဝါးဖြင့် နားနှစ် ဖက်ကို ပိတ်ဆို့ထားလိုက်မိသည်။

ထိုအချိန်မှာပင် အခွင့်အရေး စောင့်ဆိုင်းနေသည့် အစ်ကိုကြီး နှင့် မြွေစိမ်းတို့သည် ကျင်းဖုံးအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်လာပြီး ဓားကိုယ်စီဖြင့် တိုက်ခိုက်လာကြလေတော့သည်။

ကျင်းဖုံး ရင်ထိတ်သွား၏။ ကပျာကယာ နောက်ဆုတ် ရှောင် တိမ်းလိုက်၏။ ကျင်းဖုံး နောက်ဆုတ်လိုက်သည်နှင့် ခမောက်နှင့် အရက်အိုးတို့သည် ရှေ့သို့ ခုန်ဝင်လာကြပြီး ကျင်းဖုံး၏ ကျောပြင်ကို တိုက်ခိုက်လိုက်ကြသည်။

ကျင်းဖုံး မျက်လုံးပြူးသွား၏။ ကပျာကယာ မြေပေါ်ခြေ ဆောင့်ကာ လေထဲ ကျွမ်းပစ်ရင်း ရှောင်တိမ်းလိုက်ရသည်။ ထိုအခိုက် မှာပင်

'ဒိုး'

မြည်သံနှင့်အတူ ခမောက်မှာ မွတ်နေအောင်လည်ရင်း ကျင်းဖုံး ခုန်ထွက်လာရာ နောက်သို့ တစ်ဟုန်ထိုး လိုက်ပါပစ်လွှင့် လာတော့သည်။

ခမောက်၏ အနားများမှာ ဓားသွားပမာ မြည့်နေအောင်

ထက်ပြီး ချာချာလည်နေသဖြင့် ထိမိရင် သက်သာမည် မဟုတ်ချေ။

ကျင်းဖုံးမှာ ချက်ချင်းပင် အောက်ဘက် ခုန်ဆင်းလိုက်ရ၏။ အစ်ကိုကြီးက

'မလွတ်စေနဲ့'

အော်ပြောရင်း ကျင်းဖုံး ခုန်ဆင်းလာသည့် နေရာသို့ ပြေးဝင်ရောက်ရှိလာပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်၏။ သူတို့ လူစုအကွက်စေ့စေ့ တိုက်ခိုက်လိုက်ရာ ကျင်းဖုံးမှာ ရှောင်တိမ်းရန် အချိန်မရတော့ပါချေ။

'ဝုန်း'

**ကျယ်လောင်သော မြည်သံနှင့်အတူ အဝေးသို့ လွင့်စင်သွားတော့သည်။**

**'တိုက်ကြ'**

**အစ်ကိုကြီးအားရဝမ်းသာ အော်ဟစ်ကာ ကျင်းဖုံးထံ ပြေးဝင်တိုက်ခိုက်လိုက်၏။ ကျန်လူများကလည်း ထောင့်အသီးသီးမှ ပြေးဝင်လာကြပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေတော့သည်။**

ကျင်းဖုံးမှာ အစ်ကိုကြီး၏ ခြေထောက်ကန်ချက်ကြောင့် လွင့်စင်ကာ မြေပေါ် ပြုတ်ကျသွားပါ၏။ အစ်ကိုကြီးတို့ လူစုက အလွတ်မပေးဘဲ ဆက်တိုက် တိုက်ခိုက်လာသဖြင့် ထရပ်ဖို့ပင် အချိန်မရတော့ဘဲ မြေပေါ် လိမ့်ကာ ရှောင်တိမ်းလိုက်ရ၏။ မမျှော်လင့်ဘဲ စာပေသမားကို ပွေ့ပိုက်ထားသည့် ကြိမ်တုတ်အနီးသို့ ရောက်ရှိသွားလေသည်။

ကြိမ်တုတ်က လက်ဘသမားကို မြေပေါ်ချထားလိုက်ပြီး သူမ၏ လက်နက်ဖြစ်သော ကြိမ်တုတ်ကို ဆွဲကိုင်ကာ ရိုက်ချလိုက်



၏။ ကျင်းဖုံး၏ ဦးခေါင်းသို့တည်း။

'သေပေတော့'

လူထူးဆန်း ခုနှစ်ယောက်သည် စုပေါင်းအင်အားဖြင့် ကျင်းဖုံးအား သုတ်သင်ရှင်းလင်းပစ်ရန် ပြင်းပြင်းထန်ထန် ကြိုးစားနေကြပြီဖြစ်ပါသည်။

ကျင်းဖုံး ဒေါသထွက်သွား၏။ နဂိုကတည်းကပင် မိမိအပေါ် နိုင့်ထက်စီးနင်း ပြုလုပ်သူများအပေါ် အမုန်းတာတ်ခံ ရှိနေခြင်းကြောင့် တုံ့ပြန်လိုသော ကြမ်းကြုတ်သော စိတ်များဖြစ်ပေါ်လာသည်။

မြေပေါ်လိမ့်ရင်း ခါးမှ ဓားကို ဆွဲထုတ်ကာ ခုန်ဝင်လာသည့် ကြိမ်တုတ်ထံ ပစ်ပေါက်လိုက်၏။ တစ်ဆက်တည်းပင် ရိုက်ချလာသည့် ကြိမ်ထုတ်ကို ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်သည်။

'ဒုတ်'

'အွန့်'

'ဖြောင့်'

ဆူဆူညံညံအသံများ ဆက်တိုက် ထွက်ပေါ်လာ၏။ ကြိမ်တုတ်မှာ ကျင်းဖုံး၏ ခြေထောက်ကန်ချက်ကြောင့် ထက်ပိုင်းကျိုးသွားလေသည်။

ထို့အတူ ကျင်းဖုံး ပစ်ပေါက်လိုက်သည့် ဓားမှာ နီးကပ်စွာ ရှိနေသည့် ကြိမ်တုတ်၏ ရင်ဝကို နက်ရှိုင်းစွာ ထိုးဖောက်ဝင်သွားလေတော့သည်။

ကြိမ်တုတ်သည် မသဲမကွဲ ညည်းညူကာ မြေပေါ် လဲကျသွား၏။ ကျင်းဖုံးလည်း ကပျာကယာ ခုန်ထလိုက်လေသည်။

ကြိမ်တုတ်ခံလိုက်ရသည်ကို တွေ့မြင်ရလျှင် ဒဏ်ရာရထား

သည့် လက်ဘသမားသည် မနေနိုင်တော့ချေ။ မြေပေါ်မှ လူးလိမ့်ထကာ စုတ်တံဖြင့် ဝှေ့ယမ်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ယခုတစ်ကြိမ်တော့ ကျင်းဖုံး အလွတ်မပေးတော့ချေ။

'ယား'

ညာသံပေးကာ လက်ဘသမားထံ ခုန်ဝင်သွားပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။ သူ၏ ခြေထောက်ကန်ချက်သည် လက်ဘသမား၏ မေးစေ့ကို တည့်တည့်မတ်မတ် ကန်ကျောက်မိသည်။

'ခွပ်'

'အင့်'

လက်ဘသမား မသဲမကွဲ ညည်းညူကာ ဦးခေါင်းနောက်ပြန်လဲကျသွား၏။ မြေပေါ်လဲကျသွားပြီး မလှုပ်တော့ချေ။ လက်ဘသမားနှင့် ကြိမ်တုတ်တို့ မရှူမလှ ခံလိုက်ရသည်ကို မြင်လျှင် အစ်ကိုကြီး ထိတ်လန့်သွား၏။ မြွေစိမ်းက တုန်လှုပ်စွာ ပြောကြားသည်။

'သူ သူဟာ မကောင်းဆိုးဝါးတစ်ကောင်ပါပဲ'

အစ်ကိုကြီး မျက်နှာမည်းမှောင်နေပါသည်။ အံတင်းတင်းကြိတ်ရင်း

'ဒီကနေ့ မင်းကိုသတ်ရမှ ကျေနပ်မယ်'

အော်ငေါက်ရင်း ကျင်းဖုံးထံ ပြေးဝင်သွား၏။ ကျန်လူများလည်း ပြေးလိုက်လာကြသည်။ သူတို့သည် တစ်ယောက်မကျန် သေဆုံးသွားသည်ထိ တိုက်ခိုက်ကြတော့မည်ဟု ထင်ရှားပေတော့သည်။

ကျင်းဖုံး ပြန်လည်ခုခံလိုက်၏။ ကျင်းဖုံး ပြန်လည် တိုက်ခိုက်လိုက်သော သိုင်းကွက်များလည်း ထက်မြက်ပြီး ကြမ်းတမ်းလှသည်။



'ဝုန်း'

'အား'

'အမလေး'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ အစ်ကိုကြီးတို့ လူစု ဖရိုဖရဲဖြင့် နောက်ဆုတ်သွားကြရ၏။

လူတိုင်းကိုယ်စီ ဒဏ်ရာရရှိသွားကြလေသည်။ ထို့အတူပင် ကျင်းဖုံး၏ ဝဲဘက်ပခုံးနှင့် လက်မောင်းတွင် ဒဏ်ရာ ရသွား၏။

အဝတ်အစား စုတ်ပြဲကာ နီရဲသော သွေးများ စီးကျလာသည်။ ကျင်းဖုံးက ဒဏ်ရာကို အမှုမထားဘဲ မားမားမတ်မတ် ရပ်လျက် ရှိနေသည်။

အစ်ကိုကြီးတို့ လူစု အံတင်းတင်း ကြိတ်လိုက်ကြလေသည်။ ထိုစဉ်မှာပင်

'ခွပ်ခွပ် ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။ မြင်းစီးသမားတစ်ယောက်သည် တောင်ကြားအတွင်းသို့ ဒုန်းစိုင်း စီးနင်းဝင်ရောက်လာနေသည်။ အစ်ကိုကြီး မျက်နှာ ပျက်သွားသည်။

'သတိထား'

သူ၏ အဖော်များကို လှမ်းပြီး သတိပေးလိုက်၏။ ထိုစဉ်မှာပင် ဒုန်းစိုင်းဝင်လာသည့် မြင်းစီးသမားသည် အစ်ကိုကြီးတို့လူစုထံ ဦးတည်ကာ တိုးဝင်သွားပြီး တိုက်ခိုက်လိုက်သည်။

အစ်ကိုကြီး ဒေါပွသွားသည်။

'သေပေတော့'

အော်ငေါက်ရင်း မြေပေါ်ခြေဆောင့်ကာ လေထဲ ခုန်တက်

လိုက်ပြီး မြင်းစီးသမား၏ ဦးခေါင်းကို ကန်ကျောက်လိုက်လေသည်။ မြင်းစီးသမားက ရှောင်တိမ်းခြင်းမပြုဘဲ လက်ထဲကိုင်ထားသည့် မြင်းနှင်တံဖြင့် ရိုက်ချလိုက်လေသည်။

'အား'

အစ်ကိုကြီး စူးရှစွာ အော်ဟစ်ကာ မြေပေါ် ဝုန်းခနဲ ပြုတ်ကျသွား၏။

'အစ်ကိုကြီး'

မြွေစိမ်းနှင့် အရက်အိုးတို့ ပြေး၍ ပွေ့ထူလိုက်ကြသည်။ မြင်းစီးသမားသည် ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကျင်းဖုံးဘက်လှည့်ကာ

'ခင်ဗျား ဘာလုပ်နေတာလဲ'

လှမ်းပြောလေသည်။ ကျင်းဖုံးအား ရှောင်တိမ်းသွားရန် သတိပေးလိုက်ခြင်းဖြစ်သည်။ ကျင်းဖုံးက လုံးဝ မလှုပ်ဘဲ ခေါင်းမာမာဖြင့် ရပ်နေသည်။

လူထူးလူဆန်း ခုနစ်ယောက်နှင့် ပြတ်ပြတ်သားသား ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ထားပြီးပြီ ဖြစ်သည်။ အစ်ကိုကြီး၏ ခြေထောက်မှာ မြင်းနှင်တံဖြင့် ရိုက်ချခြင်း ခံရသဖြင့် အရိုးအက်သွားပြီး ကောင်းစွာ မထောက်နိုင်တော့ချေ။

သူတို့လူစု မရှုမလှ ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ခမောက်နားလည်သဘောပေါက်သွားသည်။ ထို့ကြောင့်

'သွားစို့'

အော်ပြောကာ အစ်ကိုကြီးကို ပခုံးပေါ်ထမ်းကာ ပြေးထွက်သွားတော့သည်။ အရက်အိုး၊ မြွေစိမ်းနှင့် စောင်းသမားတို့ တစ်ယောက်



ကို တစ်ယောက် ကြည့်လိုက်ကြသည်။ စောင်းသမားက ခက်ထန်စွာ ပြောလိုက်၏။

'လက်ဘာသမားနဲ့ ကြိမ်တုတ်ကို ခေါ်သွားပါ'

အရက်အိုးနှင့်မြွေစိမ်းတို့က ကြိမ်တုတ်နှင့် လက်ဘာသမားတို့ထံ ပြေးသွားပြီး ထမ်းပိုးလိုက်ကြ၏။ ထို့နောက် ခမောက်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

စောင်းသမားတစ်ယောက်တည်း ကျန်ရစ်ခဲ့ပါသည်။ စောင်းသမား အံတင်းတင်း ကြိတ်လိုက်သည်။ သူ၏ လက်နက်ဖြစ်သော စောင်းကို ကိုင်ကာ ကျင်းဖုံးနှင့် မြင်းစီးသမားထံ လှမ်းသွားသည်။

မြင်းစီးသမား ခေါင်းယမ်းလိုက်သည်။ လက်တစ်ဖက် ဇွေ့ယမ်းလိုက်သည်။ ထိုအခါ

'ဒေါင်'

မြည်သံနှင့်အတူ စောင်းမှ ကြိုးတစ်ချောင်း ပြတ်သွားသည်။ စောင်းသမား ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ မြင်းစီးသမားကို စေ့စေ့ကြည့်ပြီး ချာခနဲ လှည့်ကာ ထွက်ပြေးသွားလေတော့သည်။

✳✳✳

## အခန်း (၈)
## နာကျည်းစရာ အတိတ်ဘဝ

မြင်းစီးသမား ကျယ်လောင်စွာ ရယ်မောလိုက်သည်။

'ဟား ဟား ဟား ဟား ဟား ဟား'

သူ၏ ရယ်သံ တောင်ကြားအတွင်းဝယ် ဟိန်းထွက်လာသည်။

မြင်းစီးသမားမှာ ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်ဖြစ်သည်။

သူ့အားမြင်းနှင်တံနှင့် ပစ်ခဲ့သည့် လူရွယ်ဖြစ်ကြောင်း ကျင်းဖုံး မှတ်မိသည်။

ထိုလူရွယ်က ရယ်မောနေသော်လည်း ကျင်းဖုံးက လုံးဝ ရယ်မောခြင်းမပြုဘဲ ခပ်တည်တည် ရပ်နေသည်။

လူရွယ်သည် သဘောကျစွာ ရယ်မောပြီးမှ ကျင်းဖုံးဘက်သို့ လှည့်ကာ ပြောသည်။



'သူတို့က နေရာတကာ ဝင်ရှုပ်တယ်ဗျာ၊ သူတို့ရဲ့ စုပေါင်းသိုင်းပညာကို ဘယ်သူမှ မယှဉ်နိုင်ဘူးဆိုပြီး ဘဝင်မြင့်နေကြတာ၊ ဘယ်တော့မှ မှားတယ် မှန်တယ် မစဉ်းစားကြဘူး၊ ထင်ရာ စွတ်လုပ်တတ်တဲ့ လူတွေဗျ'

ကျင်းဖုံး ဘာမျှ မပြောဘဲ လူရွယ်ကို စိုက်ကြည့်နေ၏။ လူရွယ်က မေး၏။

'ကျုပ်နာမည် ရှမ်းချီ လို့ ခေါ်ပါတယ်၊ မိတ်ဆွေကကော'

ကျင်းဖုံးကား ငြိမ်နေဆဲ။

လူရွယ်(ဝါ)ရှမ်းချီက

'ခင်ဗျားကို ချောက်တွန်းတဲ့သူဟာ ပျော်စရာတောင်ကြားက လူဆိုတာ ကျုပ် နောက်ပိုင်းမှ သိရတာ၊ ဒါကြောင့် ကူညီဖို့ လိုက်လာခဲ့တာပဲ၊ ပျော်စရာ တောင်ကြားက လူတွေဟာ မကောင်းတဲ့လူတွေချည်းပဲ၊ အံ့သြစရာကောင်းတယ်၊ တောင်ကြားထဲမှာ ဘယ်သူ့ကိုမှ မတွေ့ရဘူးဗျ'

ကျင်းဖုံးက မေးလိုက်သည်။

'ကျုပ် ဒီနေရာကို ရောက်လာတာ ခင်ဗျား ဘယ်လိုလုပ်သိတာလဲဗျ'

'ခင်ဗျားကို ချောက်တွန်းခဲ့တဲ့လူ ပျောက်သွားသလို ခင်ဗျားလည်း ပျောက်သွားတယ်လေ၊ ပြီးတော့ ခင်ဗျားဟာ လက်ာသမားရဲ့ အဆိပ်အပ်ထိသွားတယ်ဆိုတော့ ပျော်စရာတောင်ကြားထဲ ရောက်သွားမှာပဲလို့ တွေးမိတာပေါ့'

ကျင်းဖုံး မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် ဒီနေရာဟာ ပျော်စရာ တောင်ကြားပေါ့ ဟုတ်လား'

'ဟုတ်တာပေါ့ဗျာ'

ကျင်းဖုံးသည် ဟိုဟိုသည်သည် အကဲခတ် ကြည့်လိုက်၏။

ရှမ်းချီက ဆက်ပြောလေ၏။

'လူထူးလူဆန်း ခုနစ်ယောက် လုပ်တာနဲ့ ခင်ဗျားဟာ နေမင်းသူရိန်သိုင်း ကျင့်စဉ်ရထားတယ်လို့ သတင်းပျံ့နေပြီ၊ သိုင်းလောကသားတွေက ခင်ဗျားနောက်ကို စုပြုံ လိုက်ကြတော့မှာပဲ'

ကျင်းဖုံး မဲ့ပြုံး ပြုံးလိုက်သည်။

ရှမ်းချီက ပြောလေသည်။

'ကျုပ်အဖေဟာ သိုင်းလောကကို မွေနှောက်ခဲ့တဲ့ သွေးဓားနောက်ကို သူ့ရဲ့ မိတ်ဆွေတစ်စုနဲ့ ရောက်သွားခဲ့တယ်၊ မြောက်ဘက်တောင်တန်းကို ရောက်သွားပြီး အခုထိ အိမ်ပြန်မလာတော့ဘူး၊ ဖေဖေဟာ သွေးဓားရဲ့ လက်ချက်မိသွားပြီလို့ ကျုပ် ယုံကြည်ထားတယ်'

ကျင်းဖုံး မျက်နှာ ပျက်သွား၏။

ရှမ်းချီကို ကြည့်ကာ

'ခင်ဗျားအဖေက ဘယ်သူလဲ'

မေးလိုက်လေသည်။

ရှမ်းချီက ပြောလိုက်၏။

'ကျုပ်အဖေနာမည်က ရှမ်းတုံးလို့ ခေါ်ပါတယ်'

ကျင်းဖုံး မျက်မှောင်ကြုတ်သွားသည်။

'ရှမ်းတုံး'

တီးတိုးရေရွတ်မိလေသည်။

ရှမ်းချီ ခေါင်းညိတ်ကာ



'ဟုတ်တယ်၊ သွေးဓားဟာ အင်မတန် ကြောက်စရာ ကောင်းပါတယ်။ သူဟာ သိုင်းပညာ ထက်မြက်သလို ဉာဏ်များတယ်၊ ရက်စက်ကြမ်းကြုတ်တယ်၊ သွေးဓားကြောင့် ဒုက္ခရောက်ခဲ့ကြသူတွေ မရေတွက်နိုင်အောင် ရှိခဲ့တယ်။ ကျုပ်ကိုပဲ ကြည့်လေ၊ ကျုပ်ဟာ မိဘမဲ့ဘဝကို ငယ်စဉ်ကလေးဘဝကတည်းက ကြုံတွေ့ခံစားခဲ့ရတာပေါ့'

ပြောလိုက်လေသည်။

'မိဘမဲ့'

မိဘမဲ့ကလေးဘဝ ဆိုသည့် စကားသည် ကျင်းဖုံး၏ အသည်းနှလုံးသို့တိုင် ရိုက်ခတ်လာလေသည်။

မိဘမဲ့ ကလေးဆိုသည့် စကားကို ထပ်ကာတလဲလဲ ရေရွတ်နေမိသည်။

သူကိုယ်တိုင် မိဘမဲ့ ကလေးတစ်ယောက် ဖြစ်ခဲ့သည် မဟုတ်ပါလား။

မိဘမဲ့ဟူသော စကားမှာ နားထောင်၍ မကောင်းသလို အလွန်ဆိုးရွားသော ဘဝလည်းဖြစ်သည်။

မိဘနှစ်ပါး၏အဖြစ်ကို လည်း ပြန်လည်မြင်ယောင်မိလာတော့သည်။

နေခြည်ဖြာကျနေသည်။

အလယ်ပိုင်းဒေသရှိ ကျေးရွာကလေး တစ်ရွာမှာ လယ်ကွင်းများ ပိုင်းရုံလျက် ပဏာတင့်လျက် ရှိသည်။

စိမ်းလန်းသော သစ်တောများ ဖုံးလွှမ်းနေသည်။

ရွာနံဘေးမှ ဖြတ်ကာ ကွေ့ကွေ့ကောက်ကောက် စီးဆင်းသွားသည့် ချောင်းကလေးရှိနေ၏။

ရွာသူရွာသားများသည် လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး အားလပ်ချိန်တွင် အချို့က ချောင်းရိုးတစ်လျှောက် ငါးရှာကြ၏။

အချို့က တောထဲသွားကာ အမဲလိုက်ကြသည်။

စားဝတ်နေရေး ပူပင်ကြောင့်ကြစရာ မရှိသဖြင့် ရွာသူရွာသား များ ပျော်ပျော်ရွှင်ရွှင် ရှိကြသည်။

ရွာသူကြီးမှာ ကျင်းစန်းဆိုသူ ဖြစ်သည်။

ကျင်းစန်းသည် ဉာဏ်ပညာနှင့် ပြည့်စုံပြီး အမှုကိစ္စအဝဝကို တရားမျှတစွာ စီရင်ဆုံး ဖြတ်တတ်ခြင်းကြောင့် ရွာသူရွာသားများ၏ ကြည်ညိုလေးစားမှု ခံရပေ သည်။

ကျင်းစန်း၏ အုပ်ချုပ်မှုအောက်တွင် ရွာသူရွာသားများ စည်းစည်းလုံးလုံး ရှိကြပြီး အငြင်းပွားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း မရှိသလောက်ပင်။

ရွာသူကြီး ကျင်းစန်း၏ ဇနီးဝါးမေမှာလည်း သဘောမနောကောင်းလှသူ ဖြစ်ပေသည်။

ကျင်းစန်းနှင့် ဝါးမေတို့သည် အလုပ်ကြိုးစားပြီး အများအကျိုး ရှေ့တန်းတင် ဆောင်ရွက်ကြသူများ ဖြစ်၍ ကျေးရွာတွင် စံပြ ဇနီးမောင်နှံဟုပင် ချီးမွမ်းခြင်း ခံရသည်။

သူတို့၏ဘဝသည် သာယာပျော်ရွှင်မှုအပေါင်းဖြင့် ပြည့်စုံခဲ့သော်လည်း အစဉ်တည်မြဲခြင်း မရှိချေ။

ပြောင်းလဲတတ်သော လောကဓမ္မတာအရ သားကလေး ကျင်းဖုံးကို မွေးဖွားပြီးနောက်ပိုင်းတွင် ကြမ္မာဆိုးများနှင့် စတင်ကြုံတွေ့ခဲ့ရလေတော့သည်။



ဘဝဆိုး၏ အစကား။

ကျေးရွာကလေးသို့ သူဌေးလီကျုံး ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။

သူဌေးကြီးလီကျုံးသည် ကျေးရွာကလေးတွင် အခြေချသည့်အနေဖြင့် ကုန်စုံဆိုင်ကြီးတစ်ဆိုင် စတင် ဖွင့်လှစ်ခဲ့သည်။

စားသောက်ကုန်မှ အစပြုကာ အထည်အလိပ်၊ လူ့အသုံးအဆောင်ပစ္စည်းအစုံ၊ လယ်ယာသုံးပစ္စည်း၊ အမဲလိုက်ရာ၌ အသုံးပြုသည့်ပစ္စည်း၊ ငါးဖမ်းပိုက်လှေစသည့် တန်ဖိုးများသည့် ပစ္စည်းများကို ဈေးချိုချိုဖြင့် ရောင်းချသည်။

သူ၏ ဆိုင်၌ ပစ္စည်းမှန်မှန်ဝယ်သည့် ဖောက်သည်များကို လက်ဆောင်ပစ္စည်းများလည်း ပေးသည်။

သူဌေးလီကျုံး၏ ဆိုင်ဖွင့်သည့်အတွက် ရွာသူရွာသားများ သာမက ရွာသူကြီး ကျင်းစန်း ကိုယ်တိုင် ကျေနပ်ဝမ်းသာမိသည်။

သို့သော် သူဌေးကြီး လီကျုံး၏ဆိုင်ဖွင့်ပြီး ခြောက်လခန့် အကြာတွင် ကျေးရွာတွင် နဂိုရှိနှင့်နေသည့် ဈေးဆိုင်ကလေးများ တစ်ဆိုင်ပြီးတစ်ဆိုင်.အရင်းပြုတ်သွားသဖြင့် ကျင်းစန်း စိတ်မကောင်း ဖြစ်ရသည်။

သူဌေးကြီးလီကျုံးနှင့် ပတ်သက်ပြီး ဇနီးသည်နှင့် တိုင်ပင် ဆွေးနွေးခဲ့ရသည်အထိပင်။

'ညီမ သူဌေးလီကျုံးက အစ်ကိုတို့ ရွာကလေးမှာ ဈေးဆိုင်လာဖွင့်တာကို ညီမ ဘယ်လို သဘောရသလဲ'

ကျင်းစန်းက မေးသည်။ ဝါးမေက

'ကောင်းသားပဲ ဘာဖြစ်လို့လဲ အစ်ကို'

'ရွာထိပ်က အဒေါ်ကြီးဝူရဲ့ ဆိုင်ကလေး ပိတ်လိုက်ရပြီ၊ သူ့ဆိုင်မှာ ရောင်းမကောင်းတော့လို့ အရင်းပြုတ်သွားပြီလို့ ပြောသံကြားရတယ်၊ အဒေါ်ကြီးဝူဟာ မုဆိုးမကြီးတစ်ယောက် မဟုတ်လား၊ ဈေးဆိုင်ကို မှီပြီး စားသောက်နေရတယ်၊ ဈေးမရောင်းနိုင်တော့ဘူးဆိုတော့ ဒုက္ခရောက်ပြီပေါ့'

ဝါးမေ၏ မျက်နှာ ညှိုးသွားသည်။

'အင်း ဒီကိစ္စ ညီမလည်း ကြားပါတယ်၊ စိတ်မကောင်းဖြစ်မိတာ အမှန်ပါပဲ၊ ဒါပေမယ့် ညီမတို့အနေနဲ့ သူဌေးကြီး လီကျုံးကို ဈေးမရောင်းရဘူးလို့ တားမြစ်ပိတ်ပင်နိုင်တာမှ မဟုတ်ဘဲ'

'ဒါကြောင့် ခက်နေတာပေါ့'

'သူဌေးကြီးလီကျုံးက ပစ္စည်းတွေကို ဈေးလျှော့ရောင်းတယ်၊ ဖောက်သည်တွေကို လက်ဆောင်တွေလည်း ပေးတယ်၊ ပိုက်ဆံ မပြေလည်တဲ့လူတွေကို အကြွေးရောင်းပေးပြီး သိပ်များလာတဲ့အခါ လျှော်ပစ်လိုက်တယ်၊ သူ့ရဲ့ လုပ်ရပ်ဟာ ရုတ်တရက်ကြည့်ရင် သိပ်ကောင်းပေမယ့် ရေရှည် ကောင်းနိုင်မှာ မဟုတ်ဘူးဆိုတာ အစ်ကို တွက်မိတယ်'

ဝါးမေက မေးလာလေ၏။

'အစ်ကို ဘာတွေများ စဉ်းစားမိထားလို့လဲ၊ ညီမကို ပြောပြပါဦး'

ကျောင်းစန်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

'ညီမ စဉ်းစားကြည့်လေ၊ သူက ဈေးလျှော့ရောင်းတာကြောင့် တခြားဆိုင်တွေမှာ ဝယ်သူမရှိတော့လို့ တဖြည်းဖြည်း အရင်းပြုတ်ကုန်ကြတယ်မဟုတ်လား၊ နောက် တစ်လလောက်ကြာရင် ရွာထဲမှာ သူဌေး



လီကျုံးရဲ့ ဆိုင်တစ်ဆိုင်ပဲ ကျန်တော့မယ်၊ တစ်ရွာလုံးလိုလိုဟာ သူ့ဆီက အကြွေးယူဖူးတဲ့လူချည်း ဖြစ်နေတော့မယ်၊ ဒီအခါကျမှ သူက ကုန်ပစ္စည်းတွေကို တဖြည်းဖြည်း ဈေးမြှင့်တင်ပြီး အရှုံးခံခဲ့သမျှ အမြတ်ပြန်တင်တော့မယ်၊ သူက အမြတ်တင်နေပြီဆိုတာ သိပေမယ့် သူ့ဆိုင်က လွဲပြီး ဝယ်စရာဆိုင်မရှိလို့ သူ့ဆိုင်မှာပဲ ဆက်ပြီးဝယ်နေကြရမှာပါ၊ အကြွေးကိစ္စလည်း ရှိသေးတယ်'

ဝါးမေ မျက်နှာ ပျက်သွား၏။

'ဒီအတိုင်းဆိုရင် သူဌေးကြီး လီကျုံးဟာ တို့ရွာကလေးကို ဖျက်ဆီးတော့မယ့် လူတစ်ယောက် ဖြစ်နေပါရောလား'

'အင်းလေ၊ အစ်ကိုပြောတဲ့အခြေအနေအထိ ရောက်မလာပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ'

ဇနီးမောင်နှံနှစ်ယောက် ရွာကလေး၏ ရှေ့ရေးပူပင်သောက ရောက်နေကြချိန်မှာပင် လူတစ်စု လှမ်းလာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဝါးမေက လှမ်းပြောလေ၏။

'အစ်ကို သူဌေးကြီးလီကျုံးရဲ့ လူတွေ လာနေတယ်'

ကျောင်းစန်း ခေါင်းညိတ်လိုက်သည်။

'ဘာကိစ္စရှိလို့လဲ မသိဘူး၊ ကဲ ညီမ အိမ်ထဲဝင်ပြီး သားလေးကို ကြည့်လိုက်ပါဦး'

'ကောင်းပါပြီရှင်'

သူမသည် အလိုက်သိစွာဖြင့် အိမ်ထဲ ဝင်သွားသည်။

ကျောင်းစန်းက အိမ်ရှေ့သို့ လှမ်းထွက်လိုက်သည်။ ထိုအချိန်တွင် လူတစ်စု ခပ်သွက်သွက် လှမ်းလာကြပြီး အိမ်ရှေ့သို့ ရောက်လာ

ကြသည်။

ယိုလူစုမှာ အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး ဓားကိုယ်စီ ခါးမှာ ချိတ်ထားကြသည်။

သူဌေးကြီးလီကျိုး၏ ကိုယ်ရံ တော်သိုင်းသမားများ ဖြစ်ကြသည်။

ဦးဆောင်လာသူမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထိုလူသည် သူဌေးကြီးလီကျိုး၏ ညာလက်ရုံး ကွမ်းလူဆိုသူ ဖြစ်သည်။

ကွမ်းလူသည် ကျင်းစန်းထွက်လာသည်ကို မြင်သည်နှင့် စကားပြောလေ၏။

'အတော်ပဲ ကျုပ်တို့က ရွာသူကြီးဆီ လာခဲ့တာဗျ'

ကျင်းစန်းက

'ဘာကိစ္စ ရှိနေလို့လဲ'

'အကြွေးကိစ္စတွေပေါ့ဗျာ'

'အကြွေး'

'ဟုတ်တယ်၊ ရွာသားတွေက အကြွေးတွေယူပြီး ပိုက်ဆံတစ်ပြားတစ်ချပ်မှ ပြန်မဆပ်တာ ဘယ်လိုလုပ်မလဲဗျ'

ကျင်းစန်း မျက်မှောင်ကြုတ်သွား၏။

'အကြွေးတောင်းလို့ မရဘူးပေါ့'

'ဟုတ်တယ်၊ ရွာသားတွေက အတော်ဆိုးတယ်ဗျ၊ ယူတုန်းက ယူပြီး ပေးစရာရှိတော့ မပေးချင်ကြဘူး'

'ကျုပ်က ဘာလုပ်ပေးစေချင်သလဲ'



'ခင်ဗျားက ရွာသူကြီးဆိုတော့ ခင်ဗျားပဲ တာဝန်ယူပြီး ဒီကိစ္စကို ဖြေရှင်းပေးစေချင်ပါတယ်'

ကျင်းစန်း ပြုံးလိုက်လေသည်။

'ဒီရွာမှာ စီးပွားရေး လာလုပ်တုန်းက ကျုပ်က ဖိတ်ခေါ်တာ မဟုတ်သလို၊ ဘယ်သူမှ ကျုပ်ကို လာမတိုင်ပင်ခဲ့ကြပါဘူး၊ အကြွေးပေးတော့လည်း ကိုယ့်သဘောနဲ့ကိုယ် ပေးခဲ့ကြတာပါပဲ၊ အခုလို ပြဿနာပေါ်လာမှ ကျုပ်မှာ တာဝန်ရှိတယ်ဆိုပြီး ကျုပ်ခေါင်းပေါ် ပုံချတာ မကောင်းပါဘူး'

ကွမ်းလူက

'ခင်ဗျား ခေါင်းပေါ် ပုံချတာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားက ရွာသူကြီးဆိုတော့ လာပြီး အသိပေးတဲ့သဘောပါ၊ ခင်ဗျား ဖြေရှင်း မပေးနိုင်ဘူးဆိုရင် ကျုပ်တို့ဘာသာ ဖြေရှင်းနိုင်ပါတယ်'

ကျင်းစန်း မကျေမနပ် ဖြစ်သွား၏။

'ဒီရွာမှာ ခင်ဗျားတို့ ထင်သလို လုပ်လို့တော့ မရဘူးဗျာ'

'ဒါဆိုရင် ရွာသူကြီးပဲ တာဝန်ယူ ဖြေရှင်းပေးပေါ့ဗျာ'

'ကျုပ် ရှင်းပေးမယ်'

ကျင်းစန်း ဒေါပွနေစဉ်မှာပင်

'ကွမ်းလူ မင်းက ရွာသူကြီးစိတ်ဆိုးအောင် ဘာတွေ လျှောက်ပြောနေတာလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ အားလုံး လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ ခန္ဓာကိုယ် ဝဝ ဖိုင့်ဖိုင့်ရှိသူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

'ဟင် သူဌေးကြီးလီကျုံး'

ကွမ်းလူတို့ လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ချက်ချင်းပင် လီကျုံးအား ဦးညွှတ်ဂါရဝ ပြုလိုက်ကြလေသည်။

သူဌေးကြီးလီကျုံးကိုယ်တိုင် ရောက်ရှိလာပြီ ဖြစ်ပါသည်။

ပုံပန်းသဏ္ဌာန်ကြည့်ရုံဖြင့် လွန်စွာမှပင် လောဘရမက်ကြီးသောသူ ဖြစ်ကြောင်း သိနိုင်ပေမည်။

လီကျုံးသည် ကျင်းစန်းအား ပြုံးပြပြီး ပြောလိုက်လေ၏။

'မိတ်ဆွေ ရွာသူကြီးခင်ဗျား၊ ကျုပ်ရဲ့ တပည့် ရိုင်းပျမှုအတွက် ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ'

ကျင်းစန်းက တည်ကြည်စွာ ပြောလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားဟာ ဒီရွာမှာ အခြေချမယ်ဆိုရင် ရွာသူရွာသားတွေအကြောင်း အရင်လေ့လာစုံစမ်းပြီးမှ အကြွေးပေးသင့်တယ်၊ ခင်ဗျားရဲ့ စီးပွားရေးလှည့်ကွက်ကြောင့် ရွာသူရွာသားတွေဒုက္ခရောက်ရတာမျိုး ကျုပ် မလိုလားဘူးဗျ'

လီကျုံးက ကပျာကယာ လက်ကာပြသည်။

'ဟာ ကျုပ်လာတာ ဒီကိစ္စ မဟုတ်ပါဘူးဗျာ၊ ဟေ့ ကွမ်းလူမင်း ဘာတွေများ ရွာသူကြီးကို ပြောမိလဲကွ'

'ဟို ဟို အကြွေးကိစ္စပါ သူဌေးမင်း'

'တောက်၊ မင်း တော်တော် အသုံးမကျတဲ့ကောင်ပဲ၊ အကြွေးကိစ္စ ရွာလူကြီးနဲ့ ဘာဆိုင်သလဲကွ၊ အကြွေးမရလို့ ဆုံးသွားလည်း ငါ မခွဲသေးပါဘူးကွာ၊ နောက်နောင် ငါ့ရဲ့ ခွင့်ပြုချက်မရဘဲ ဘာမှ လျှောက်မလုပ်ရဘူး၊ လျှောက်မပြောရဘူး၊ ငါပြောတာ ကြားလား'

'ဟုတ်ကဲ့ပါ သူဌေးမင်း'



ကွမ်းလူ နောက်ဆုတ်သွားလေသည်။ လီကျုံးက ကျင်းစန်းဘက် လှည့်ကာ ပြုံးပြလိုက်သည်။

'မိတ်ဆွေ ရွာသူကြီးခင်ဗျား၊ ကျုပ်လူတွေရဲ့ အလိုက်မသိတတ်မှုကို ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ'

တစ်ဖက်က အလျှော့ပေး တောင်းပန်လာသဖြင့် ကျင်းစန်းလည်း တစ်ဖက်သတ် တင်းမာမနေနိုင်တော့ချေ။

'ရပါတယ်ဗျာ၊ သူဌေးကြီးရဲ့ စီးပွားရေးလုပ်ငန်းလုပ်ပုံဟာ လမ်းလွဲနေတယ်လို့ ကျုပ် ထင်မိတယ်၊ ခုပုံအတိုင်းဆို အရှုံးပေါ်လာလိမ့်မယ်'

'ဟာ၊ ဒါတွေ အရေးမကြီးပါဘူးဗျာ၊ အခု ကျုပ်လာခဲ့တာဟာ ရွာအဝင် လမ်းခွဆုံမှာ စားသောက်ဆိုင်နဲ့ တည်းခိုခန်း တွဲဖက်ဖွင့်ချင်လို့ မိတ်ဆွေဆီက ခွင့်ပြုချက် လာတောင်းတာပါ၊ ရွာသားတွေရဲ့ အကြွေးကိစ္စကို မေ့ထားလိုက်ပါဗျာ'

လီကျုံးသည် နောက်ထပ် လုပ်ငန်းတိုးချဲ့ရန်ပင် တင်ပြလာသည်။

ကျင်းစန်းသည် လီကျုံးအပေါ် နားမလည်နိုင်အောင် ဖြစ်သွားရလေတော့သည်။

'ရွာထိပ် လမ်းခွဆုံမှာ ဖွင့်မယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ခင်ဗျား အရှုံးပေါ်မယ် ထင်တယ်'

'ဟား ဟား ဟား'

လီကျုံး သဘောကျစွာ ရယ်မောလိုက်သည်။ ကြောင်အမ်းအမ်းဖြစ်နေသည့် ကျင်းစန်းကို ကြည့်ကာ

'အရှုံးပေါ်စရာအကြောင်း လုံးဝ မရှိပါဘူး၊ ဒီလမ်းမှာ ခရီးသည်တွေ အမြဲလိုလို ဖြတ်သန်းနေတာပဲ၊ ကျုပ်က ခရီးတစ်ထောက်နားပြီး တည်းခိုချင်လာအောင် ဆွဲဆောင်နိုင်မယ်ဆိုရင် အမြတ်ထွက်လာမှာပါ၊ ရှာသူကြီးကသာ ခွင့်ပြုပါ'

ကျင်းစန်း သက်ပြင်းချလိုက်သည်။

လီကျုံးသည် ရှာသူရှာ သားများအပေါ် အမှန်တကယ်စေတနာရှိသည်ဆိုလျှင် သူ၏ တောင်းဆိုချက်ကို မလိုက်လျောနိုင်စရာအကြောင်းမရှိချေ။

'ကောင်းပြီလေ၊ ခင်ဗျား ကောင်းမယ်ထင်သလိုသာ လုပ်ပါ၊ ရှုံးတာ မြတ်တာ ခင်ဗျား ကိစ္စပဲ၊ ကျုပ် ခွင့်ပြုပါတယ်'

'ဟာ ဝမ်းသာလိုက်တာဗျာ'

လီကျုံး အလွန် ဝမ်းသာသွားပုံ ရသည်။

ထိုအချိန်တွင် အိမ်ထဲမှ ဝါးမေ ကလေးချီပြီး ထွက်လာသည်ကို တွေ့ရလေသည်။

ဝါးမေသည် အသက်သုံးဆယ်ခန့်သာ ရှိသေးပြီး ကလေးတစ်ယောက်မိခင် ဆိုသော်လည်း လှတုန်း ချောတုန်း ဖြစ်ပေသည်။

လီကျုံးသည် ဝါးမေကိုမြင်လျှင် မျက်လုံးကျွတ်ထွက်မတတ်ငေးစိုက်ကြည့်နေ၏။

လီကျုံး၏ အကြည့်ကို ကျင်းစန်း သဘောမကျနိုင်ဘဲဖြစ်သွား၏။

ထို့ကြောင့်

'ကဲ မိတ်ဆွေရဲ့ ကိစ္စ ပြီးပြီဆိုရင် ပြန်နိုင်ပါပြီဗျာ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။



ထိုအခါမှ လီကျုံးလည်း သတိဝင်လာပြီး

'ကျေးဇူးပါပဲဗျာ၊ ကျုပ် ပြန်လိုက်ပါဦးမယ်'

ထွက်ခွာသွားရန် ခြေလှမ်းပြင်ရင်း လမ်းကြည့်လာသည်။

ဝါးမေကို ပြုံးပြကာ နောက်ဆုံးစကားကို ပြောဖြစ်အောင် ပြောသွားသေး၏။

'ရှာသူကြီးကတော် ကျုပ်ဆိုင်ဘက်ကို လာခဲ့ပါဦး၊ လက်ဆောင်ပစ္စည်း ပေးပါရစေ'

သုံးလဟူသော အချိန် ကုန်ဆုံးသွားချေပြီ။

သုံးလအတွင်း လီကျုံးသည် ကျင်းစန်း၏အိမ်သို့ အခေါက်ခေါက်အခါခါ ရောက်ရှိလာပြီး လက်ဆောင်ပစ္စည်းများ ပေးသည်။

ကျင်းစန်းနှင့်လည်းကောင်း၊ ဝါးမေနှင့်လည်းကောင်း၊ ရင်းနှီးကျွမ်းဝင်မှုရအောင် ကြိုးစား၏။

တစ်ဖက်မှလည်း ရှာထိပ် လမ်းခွဆုံတွင် ကြီးမားသောအဆောက်အအုံကြီးတစ်ခုကို ဆောက်လုပ်ကာ စားသောက်ဆိုင်နှင့်တည်းခိုခန်း တွဲဖက် ဖွင့်လှစ်လိုက်သည်။

ခရီးသွားများသည် သူဌေးကြီးလီကျုံး၏ ရွှေပုံလွှားဟုအမည်ပေးထားသည့် ဆိုင်အနီးသို့ ရောက်လျှင် ဆိုင်ထဲမဝင်ဖြစ်ဘဲမနေနိုင်တော့ချေ။

သူဌေးကြီး လီကျုံးသည် လွန်စွာမှပင် စီးပွားရေးမျက်စိရှိသူဟု ဆိုနိုင်ပေတော့သည်။

သို့သော် သူဌေး လီကျုံး ပြုလုပ်သမျှသည် ကျင်းစန်းအတွက်သဘောမကျစရာများ ဖြစ်လာရတော့သည်။

ယခု ကျင်းစန်းသည် သူဌေးကြီးလီကျုံး၏ ရွှေပုံလွှား စား

သောက်ဆိုင်ဆီသို့ ဦးတည်သွားနေ၏။

သူ၏ ခြေလှမ်းများ သွက်လက် မြန်ဆန်နေ၏။

သူ၏ နှာ့ထဲဝယ် ဧနီးသည်၏ ပြောင်ကားများ ပွဲတင်ထပ်ကာ ကြားယောင်နေမိပါသည်။

'ရွှေပျံလွှားစားသောက်ဆိုင်မှာ လောင်းကစားဝိုင်းတွေ တိတ်တဆိတ် ဖွင့်ထားတယ်၊ အပျော်မယ်တွေလည်း ရှိတယ်လို့ ကြားရတယ်၊ ရွာထဲက လူတွေ တိတ်တိတ်ပုန်း သွားနေကြတယ်ရှင့်၊ သူဌေးကြီးလီကျုံးဟာ ကျွန်မတို့ရွာကလေးကို ဖျက်ဆီးပစ်ဖို့ ရောက်လာတဲ့ မကောင်းဆိုးဝါး တစ်ကောင်ပဲ'

ကျင်းစန်း သက်ပြင်းချလိုက်သည်။

ကြားရသည့် သတင်းစကားအတိုင်း မကောင်းမှုများ ပြုလုပ်နေသည် ဆိုပါက သူ လက်ပိုက်ကြည့်နေနိုင်မည် မဟုတ်ပါချေ။

ကျင်းစန်း ခပ်သွက်သွက် လျှောက်သွားလိုက်ရာ မကြာမီ ရွှေပျံလွှား စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိသွားသည်။

ဆိုင်ရှေ့ရောက်သည်နှင့် ဆိုင်လုလင်တစ်ယောက်က

'ဟင် ရွာသူကြီးပါလား'

မျက်စိမျက်နှာ ပျက်သွားပြီး ရေရွတ်လိုက်သည်။

ခရီးဦးကြိုပင် မပြုနိုင်တော့ဘဲ အတွင်းဘက်သို့ ဝင်သွားသည်။

ကျင်းစန်း မဲ့ပြုံး ပြုံးလိုက်သည်။

'ငါကြားရတဲ့သတင်းတော့ မှန်နေပြီ'

သူသည် စိတ်ထဲ၌ တွေးမိလိုက်သည်။

သူသည် ဆိုင်ထဲ လှမ်းဝင်လိုက်၏။



'ရွာသူကြီး ရောက်လာတာကိုး'

စကားသံနှင့်အတူ ကွမ်းလူ လာနေသည်ကိုတွေ့ရ၏။ ကွမ်းလူ၏ မျက်နှာ တင်းမာခက်ထန်နေသည်။

ကျင်းစန်းက မေးလိုက်၏။

'သူဌေးကြီးလီကျုံးကော'

ကွမ်းလူ ခေါင်းခါယမ်းလိုက်သည်။

'သူဌေးကြီးမရှိဘူး၊ ခင်ဗျားက ဘာကိစ္စကြောင့် တွေ့ချင်ရတယ်ဆိုတာ ပြောပါ'

'ကျုပ်တွေ့ချင်တာက ဒီဆိုင်ကိစ္စပဲ'

ကျင်းစန်းကလည်း ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ကွမ်းလူ မဲ့ပြုံးပြုံးကာ

'ဒီဆိုင်က ဘာဖြစ်နေလို့လဲဗျ'

'ဘာဖြစ်ရမလဲ၊ ဒီဆိုင်မှာ လောင်းကစားဝိုင်းတွေ ဖွင့်ထားသလို၊ အပျော်မယ်တွေလည်း ထားတယ်ဆိုတာ ကျုပ် နိုင်နိုင်မာမာ သတင်းရထားပြီးပြီဗျ'

'ဟား ဟား ဟား'

ကွမ်းလူ သဘောကျစွာ ရယ်မောလိုက်သည်။

ကျင်းစန်း၏ မျက်နှာ တည်သွားသည်။

'ကျုပ်ကို လှောင်ပြောင်ရယ်မောနေစရာ မလိုဘူး၊ ကျုပ်ဟာ ရွာလူကြီးတစ်ယောက်ပဲ၊ ဒီရွာမှာ မကောင်းမှုပြုလုပ်နေတာတွေ့ရင် တားဆီးနိုင်တဲ့ အခွင့်အရေးရှိတယ်၊ ကဲ လမ်းဖယ်ပေးပါ၊ ခင်ဗျားတို့ဆိုင်ကို ကျုပ် စစ်ဆေးရလိမ့်မယ်'

ကွမ်းလူ ခေါင်းယမ်းလိုက်၏။

'ဝမ်းနည်းပါတယ်ဗျာ၊ သူဌေးကြီးရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်သူ့ကိုမှ ထင်သလို စစ်ဆေးခွင့် မပြုနိုင်ဘူး'

ကျင်းစန်း မကျေမနပ် ဖြစ်သွားသည်။

ကွမ်းလူတို့ လူစု ဒုစရိုက်လုပ်ငန်း ပြုလုပ်နေသည်မှာ ထင်ရှားလှသည်။

ထို့ကြောင့်သာ အစစ်ဆေး မခံရဲဘဲ ရှိနေသည် မဟုတ်ပါလော။

ကွမ်းလူက ဝင်ခွင့်မပြုသည့်တိုင် သူက အတင်းဝင်ရောက် စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။

'ခင်ဗျားတို့ ကျုပ်ကို တားဆီးလို့ မရပါဘူး၊ ကျုပ်ဟာ ရွာသူကြီးတစ်ယောက်ဆိုတာ မမေ့ပါနဲ့'

ပြောပြောဆိုဆို ကွမ်းလူကို တွန်းဖယ်ကာ သီးသန့်အဆောင်ဟု ရေးသားထားသည့် အခန်းဘက် ဝင်သွားရန် ဟန်ပြင်လိုက်၏။

ကွမ်းလူ ဒေါပွသွားသည်။

'တောက် သိကြသေးတာပေါ့၊ ဘာ သူကြီးလဲ'

အော်ငေါက်ရင်း သူက စတင် တိုက်ခိုက်လိုက်သည်။

ကျင်းစန်းမှာ သိုင်းပညာ တတ်မြောက်ထားသူ ဖြစ်သည်။ သာမာန်သူကြီး မဟုတ်ပေ။

ထို့ကြောင့် ကွမ်းလူ တိုက်ခိုက်လာသည်နှင့် ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ကြသည်။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။



ကွမ်းလူမှာ ချက်ချင်းပင် နောက်ဆုတ်သွားရလေတော့သည်။

ကျင်းစန်း ပြုံးလိုက်သည်။

သူက ခက်ထန်စွာ ပြောလိုက်၏။

'ခင်ဗျားတို့ လူစုဟာ ခနအင်အား သိုင်းပညာအင်အားနဲ့ ကျုပ်တို့ရွာကလေးကို ထင်သလို ဖျက်ဆီးပစ်လို့ ရမယ် မထင်နဲ့'

ကျင်းစန်းအား ရှင်းပစ်မှ ဖြစ်မည်ဟု တွေးမိသည်။

'ဟေ့ ဘာငိုင်နေကြတာလဲ၊ ဝိုင်းတိုက်ကြစမ်း'

ကွမ်းလူက အမိန့်ပေးလိုက်၏။

ထိုအခါ သူ၏ တပည့်များသည် ကျင်းစန်းထံသို့ ခုန်ဝင်ကြ၏။

'ယား'

'ကျား'

ညာသံပေးကာ ဓားကိုယ်စီ ဆွဲကိုင်ကာ ပြေးဝင်တိုက်ခိုက်လာကြလေတော့သည်။

ကျင်းစန်း အံကြိတ်လိုက်သည်။

အသက်ပြင်းပြင်း ရှူရှိုက်ကာ စိတ်ထဲမှ ပြောလိုက်သည်။

'သိကြသေးတာပေါ့ကွာ'

သူကလည်း ပြန်လည် တိုက်ခိုက်လိုက်သည်။

ဆိုင်ထဲဝယ် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာသည်။ ကျင်းစန်း၏ သိုင်းပညာ ခေသည် မဟုတ်ပါ။

ကွမ်းလူတို့ လူစုသည် လူစုလူဝေးဖြင့် ဝန်းရံတိုက်ခိုက်လိုက်ကြသည် ဖြစ်သော်လည်း ကျင်းစန်းက ခုခံတိုက်ခိုက်နိုင်သည်။

'ဝုန်း'

‘အား’

‘အွန့်’

‘အမလေး’

ရှူးရှူးကျယ်လောင်သော စကားသံများ ထွက်ပေါ်လာသည်။

ကျင်းစန်း၏ တိုက်ခိုက်မှုကြောင့် ကွမ်းလူ၏ တပည့်များ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

‘ဟင်’

ကွမ်းလူ ထိတ်လန့်သွားသည်။

ကျင်းစန်းကို အထင်မသေး ဝံ့တော့ပါ။

သို့သော် ကျင်းစန်းအား ဆုံးမခြင်းမပြုနိုင်လျှင် ဒုက္ခရောက်ရမည်ကို နားလည်သဘောပေါက်ထားခြင်းကြောင့် ဓားတစ်လက်ဆွဲထုတ်ကာ ငေါက်ငမ်းအော်ဟစ်လိုက်၏။

‘သေပေတော့’

ကျင်းစန်းထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

ကျင်းစန်းကလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်သည်။

ကွမ်းလူ၏ ဓားချက်ကို ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်ပေးလိုက်ရာ ဓားသွားမှာ ဝီခနဲ မြည်ကာ ကျင်းစန်း၏ ဦးခေါင်းထက်မှ ဖြတ်ကျော်သွားလေ၏။

ကျင်းစန်းသည် ကွမ်းလူအနီးသို့ လူချင်း ဝင်ပူးလိုက်ပြီး ဓားကိုင်ထားသည့် လက်ကို ခပ်ဆတ်ဆတ် ပင့်တင်လိုက်၏။

ကွမ်းလူ၏ လက်တစ်ဖက် အပေါ် မြှောက်တက်လာလေသည်။



ထိုအခါမှ ကျင်းစန်းက ကွမ်းလူ၏ ချိုင်းအောက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

‘ဒုတ်’

‘အင့်’

အရိုးကျိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ကွမ်းလူ၏ မျက်နှာကြီး ရှုံ့မဲ့သွားသည်။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

ဒေါက်ခနဲ မြည်သံနှင့်အတူ သူကိုင်ဆောင်ထားသည့် ဓားမှာ ကြမ်းပြင်ပေါ် လွတ်ကျသွား၏။

ကွမ်းလူကား ကျင်းစန်းအား ထပ်မံတိုက်ခိုက်ရန် ကြိုးစားဝံ့တော့မည် မဟုတ်ချေ။

ကျင်းစန်းက တည်ကြည်သော မျက်နှာထားဖြင့် မေးလိုက်၏။

‘သူဌေးကြီးလီကျုံး ဘယ်မှာလဲ’

ကွမ်းလူ၏ တပည့်များသည် ကျင်းစန်းအား မသိမသာ ဝိုင်းရံထားလိုက်သည်။

သို့သော် ဝင်ရောက်တိုက်ခိုက်ခြင်း မပြုဝံ့ကြချေ။

ကွမ်းလူက ဘာမှ မပြောဘဲ ငြိမ်နေလိုက်၏။

ကျင်းစန်းက

‘ကျုပ်မေးတာ ဖြေပါ၊ လီကျုံး ဘယ်မှာလဲ‘

‘မရှိပါဘူးဗျာ’

‘သူ ဘယ်ကိုသွားသလဲ’

‘သူဌေးကြီးဟာ ဈေးဆိုင်မှာ ရှိနေပါလိမ့်မယ်’

ကျင်းစန်း အနည်းငယ် စဉ်းစားလိုက်သည်။

'ကောင်းပြီ တစ်ယောက်ယောက်ကို လွှတ်ပြီး ခေါ်ခိုင်းလိုက်စမ်းပါ'

'ဒါ ဒါတော့ မဖြစ်ဘူးဗျ'

ကွမ်းလူက ကန့်ကွက်လာပါသည်။

'ဘာဖြစ်လို့လဲ'

'သူဌေးမင်းက ကျုပ်ကို အပြစ်တင်မှာပေါ့ဗျ'

ကျင်းစန်း မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားတို့ မကောင်းမှုတွေ လုပ်တုန်းကတော့ လုပ်ခဲ့ကြပြီး အခုမှ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်မှာ ကြောက်နေလို့ ဖြစ်မတဲ့လား၊ ဒီဆိုင်ဟာ သူဌေးကြီးလီကျုံး ပိုင်ဆိုင်တဲ့အတွက် သူ့မှာ တာဝန်ရှိတယ်၊ သူ့ကို ခေါ်ခိုင်းလိုက်ပါ'

ကွမ်းလူ ခေါင်းယမ်းလိုက်လေသည်။

'သူဌေးကြီးနဲ့ မဆိုင်ပါဘူး၊ လောင်းကစားဝိုင်းတွေကို သူဌေး မသိအောင် ကျုပ်က တိတ်တဆိတ် ဖွင့်ထားတာပါ'

'ဘာဗျ'

ကွမ်းလူသည် သူဌေးကြီးလီကျုံးအပေါ် အပြစ်ပုံကျမည်ကို စိုးရိမ်ကာ သူတစ်ယောက်တည်း ရှိသမျှ အပြစ်အားလုံး စုခံရန် ကြိုးစားလိုက်ခြင်းဖြစ်၏။

သူဌေးကြီးလီကျုံးအား ကာကွယ်လိုက်ခြင်းဖြစ်သည်။ ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

လောင်းကစားဝိုင်းနှင့် အပျော်မယ်များ ထားရှိခြင်းမှာ လီကျုံး၏ လက်ချက်သာလျှင် ဖြစ်သည်။



ကွမ်းလူတို့ လူစုသည် လီကျုံး စေခိုင်းသည့်အတိုင်း တသဝေမတိမ်း ပြုလုပ်ရသူများဖြစ်သည်။

ကွမ်းလူသည် လီကျုံးအပေါ် အပြစ်မရောက်ရလေအောင် ကာကွယ်နေသည်။

ဤသည်ကို ကျင်းစန်း သိသည်။

'သူဌေးကြီးမသိအောင် ကျုပ်တို့ ခိုးပြီး လုပ်ကြတာပါ၊ ဒီကိစ္စဟာ သူဌေးကြီးနဲ့ ဘာမှ မဆိုင်ပါဘူး'

ကျင်းစန်းကလည်း အလျှော့မပေးပါ။

'ဘာပဲဖြစ်ဖြစ် လီကျုံးနဲ့ ကျုပ် တွေ့ရမှ ဖြစ်မယ်၊ သူ့ကို ခေါ်လိုက်ပါ'

ကွမ်းလူ သက်ပြင်းချလိုက်သည်။

ကျင်းစန်းအား တားဆီးနိုင်ခြင်း မရှိလျှင် သူတို့အားလုံး ဒုက္ခရောက်ရမည်မှာ ထင်ရှားလှသည်။

သူဌေးကြီးလီကျုံး၏ အကြံအစည်များလည်း ပျက်စီးကုန်မည်ဖြစ်သည်။

ကျင်းစန်းအား ရှင်းပစ်ရန်လည်း သူမတတ်နိုင်ပါချေ။

ထို့ကြောင့်

'ဟေ့ သူဌေးကြီးဆီသွားပြီး အကျိုးအကြောင်း ပြောပြလိုက်ပါ'

သူ၏ လူတစ်ယောက်ကို လှမ်းပြီး အမိန့်ပေးလိုက်သည်။

အခြေအနေ စောင့်ကြည့်နေကြသူများအနက် တစ်ယောက်က ဦးညွှတ်ပြီး ပြေးထွက်သွားသည်။

ကျင်းစန်း; ကျေနပ်သွားသည်။

မကြာမီ သူဌေးကြီးလီကျိုး ရောက်ရှိလာပေတော့မည်။

ထိုအခါ ဤရွာမှ အမြန်ဆုံး ထွက်သွားပါဟူသော စကားကို သူ ပြောနိုင်တော့မည် မဟုတ်ပါလား။

'ဘာဖြစ်နေကြတာလဲဟေ့'

ရုတ်တရက် ကျယ်လောင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ကျင်းစန်း လှမ်းကြည့်လိုက်သည်။

ထိုအခါ လူတစ်ယောက် ဆိုင်ထဲ လှမ်းဝင်လာသည်ကို တွေ့မြင်ရသည်။

'ဟော သူဌေးကြီး ရောက်လာပြီ'

ကွမ်းလူ ဝမ်းသာအားရ ရေရွတ်လိုက်သည်။

သူဌေးကြီးလီကျိုး ရောက်ရှိလာပြီ ဖြစ်သည်။

လီကျိုးက ကျင်းစန်းအား တွေ့သည်နှင့် အာမေဋိတ်စကား ဆို၏။

'ဩော် ရွာသူကြီး ရောက်နေတာကိုး'

ကျင်းစန်းက

'ခင်ဗျားရဲ့ ဆိုင်မှာ လောင်းကစားဝိုင်းဖွင့်ထားတယ်ဆိုတဲ့ သတင်းကြောင့် ကျုပ်လာခဲ့တာပဲ'

'လောင်းကစားဝိုင်း ဟုတ်လား'

'ဟုတ်တယ်'

'ပေါက်ပေါက်ရှာရှာဗျာ၊ ကျုပ်က ဒီလို မကောင်းတဲ့အလုပ်မျိုး မလုပ်ပါဘူး'

ကျင်းစန်း မကျေမနပ် ဖြစ်သွားသည်။



ကွမ်းလူကို ညွှန်ပြကာ

'သူက အမှန်အတိုင်း ဝန်ခံထားပြီးပြီဗျ'

လီကျိုး ရယ်မောလိုက်သည်။

'ဟား ဟား ဟား သူ့ကို ကြည့်ရတာ ခင်ဗျားကို ကြောက်လို့ လျှောက်ပြောတာပဲ ဖြစ်ပါလိမ့်မယ်။ ဘာလောင်းကစားဝိုင်းမှ မရှိပါဘူးဗျာ၊ ခင်ဗျား မကျေနပ်ရင် ရှာကြည့်နိုင်ပါတယ်၊ ရှာပါဗျာ ရှာပါ'

'ဘာ'

ကျင်းစန်း ဒေါပွသွားတော့သည်။

လီကျိုးက

'ခင်ဗျား လိုက်ရှာကြည့်ပါလားဗျာ'

'ကောင်းပြီ'

ကျင်းစန်း သီးသန့်အခန်းတွင်းသို့ ဖျတ်ခနဲ လှမ်းဝင်လိုက်၏။

အခန်းတွင်းဝယ် ရှင်းရှင်းလင်းလင်းဖြစ်နေပါ၏။

ဤအခန်းတွင်း၌ လောင်းကစားဝိုင်းများ တိတ်တဆိတ် ဖွင့်လှစ်ထားသည်ဟု သတင်းရထားပြီး ဖြစ်သည်။

ယခုမူ လောင်းကစားဝိုင်းဟူသည့် အရိပ်အယောင်ပင် မရှိပါချေ။

'တောက်'

ကျင်းစန်း မကျေမနပ် တက်ခေါက်လိုက်သည်။

သူဌေးကြီးလီကျိုးကို ကြည့်ကာ

'ခင်ဗျား လူလည်ကျလို့ မရဘူး၊ ခင်ဗျားဖွင့်ထားတဲ့ လောင်းကစားဝိုင်းကို ရောက်ဖူးတဲ့ ရွာသားတွေကို ကျုပ် ခေါ်လာခဲ့မယ်။

သက်သေရှိနေပြီဆိုရင် ခင်ဗျား ဒီရွာက ထွက်သွားရလိမ့်မယ်'

လီကျုံး ခေါင်းညိတ်လိုက်သည်။

'စိတ်ချ ကျုပ်က မဟုတ်တာ လုပ်နေတယ်လို့ သက်သေခံမယ့်လူ ရှိရင် ကျုပ် ဒီရွာက ထွက်သွားပါ့မယ်'

'ခင်ဗျား စကား ခင်ဗျား မှတ်ထားပေတော့'

ကျင်းစန်းလည်း လီကျုံး၏ လူများကို တွန်းဖယ်ကာ ဆိုင်အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

ကွမ်းလူက လီကျုံးအနီးသို့ လျှင်မြန်စွာ ချဉ်းကပ်လာသည်။

'သူဌေးမင်း သူ့ကို လွှတ်ပေးလိုက်လို့ မဖြစ်ဘူးထင်တယ်၊ သူက'

စိုးရိမ်သော လေသံဖြင့် ပြောသည်။

လီကျုံး လက်ကာပြလိုက်သည်။

'ကိစ္စမရှိဘူး၊ ရွာထဲ ပြန်ရောက်သွားရင် ငါတို့ကိစ္စကို ခေါင်းထဲ ထည့်မထားနိုင်အောင် ဒုက္ခကြီးတစ်ခုက သူ့ကို စောင့်နေလိမ့်မယ်'

ကွမ်းလူ မျက်မှောင်ကြုတ်သွား၏။

သူဌေးကြီးလီကျုံး ပြောသည့်စကားကို သူ ကောင်းစွာ နားမလည်ချေ။

သို့သော် ကျင်းစန်း အကြီးအကျယ် ဒုက္ခရောက်ရတော့မည်ဟုကား တွေးမိလေ၏။

ကျင်းစန်း ဒုက္ခရောက်အောင် သူဌေးကြီးလီကျုံးက မည်သို့စီစဉ်ထားပါသနည်း။

ကျင်းစန်း ဒုက္ခကို မကြာမီ တစ်ရွာလုံး သိရှိသွားကြလေ



တော့သည်။

✳

'ညီမရေ ညီမ'

ကျင်းစန်းက တကြော်ကြော် ခေါ်ကာ အိမ်ပေါ်သို့ တက်လှမ်းလာသည်။ အိမ်တံခါး ဟာလာဟင်းလင်း ပွင့်နေသည်။

ကျင်းစန်း မျက်မှောင်ကြုတ်သွား၏။

'ညီမ ညီမ'

ခေါ်ရင်း ဟိုဟိုသည်သည် ကြည့်လိုက်၏။

အိမ်ထဲမှ ပစ္စည်းပစ္စယများ ရှုပ်ပွနေပါသည်။

စားပွဲ ကုလားထိုင်များ အလဲလဲ အပြိုပြို ဖြစ်နေသည်။

'ဟင်'

ကျင်းစန်း စိတ်လှုပ်ရှားသွားသည်။

သူ့ကိုယ်သူ မထိန်းနိုင်တော့ချေ။

အိမ်ထဲဝယ် ရန်းရင်းဆန်ခတ်မှုတစ်ခု ဖြစ်သွားကြောင်း ထင်ရှားနေပေသည်။

ပစ္စည်းများက သက်သေပြနေသည်။

'ညီမ ညီမ သားလေး'

ကျင်းစန်းက စိုးရိမ်တကြီးခေါ်ကာ တစ်အိမ်လုံးအနှံ့ လိုက်လံရှာဖွေမိသည်။

သို့သော် ဇနီးသည်နှင့် သားလေး ကျင်းဖုံးတို့ကို မတွေ့ရချေ။

အိမ်နီးနားချင်းများကို မေးမြန်းစုံစမ်းကြည့်ရန် အိမ်အပြင်သို့ ထွက်လိုက်သည်။

ထိုစဉ်

'မိတ်ဆွေကြီး မိတ်ဆွေကြီး'

ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျင်းစန်း လှမ်းကြည့်လိုက်ရာ လူတစ်စု ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။

ဦးဆောင်လာသူမှာ လီကျိုးဖြစ်သည်။

လီကျိုး၏ မျက်နှာကို မြင်လျှင် ကျင်းစန်း၏ မျက်နှာတင်းမာ ခက်ထန်သွားသည်။

'သူ့လက်ချက်ပဲ ဖြစ်ရမယ်'

စိတ်ထဲမှ တီးတိုးရေရွတ်လိုက်သည်။

လီကျိုးသည် ကျင်းစန်းကို ပြောလိုက်၏။

'မိတ်ဆွေကြီး၊ ခင်ဗျားဇနီးကို လူတစ်စုက ရွာအပြင် တောအုပ်ထဲ အတင်းအဓမ္မ ခေါ်သွားတာ တွေ့ရတယ်လို့ ကျူပ်တပည့်တွေက ပြောတယ်၊ မြန်မြန်လာဗျို့'

ကျင်းစန်း စိတ်လှုပ်ရှားသွားသည်။

'ခင်ဗျားလူတွေ တွေ့လိုက်တယ် ဟုတ်လား'

'ဟုတ်တယ် မြန်မြန်လာ'

ပြောပြောဆိုဆို လီကျိုးက ပြေးထွက်သွားသည်။

ကျင်းစန်း မနေသာတော့ချေ။

လီကျိုးနောက်သို့ ပြေးလိုက်သွား၏။

လီကျိုးသည် ရွာတောင်ဘက်သို့ ပြေးလွှားသွားလေသည်။

ရွာသူရွာသားများသည် လီကျိုးတို့ လူစုနှင့် ကျင်းစန်း ပြေးလွှားသွားနေသည်ကို မြင်လျှင် ထွက်ကြည့်ကြသည်။

သို့သော် တစ်ယောက်တစ်လေမျှပင် လိုက်လာခြင်း မရှိကြ



ချေ။

ရွာအပြင်ဘက်တွင် တောအုပ်ကြီးတစ်ခု ရှိနေပါသည်။

ရွာနှင့် အတော်ဝေးဝေးရှိ လူပြတ်သော တောအုပ်ထဲ ရောက်သွားမှ လီကျိုးက ခြေလှမ်းရပ်လိုက်သည်။

ကျင်းစန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး

'ကျူပ်ဇနီးနဲ့ ကလေး မတွေ့သေးပါလား'

ဟု အလောတကြီး မေးလေသည်။

လီကျိုး လက်ကာပြလိုက်သည်။

'တွေ့ရမှာပေါ့ဗျာ၊ လူဆိုးတွေက ဒီတောအုပ်ထဲ ခေါ်လာတယ်ဆိုတာ ကျူပ်လူတွေ ပြောပြခဲ့ပါတယ်၊ ဟော ဟိုမှာ ကြည့်စမ်း'

တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်သည်။

ကျင်းစန်းက လှမ်းကြည့်လိုက်လေသည်။

လီကျိုး ညွှန်ပြသည့်နေရာတွင် ဘာဆိုဘာမျှ မတွေ့ရချေ။

ကျင်းစန်း မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားက'

ကျင်းစန်းက နောက်သို့ လှည့်မေးရန် ဟန်ပြင်လိုက်စဉ်မှာပင် နောက်ကျောဘက်မှ လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျင်းစန်း ရင်ထိတ်သွားသည်။

ကပျာကယာ ဘေးသို့ ခုန်ထွက်လိုက်သည်။

သူ့အား အလစ်တိုက်ခိုက်လာသူမှာ လီကျိုး ဖြစ်သည်။

ကျင်းစန်း ဒေါပွသွားသည်။

'ခင်ဗျား ဘာလုပ်တာလဲ'

'ဟား ဟား ဟား'

လီကျုံး သဘောကျစွာ ရယ်မောလိုက်၏။

ကျင်းစန်းက

'ခင်ဗျား အကြံ အကုန်ပဲလား'

လီကျုံးက

'ကျင်းစန်း ဒီရွာကလေးဟာ ဘယ်လောက် အချက်အချာကျသလဲဆိုတာ ခင်ဗျား မသိသေးဘဲကိုး၊ ခင်ဗျားသာ ကျုပ်နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မကြာခင် ကျုပ်တို့ဟာ တစ်သက်စားမကုန်နိုင်တဲ့ စည်းစိမ်ပိုင်ရှင် တန်ခိုးအာဏာပိုင်ရှင်တွေ ဖြစ်လာကြမှာပဲဗျ'

လီကျုံးသည် အလွန်ပင် အကြံကြီးသူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေတော့သည်။

သူကား ဝိသမလောဘ သားတည်း။

ကျင်းစန်းက တင်းမာသော မျက်နှာထားဖြင့်

'ခင်ဗျားတို့ ဒီရွာက အမြန်ဆုံး ထွက်သွားကြပါ'

လီကျင်း ရယ်မောလိုက်၏။

'ဟား ဟား ဟား၊ ခင်ဗျားက ကျုပ်လက်ခုပ်ထဲက ရေဖြစ်နေပြီဆိုတာ မေ့နေပြီလား'

ကျင်းစန်း ဘာမျှ မပြောတော့ပါ။

တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

လီကျုံးက

'ဒေါသမကြီးပါနဲ့လေ၊ ဟိုမှာ ကြည့်ပါဦး'

ယခုတစ်ကြိမ် ကျင်းစန်းက လီကျုံး ညွှန်ပြရာသို့ မကြည့်ပါ။

လီကျုံးကိုသာ စိုက်ကြည့်နေသည်။



လီကျုံး လက်ခုပ်တီးလိုက်သည်။

'ဖြောင်း ဖြောင်း ဖြောင်း'

လက်ခုပ်တီးသံနှင့် မရှေးမနှောင်းမှာပင် သိုင်းသမားတစ်ယောက်သည် အမျိုးသမီးတစ်ယောက်အား ဆွဲထုတ်လာသည်။

'လွှတ် လွှတ် လူယုတ်မာတွေ လွှတ်စမ်း'

အော်ငေါက်သံများ ထွက်ပေါ်လာသည်။

ကျင်းစန်းက ကပျာကယာလှမ်းကြည့်လိုက်သောအခါ ဝါးမေမှာ လီကျုံး၏ တပည့်များ လက်ထဲ၌ ရုန်းရင်းကန်ရင်း ပါလာသည်ကို တွေ့မြင်လိုက်ရသည်။

'ညီမ'

ကျင်းစန်း လွှတ်ခနဲ ခေါ်လိုက်သည်။

ဝါးမေသည် ကျင်းစန်းကို တွေ့မြင်သွားလျှင်

'အစ်ကို ညီမကို ကယ်ပါဦး'

ဟု လှမ်းပြီး အကူအညီတောင်းလေတော့သည်။

ကျင်းစန်း ဒေါသအမျက် ခြောင်းခြောင်းထွက်သွား၏။

'လူယုတ်မာတွေ လွှတ်လိုက်စမ်း'

အော်ငေါက်ရင်း ရှေ့သို့ ခုန်ဝင်သွားသည်။

'ရပ်လိုက်'

လီကျုံးက ဟန့်တားလိုက်၏။

သူက ကျင်းစန်းအား စေ့စေ့ကြည့်ရင်း

'ခင်ဗျား ကျုပ်နဲ့ ပူးပေါင်းပါ၊ ဒါမှမဟုတ်ရင် ခင်ဗျား ဇနီးနဲ့ ကလေးကို ရှင်းပစ်ရမှာပဲ'

ကျင်းစန်းက

'လူယုတ်မာ မင်းနဲ့ ဘယ်တော့မှ မပူးပေါင်းဘူးဆိုတာ မှတ်ထားပါ'

သူက ဒေါသတကြီး အော်ဟောက်လိုက်၏။

လီကျိုး၏ မျက်နှာ တင်းမာ ခက်ထန်သွား၏။

သူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။

မရှေးမနှောင်းမှာပင်

'အမလေး'

စူးရှသော အော်သံတစ်ချက် ထွက်ပေါ်လာပြီး ဝါးမေမှာ မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွား၏။

သူမ၏ လည်ဂုတ်တွင် သွေးခြင်းခြင်း နီရဲနေ၏။

ကျင်းစန်း၏ မျက်လုံးများ ပြာဝေသွား၏။

'ညီမ ညီမ'

သူက အထိတ်တလန့် အော်ဟစ်လိုက်၏။

တစ်ဆက်တည်းပင်

'လူယုတ်မာ သေပေတော့'

အော်ဟစ်ရင်း လီကျိုးအား တိုက်ခိုက်လိုက်၏။

လီကျိုးက နောက်ဆုတ် ရှောင်တိမ်းလိုက်၏။

သူက ကျင်းစန်းအား စိုက်ကြည့်လိုက်ပြီး

'မင်းရဲ့ သား သေသွားစေချင်သလား'

'ဘာ'

ကျင်းစန်း ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ထိုစဉ်မှာပင် သိုင်းသမားနှစ်ယောက်သည် ကလေးငယ်တစ်ယောက်အား ခေါ်ဆောင်လာသည်။



ကလေးငယ်မှာ ကျင်းစန်း၏ သား ကျင်းဖုံးပင် ဖြစ်ပေတော့သည်။

'သား'

ကျင်းစန်း လွှတ်ခနဲ ခေါ်လိုက်၏။

'ဖေဖေ ဖေဖေ'

ကျင်းဖုံးသည် ဖခင်ကို မြင်လျှင် တကြော်ကြော် ခေါ်ကာ ငိုကြွေးနေလေတော့သည်။

တစ်ဆက်တည်းပင် သိုင်းသမားနှစ်ယောက် လက်ထဲမှ ရုန်းထွက်ကာ ကျင်းစန်းထံ ပြေးလွှားသွားသည်။

လီကျိုး ရင်ထိတ်သွား၏။

'မပြေးနဲ့'

အော်ဟောက်ရင်း အနီးရှိ သိုင်းသမားတစ်ယောက်ထံမှ ဓားကို ဆွဲယူကာ ပစ်ပေါက်လိုက်၏။

ကျင်းစန်း ရင်ထိတ်သွားသည်။

'သား'

အော်ဟစ်ရင်း ပြေး၍ ပွေ့ဖက်ကာ မြေပေါ်လှဲချလိုက်သည်။

ထိုအခါ လီကျိုး ပစ်ပေါက်လိုက်သည့် ဓားသည် ကျင်းဖုံးကို မထိဘဲ ကျင်းစန်း၏ နောက်ကျောအား စိုက်ဝင်သွားလေ၏။

'ဒုတ်'

'အင့်'

ကျင်းစန်း မသဲမကွဲ ညည်းညူလိုက်သည်။

လီကျိုး မျက်နှာ ပျက်သွားသည်။

ကျင်းစန်းအား အသုံးချရန်သာ စိတ်ကူးထားပြီး ယခုလို

ရှင်းပစ်သည့် အခြေအနေ ရောက်မည်ဟု မထင်ခဲ့ချေ။

ကျင်းစန်းကို လက်လွှတ်လိုက်ရပြီ ဖြစ်သည်။

ကျင်းစန်းမှာ ချက်ကောင်းထိသွားပေသည်။

'ဖေဖေ ဖေဖေ'

ကျင်းဖုံးက တကြော်ကြော် ခေါ်လိုက်သည်။

ကျင်းစန်းက မထူးနိုင်တော့ချေ။

ထိုအချိန်တွင်

'အင်း အင်း'

ညည်းညူသံနှင့်အတူ ဝါးမေမှာ လူးလိမ့်ထလာ၏။

'မေမေ'

ကျင်းဖုံးက မိခင်ထံ ပြေးသွားရန် ဟန်ပြင်လိုက်သည်။

လီကျုံးက အံကြိတ်လိုက်၏။

'အခုမှတော့ မထူးတော့ပါဘူးကွာ'

ပြောပြောဆိုဆို ဝါးမေထံ ချဉ်းကပ်သွားသည်။

ကျင်းဖုံး ထိတ်လန့်သွားသည်။

'မေမေ မေမေ့ကို မသတ်ပါနဲ့'

အော်ဟစ် တောင်းပန်သည်။ သို့သော် လီကျုံးက ဂရုမစိုက်ပါချေ။

ဝါးမေ၏အနီးသို့ ရောက်သည်နှင့် လက်ပြန်ရိုက်ချလိုက်လေသည်။

သေလုသေခင်ဖြစ်နေသော ဝါးမေသည် ဆိုးဝါးသောအဖြစ်နှင့် ကြုံရရှာသည်။

'အမလေး'



ဝါးမေ စူးစူးဝါးဝါး အော်ဟစ်လိုက်၏။

ကျင်းဖုံးသည် မိဘနှစ်ပါး၏ အဖြစ်ဆိုးကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရလေတော့သည်။

ကျင်းဖုံးမှာ မျက်စိရှေ့မှောက်တွင် ရှိနေသည့် လီကျုံး၏ မျက်နှာကို မမြင်ပါ။

တစ္ဆေသရဲတစ်ကောင်၏ မျက်နှာမျိုး ဖြစ်နေသည်ဟု ထင်မှတ်မိသည်။

'ဟား ဟား ဟား'

လီကျုံး သဘောကျစွာ ရယ်မောလိုက်၏။

ထိုစဉ် ကွမ်းလူက လီကျုံးအနီးသို့ ချဉ်းကပ်လာပြီး

'သူဌေးမင်း ဒီကောင်လေးကိုကော **တစ်ခါတည်း** ရှင်းပစ်လိုက်မလား'

သူက ကျင်းဖုံးအား ညွှန်ပြကာ ပြောလာသည်။

လီကျုံးက ကျင်းဖုံးအား စိုက်ကြည့်လိုက်၏။

ကျင်းဖုံး၏ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသည်။

လီကျုံးက ပြုံးလိုက်ပြီး

'သူ့ကို ရှင်းပစ်စရာ မလိုဘူး'

'ဗျာ'

ကွမ်းလူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူက လီကျုံးအား ကြည့်လိုက်ပြီး

'ဘာဖြစ်လို့လဲ သူဌေးမင်း'

လီကျုံးက သွေးအေးစွာ ပြောသည်။

'သူတို့ တစ်မိသားစုလုံး သေသွားပြီဆိုရင် လူတွေက ကျုပ်

အပေါ် သက်ဘမကင်း ဖြစ်လာကြမှာပေါ့'

ကွမ်းလူက

'ဒါ လွယ်ပါတယ်၊ သူဌေးကို အာခံမယ့် ရွာသားတွေကို ရှင်းပစ်လိုက်ရုံပေါ့'

လီကျိုး ခေါင်းခါယမ်းလိုက်သည်။

'ရွာသားတွေကို ရှင်းပစ်ဖို့ မဖြစ်ဘူး။ ကျုပ်တို့က ဒီရွာမှာ ခြေကုပ်ယူထားရမှာ မဟုတ်လား၊ ဒီအတွက် မပူပါနဲ့၊ ကျုပ်မှာ နည်းလမ်းကောင်းတစ်ခု ရှိပါတယ်'

ကွမ်းလူက

'ဘာများလဲ'

လီကျိုးက

'ကျုပ်က ကျင်းစန်းရဲ့သားကို မွေးစားမယ်'

'ဗျာ'

မမျှော်လင့်သော စကားကြောင့် ကွမ်းလူ ပါးစပ် အဟောင်းသား ဖြစ်သွား၏။

လီကျိုးကိုလည်း နားမလည်နိုင်သော မျက်လုံးဖြင့် စိုက်ကြည့်လိုက်၏။

လီကျိုးက ပြုံးလိုက်ပြီး

'ကျင်းစန်းဟာ ရန်သူတွေကို ရင်ဆိုင်ရင်း သေဆုံးသွားမယ်၊ ဝါးမေလည်း ရန်သူလက်ချက်ကြောင့် သေဆုံးသွားမယ်၊ ဒါကြောင့် ကျန်ရစ်ခဲ့မယ့် သူတို့ရဲ့ ကလေးကို ကျုပ်က မွေးစားထားလိုက်ရင်'

သူက စကားတစ်ပိုင်းဖြင့် ရပ်ထားလိုက်၏။

အဖြစ်မှန်ကို မသိတော့ ရွာသူရွာသားများသည် ကျင်းစန်းတို့



ဇနီးမောင်နှံ ရန်သူလက်ချက်မိကာ သေဆုံးသွားပြီး ကျန်ရစ်ခဲ့သည့် ကျင်းဖုံးအား လီကျိုးက မွေးစားလိုက်မည်ဆိုလျှင် လီကျိုးကိုပင် အထင်ကြီး လေးစားလာမည် ဖြစ်လေတော့သည်။

ကွမ်းလူ သက်ပြင်းချလိုက်၏။

'ဒီကလေးက အဖြစ်မှန်တွေကို ပြောပြလိုက်ရင်ကော'

လီကျိုး ပြောလိုက်၏။

သူ၏ အပြုံးမှာ ရက်စက်သော အပြုံးမျိုး ဖြစ်ပါသည်။

သူက နောက်သို့ လှည့်လိုက်ပြီး ခေါ်လိုက်၏။

'ယန့်ချီ'

အနက်ရောင်ဝတ်ဆင်ထားသော သိုင်းသမားတစ်ဦး လှမ်းထွက်လာသည်။

'အမိန့်ရှိပါ သူဌေးမင်း'

လီကျိုးက

'ဆိုင်တာဝန်ခံလီကို သွားခေါ်လိုက်ပါ'

'ဟုတ်ကဲ့'

ယန့်ချီက ချာခနဲ လှည့်ထွက်သွား၏။

မကြာမီ ယန့်ချီနဲ့ ခန္ဓာကိုယ် ဝဖိုင့်သောသူတစ်ယောက် ပါလာ၏။

ဆိုင်တာဝန်ခံလီပင် ဖြစ်သည်။

တာဝန်ခံ လီက လီကျိုး ရှေ့တွင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ရပ်လိုက်၏။

သူ တုန်လှုပ်နေသည်။

လီကျိုးက တာဝန်ခံလီအား စေ့စေ့ကြည့်လိုက်သည်။

'စားသောက်ဆိုင်ကို ကျင်းစန်း ရောက်လာတာ မသိရအောင် မင်းက ဘာလုပ်နေသလဲ'

သူ၏ လေသံမှာ အေးစက် တင်းမာလှ၏။

တာဝန်ခံ လီ မျက်နှာပျက်သွား၏။

သူက ထစ်ထစ်ငေါ့ငေါ့ဖြင့်

'ဟို ဟို'

လီကျုံး၏ မျက်နှာ တင်းမာသွားသည်။

'မင်းကိုယ်တိုင် လောင်းကစားနေတယ်မဟုတ်လား'

တာဝန်ခံလီ မျက်နှာပျက်သွား၏။

'ပြောလေ'

လီကျုံးက ထပ်မေး၏။

တာဝန်ခံလီ ခေါင်းညိတ်လိုက်၏။

'ဟုတ် ဟုတ်ပါတယ်'

'ဒါဖြင့် မင်းက တာဝန် ပေါ့လျော့တယ်ပေါ့'

'ဟုတ် ဟုတ်ပါတယ်'

လီကျုံး ပြုံးလိုက်ပြန်သည်။

'တာဝန်ပေါ့လျော့တဲ့လူဟာ ဘယ်လို အပြစ်ပေးခံရတယ်ဆိုတာ မင်းသိတယ် မဟုတ်လား'

တာဝန်ခံလီ၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာသည်။

'သိ သိပါတယ် သူဌေးမင်း ကျုပ်ကို ခွင့်လွှတ်ပါခင်ဗျာ'

လီကျုံး နှာခေါင်းရှုံ့လိုက်၏။

'မင်း နောက်ကျသွားပြီ'



စကားဆုံးလျှင် လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာပြီး

'အား'

တာဝန်ခံလီမှာ စူးရှစွာ အော်ရင်း မြေပေါ် လဲကျသွားလေသည်။

တာဝန်ခံလီ၏ သွေးများမှာ ကျင်းဖုံး၏ မျက်နှာသို့ပင် စင်ကာ ပေကျံကုန်သည်။

ကျင်းဖုံးမှာ ဖော်မပြတတ်အောင် ကြောက်ရွံ့သွားမိသည်။

ကြောက်ရွံ့မှုကြောင့် ကျင်းဖုံးမှာ ကျောက်ရုပ်တစ်ရုပ်ပမာ ဖြစ်သွားခဲ့ရသည် မဟုတ်ပါလား။

လီကျုံးက ကျင်းဖုံးအား ကြည့်လိုက်သည်။

'မင်း တွေ့ကြုံခဲ့သမျှ တစ်စုံတစ်ယောက်ကို ပြန်ပြောမယ်ဆိုရင် အခုလို ဖြစ်သွားမယ်ဆိုတာ နားလည်သား ကြားလား'

ကျင်းဖုံး ကြောက်ရွံ့ တုန်လှုပ်စွာဖြင့် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ် ဟုတ်ကဲ့'

သူ၏ စကားသံမှာ ခြောက်သွေ့အက်ကွဲ၍ နေသည်။

လီကျုံးက ကွမ်းလူအား ကြည့်လိုက်သည်။

ထို့နောက် မြေပေါ်လဲကျနေသည့် တာဝန်ခံလီအား ညွှန်ပြလိုက်ပြီး–

'ရှာသူကြီး ကျင်းစန်းတို့ လင်မယားကို သတ်ပစ်လိုက်တဲ့ တရားခံဟာ သူပဲ။ ငါပြောတာ မင်းတို့ နားလည်ကြတယ် မဟုတ်လား'

ကွမ်းလှူ ကမျှာကယာ ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ နားလည်ပါတယ်'

လီကျူးက ကျင်းဖုံးအား တစ်ချက် ကြည့်လိုက်ပြီး ထိုနေရာမှ လှည့်ထွက်လာခဲ့လေတော့သည်။

စာစဉ်(၁) ပြီး၏။

စာစဉ် (၂) ဆက်လက် ဖတ်ရှုပါရန်